www.burmeseclassic.com

ရွှင်ဘုရင် စာပေ

# ရာဇဝင်ကို

## ဆော်ကြည်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

# ဆော်ကြည်ဝိုင်

## ရာဇဝင်ကို

### ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဥ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း။
ပန်းဘဲတန်းမြို့နယ်၊
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ံပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - မြည်မြိုး
အတွင်းဖလင် - ကိုပေါက် (၀၉-၄၂၀၂၄၃၃၂၇)
မျက်နှာဖုံးဒီဇိုင်း - ရဲလေး
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၅၊ စက်တင်ဘာလ
အုပ်ရေ/တန်ဖိုး - ၅၀၀ အုပ်/၁၅၀ကျပ်
ဖြန့်ချိရေး - ခုနစ်စဥ်ကြယ်စာပေ
အမှတ်၁၈၂ (B)၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၀၅၁၆၆၄၀၉၇၃၁၂၆၃၅၀

၈၉၅ .၈၃
ဆော်ကြည်ဝိုင်
ရာဇဝင်ကို/ဆော်ကြည်ဝိုင်။-ရန်ကုန်၊
ခုနစ်စဥ်ကြယ်စာပေ၊ ၂၀၁၅။
၂၀၈-စာ၊၁၃× ၂၀စင်တီ။
(၁)ရာဇဝင်ကို

www.burmeseclassic.com

www.burmeseclassic.com

တော်ကီမှုန်းသို့···
လာသမျှတွေကို ပယ်
ဒီမှာလေ···ကျုပ်က···
ဆော်ကြည့်လွှမ်းလို့ ခါချနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## ရန်ကုန်မြို့ (၁)

"ရှင့်လိုပေါက်ခေါ် ဥသျှစ်သီးဖွန်းမလိုက ကျွန်မကိုချစ်တယ်၊ ဟုတ်လား။ ဟက်ဟက် … ရယ်ရတယ်ရှင်၊ ကိုယ့်ရုပ်ကိုယ်လည်း မှန်ထဲပြန်ကြည့်စမ်းပါဦး။ တစ်နေကုန် မှန်ဘီလူးနဲ့ အသေးစိတ်လိုက်ရှာရင်တောင် ရင်ခုန်ချင်စရာ တစ်ကွက်မှမရှိတဲ့ ရုပ်နဲ့များ။ ကျွန်မကို ချစ်တယ်ဆိုတော့ ဆုတောင်းလေ၊ ပူပေါင်းတော့ ရချင်ရမယ်၊ ကျွန်မအချစ်တော့ ဘယ်တော့မှ ရမှာမဟုတ်ဘူး"

ကြည့်စမ်းပါဦး။ ပြောရက်လိုက်တာ။ ပြောရက်လိုက်တာဆိုတာ များများ ကိုယ့်ကိုများ နှစ်ပြားမပြောနဲ့ တစ်ပြားခွဲတောင်မတန်အောင် ပြောလိုက်တာဆိုတာများ။

ကိုယ့်ရုပ်က ဘာများဖြစ်နေလို့လဲ။ အသားလည်း ဖြူတာပဲ။ ဘော်ဒီ





ကလည်း အတောင့်ကြီးမဟုတ်တောင် နှံရိုးပတ္တလားတော့လည်း မဟုတ်ရပါဘူး။ အားကိုးရလောက်တဲ့ ဘော်ဒီပါ။ ဒါလည်း သိပ်တော့မဆိုင်ပါဘူးလေ။ လောကမှာ အသက်ရှင်ရပ်တည်ဖို့က ဟောဒီလို ဂလိုဘယ်လိုက်ဖေးရှင်းခေတ်ကြီးထဲမှာ ဗလမလိုဘူး။ ဖပဲ လိုတယ်။ ဦးနှောက်မဲလိုတယ်ဆိုတာ ဒီကောင်မလေး မသိလေရော့သလား။ ဟိုနို့ဆိကြော်ငြာကို မကြည့်ဖူးဘူးလားမသိ။

ပြီးတော့ ကိုယ့်မှာ နောက်ခံကလည်း တောင့်ပြီးသား။ ဒင်းလေးကို အကြိုအကြားမကျန်တောင် စိန်စီပေးထားလို့ရသေးတယ်။

ကိုယ့်မှာ သိသာထင်ရှားတဲ့ အားနည်းချက်ဆိုလို့ မဆိုစလောက် သွားလေးခေါ်နေတာတစ်ခုသာရှိတာ။

"သေချာစဉ်းစားပါဦး ဘေဘီရယ်၊ ကိုယ်က ရှုပ်မရှိပေမယ့် မင်းဘဝအတွက် သုံးမကုန်နိုင်တဲ့ ဘဏ်တိုက်ကြီးကို ဖင်ခုထိုင်ထားတဲ့ကောင်ပါကွာ"

"အဟင်းဟင်း … ဆားနဲ့ပဲ စားပါ့မယ်ရှင်၊ တစ်ရေးနိုးလာလို့ ကိုယ့်ဘေးကလူကိုကြည့်ပြီး လန့်အော်ရမယ့်အဖြစ်မျိုးတော့ မထိုချင်ပါဘူး။ ကျွန်မခံယူချက်ကို ပြောပြလိုက်ဦးမယ်၊ ကျွန်မ ယူမယ့်လင်က ရွှေတွေငွေတွေကို ချင် (ချိန်) ပြဖို့ မလိုဘူး။ စင်ဒို့ခဲ ထိုတယ်၊ သဘောပေါက်လား"

"ဩော် … ဩော် … အစင်လေးတွေပဲ ကြိုက်တယ်ဆိုပါတော့"

"ဟုတ်တယ်"

"ဒါဆို … မစင်ရော မကြိုက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဘာစကားပြောတာလဲ၊ ပါးကျွတ်ကျွတ်ကျိုးသွားချင်လို့လား"

အစင်ကြိုက်ပါဆိုသူရဲ့လက်ဝါးတစ်ဖက်က ဝေ့ထဲပြောက်တက်လာတာမို့ သဲမောင်က အဲဒီလက်တစ်ဖက်ကို သူ့လက်နှစ်ဖက်နဲ့ ကာထားလိုက်ရတယ်။

"ဟာ ... ဟေ့ဟေ့ ... လာမလုပ်နဲ့နော်၊ ဒါမျိုးတော့ လာမလုပ်နဲ့၊ ပါးတွေချတယ် ... ချတယ် ...ဆိုတဲ့ခေတ်က ကုန်သွားပြီနော်၊ လာမလုပ်နဲ့"

"ဒါဆို ရှင်စကားပြော ဆင်ခြင်လေ၊ ပါးတွေချတဲ့ခေတ်က သူများတွေအတွက်တော့ ကုန်ချင်ကုန်မယ်၊ ကျွန်မအတွက်တော့ အခုထိခေတ်ကောင်းတုန်းပဲ"

"အဟင်း ... ထားပါတော့လေ၊ ဒါပေမဲ့ ကိုယ်ကြားဖူးတာတော့ အခုခေတ်မှာ ကိုယ့်ကိုယ်ကိုယ် မစင့်စင်အောင် လုပ်ယူထားတဲ့ ယောကျ်ားတွေမှန်သမျှက ဂေးတွေချည်းပဲတဲ့၊ မင်း ပုလင်းကွဲရှမှာ မကြောက်ဘူးလား"

"ဒီမှာ ပုလင်းကွဲမကလို့ ကျွန်မဘာသာ မှန်ကွဲပဲရှရှ၊ ကိုယ့်ခံယူချက်နဲ့ကိုယ်ပဲ"

စင်သီယာက စကားကို ခဏဖြတ်ထားလိုက်ကာ သဲမောင်ရဲ့ သွားခေါခေါတွေကို မထေ့ထီသလိုကြည့်လိုက်ရင်း "သွားနဲ့ အခြစ်ခံရမှာထက်စာရင်တော့ အများကြီး ပိုဗီးလ်ရှိတယ်" လို့ ပြောပစ်လိုက်မိတယ်။ ဟုတ်တယ်လေ။ ကိုယ့်ကိုများ သူ့လိုပေါက်ခေါကောင်က တတ်မှန်းရဲရတယ်လို့။





အော်လို့သာ ရယ်လိုက်ချင်တော့တယ်။ စင်သီယာ့အချစ်ကို လိုချင်လွန်းလို့ ခေါင်းခေါက်ရွေးတဲ့အခါကျရင် သူတို့ကိုပါ ထည့်ခေါက်ပေးပါဆိုပြီး ခေါင်းစာရင်းပေးထားတဲ့ ယောကျ်ားတွေမှ ဒုနဲ့ဒေး။ အားလုံးကလည်း အလန်းစားတွေချည်း ပဲ။ သူ့လိုပေါက်ခေါတစ်ယောက်မှမပါ။

အဲလိုလူတွေကိုတောင် စင်သီယာဆိုတဲ့ မိမိက ခါချနေရတာကို။ သူကများ ရာရာစစ။ ဟင်း ...။

"ဒီသွားခေါတာကို ထည့်ထည့်မပြောစမ်းပါနဲ့ကွာ၊ ဒီမှာ ယောကျ်ားအစစ်တွေ့တုန်း ယူထားလိုက်နော်၊ စိတ်ကူးမလွဲနဲ့၊ ကိုယ့်အချစ်ကလည်း စစ်ပြီးသား"

"ဆားနဲ့ပဲ စားမယ်လို့ ဘယ်နှခါပြောရမလဲ၊ ရှင့်ကိုတော့ ဒီတစ်သက်မပြောနဲ့ ဆယ်သက်တောင် ပြန်မချစ်ဘူး သိလား။ ရှင်ဆက်လိုက်မလာနဲ့နော်၊ ဆက်လိုက်လာရင် ရှင့်ရဲ့ အဲဒီခေါနေတဲ့ သွားတွေကို ဘုရားဖူးပို့ပေးလိုက်မယ်၊ နားလည်လား"

ကိုယ့်ကို နေရာမှာတင်ပဲ သတ်ခဲ့တော့မလို သွားကြားထဲက ထွက်တဲ့ လေသံမျိုးနဲ့ မျက်လုံးတွေကို မှေးကျဉ်းကြည့်ခဲ့ကာ ကော့ပက်ကော့ပက်နဲ့ လျှောက်သွားလေတဲ့ စင်သီယာ့ကို သဲမောင်က စိတ်ပျက်လက်ပျက်နဲ့ပဲ ရပ်ကြည့်ကာ နေခဲ့လိုက်တော့တယ်။ ဟင်း ...ဒင်းယောကျ်ားရမှ ဘယ်လိုကောင်မျိုးလဲဆိုတာကို သွားကြည့်ဖြစ်အောင်ကို ကြည့်ဦးမယ်။

စိတ်ပျက်လက်ပျက်နဲ့ လာရာလမ်းအတိုင်း လှည့်ပြန်လာခဲ့ရင်း တစ်နေရာအရောက်မှာတော့ ကိုယ့်ကိုမြင်တာနဲ့ လမ်းကြားတစ်ခုထဲကို ခြေထောက်က မီးနီးထွက်မတတ် အရှိန်မျိုးနဲ့ ပြေးဝင်သွားလေတဲ့ ကောင်ခေးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရတဲ့ခဏမှာတော့ စောစောက စင်သီယာ့ကို မေ့ရ တယ်။

အခုအချိန်မှာတော့ စင်သီယာဆိုတာက သဲမောင့်အတွက် ဘဝတစ်ပါးသို့ ကူးပြောင်းသွားလေပြီ။ အမျှ . . . အမျှ . . . အမျှ . . . စင်သီယာ။

"ဟာ . . . ခင်လေး . . . ခင်လေး . . . ခဏ . . . ခဏ"

နောက်ကနေ အပြေးလိုက်ကာ ရှေ့ကနေဝိတ်ရပ်ထားလိုက်စဉ်မှာတော့ ခင်ခင်ဆွေက စိတ်ညစ်တဲ့အထဲမှာ ဒါတွေလည်း ပါတယ်ဆိုတဲ့ အထာမျိုးနဲ့ ကြည့်လာရင်း . . .။

"ဘာလဲ . . . ဘာလိုက်လုပ်ပြန်တာလဲ၊ ရှင့်ကို ကျွန်မ မချစ်ပါဘူးလို့ ဘယ်နှခါပြောရမလဲ၊ ရှင့်မှာ မှတ်သားတတ်တဲ့ ဦးနှောက်မရှိဘူးလား"

"ဩော် . . . ခင်လေးကလည်း ကိုယ့်မှာ ဦးနှောက်ရှိတာပေါ့လို့၊ ဒါပေမဲ့ . . . နှလုံးသားက ဦးနှောက်ထက် ပိုကြီးနေတော့ ခင်လေးက ကိုယ့်ကို ဘယ်လောက်ငြင်းငြင်း ကိုယ်ကတော့ ခင်လေးကို တွေ့တိုင်း ချစ်တယ်ဆိုတာကို ပြောချင်နေတုန်းပဲ . . . ဟဲဟဲ . . ."

"လာသေးတယ်၊ ရှင်က ကျွန်မကိုတွေ့မှ မဟုတ်ပါဘူး။ တွေ့သမျှမိန်းမတိုင်းကို လိုက်ကြူနေတာ ကျွန်မ မသိဘူး မှတ်နေလား"

"ဩော် . . . အဲဒါကတော့ ဘဝပေးအခြေအနေအရပါကွာ"

"ဘာရှင့်"

"အာ . . . ယောင်လို့ ယောင်လို့၊ ဘယ်ကလာ ကြူရမှာလဲ ခင်လေးရယ်၊ ကိုယ့်ဘဝမှာ ခင်လေးတစ်ယောက်တည်းပဲ ရှိတာပါ၊ ကျန်တာတွေက ကောလဟလပါ ခင်လေးရယ်၊ သေားစကားတွေကို





မယုံစမ်းပါနဲ့"

"အဟက် . . . လာသေးတယ်၊ မနေ့ကလေးတင် ဟိုဘက်လမ်းထဲက အပျိုကြီး ဒေါ်သိမ့်ကို ရှင်ရည်းစားစကားလိုက် ပြောလို့ ဟိုက ရှင့်ကို ဆော်ထည့်လိုက်တယ်ဆို"

ပျံ့ပွားနှံ့ပြန့်လိုက်တဲ့သတင်းကြောင့် သဲမောင်ရဲ့မျက်နှာက ရှုံ့မဲ့သွားရတယ်။ ဒီရပ်ကွက်ထဲကလူတွေကလည်း လုပ်စရာအလုပ်မရှိကြဘူးလား မသိပါဘူးဗျာ။ ကိုယ့်ထမင်း ကိုယ်စားပြီး သူများသတင်းကို လိုက်ဖြန့်နေကြတာ။ အင်တာနက်ကနေ တင်လိုက်တာကမှ နေ့ချင်းနေ့ဦးမယ်။ ထစ်ခနဲဆို ဗျို့ဟစ်ပြီးကြပြီ။

အဲဒီလို သူများသတင်းကို ကိုယ့်စရိတ်နဲ့ကိုယ်ဖြန့်နေကြတဲ့အထဲမှာ ၄ ကိုယ့်အကြောင်းဆို ပိုပြီးတော့များ စိတ်ဝင်စားလေကြသလားမသိ။ ကိုယ်က မိန်းကလေးတစ်ယောက်လောက်ကို ရည်းစားစကားမပြောမိလိုက်နဲ့။ နောက်တစ်နာရီလောက်အတွင်းမှာ အဲဒီသတင်းက ဟိုးလေးတကြော် ဖြစ်သွားပြီ။

"အင် . . . မ . . . မဟုတ်ရပါဘူး ခင်လေးရယ်၊ ကောလဟလတွေပါ"

"ဒါဆို မနေ့ညက သီရိလက်ဖက်ရည်ဆိုင်က စားပွဲထိုးမလေးကို လက်ဖက်ရည်ဖိုးရှင်းတဲ့ ပိုက်ဆံကြားထဲ ရည်းစားစာထည့်ပေးလိုက်တဲ့ကိစ္စကရော . . ."

"အင် . . . ဒါ . . . ဒါလည်း သိထားပြန်ပြီလား"

"သိတာပေါ့၊ ဟိုကောင်မလေးက သူ့ရည်စား မှန်လုပ်သမားကို



www.burmeseclassic.com

www.burmeseclassic.com



တန်းပြန်ပြောလိုက်လို့ အဲဒီမုန့်လုပ်သမားက ဂျုံလိုမှုံ့နဲ့ ဒလိမ့်တုံးကြီးနဲ့ လိုက်ရိုက်တယ်ဆိုတာကအစ သိထားပြီးသား၊ ကဲ ... ရှင် ဘာပြောဦးမလဲ"

"ဪ ... အဟဲ ... ဟိုဟာ ... အဲ ... အဲဒါကလေ တကယ် စိတ်ထဲကပါလို့မဟုတ်ပါဘူး ခင်လေးရယ်၊ အဲဒါတွေက ခင်လေးကို ချစ်ရွှင်ပန်ဖို့အတွက် လေ့ကျင့်ခန်းဆင်းတဲ့သဘောပါ ... ဟဲဟဲ.. ကိုယ်တကယ်ချစ်တာက ဟောဒီက ခင်လေးတစ်ယောက်တည်းကိုပါ၊ အဲဒါကိုတော့ ယုံပေးနော် ... နော် ..."

"ဖြစ်ရတယ်၊ ဒီလိုကိစ္စမျိုးက လေ့ကျင့်ရေးဆင်းစရာလား၊ ဒီမှာ ရှင့်အကြောင်းများ မသိရင်ခက်မယ်၊ ဟောဒီရပ်ကွက်ထဲမှာ ရှင် မလိုက်ဘူးတဲ့ မိန်းကလေးတစ်ယောက်မှ မရှိတော့လို့ ဟိုဘက် ရပ်ကွက်ကိုတောင် နယ်ချဲ့နေတဲ့သူကများ"

ဪ ... အခုမှပဲ သဲမောင်လည်း ကိုယ့်ကိုယ်ကိုယ် နယ်ချဲ့ဖက်ဆစ်ကြီးတစ်ယောက်ဖြစ်နေမှန်း သိလိုက်ရတော့တယ်။ ဒါပေမဲ့ ... ကိုယ်နယ်ချဲ့တာက ဘယ်သူ့ကိုများ ထိခိုက်နစ်နာသွားစေလို့လဲနော်။ ချစ်လို့ ချစ်တယ်ပြောတာ မင်္ဂလာတစ်ပါးပဲ မဟုတ်ဘူးလား။

"ဒါပေမဲ့ ... ကိုယ်က အခုထိ ရည်းစားတစ်ယောက်မှမထားဖူးတဲ့ အသည်းရိုင်းလေးပါ ခင်လေးရယ်"

"ဘယ်ထားဖူးမလဲ၊ ရှင့်ကို ဘယ်မိန်းကလေးမှ ပြန်မကြိုက်တာကိုး ရှင်က အမျိုးသမီးကွင်းလေ"

"ဟီးဟီး ... ဟုတ်တယ်၊ တစ်နေ့ကတောင် ကိုယ့်ကွင်းမှာ မြန်မာ





အမျိုးသမီးဘောလုံးအသင်း လာကန်သွားသေးတယ်"

"ဘာတွေပြောနေတာလဲ၊ ကျွန်မပြောတာ အဲဒီဘောလုံးကွင်းကို ပြောနေတာမဟုတ်ဘူး။ အမျိုးသမီးတွေ ဝေးဝေးကနေ ရှောင်ကွင်းသွားလို့ အမျိုးသမီးကွင်းလို့ ပြောတာ၊ နားလည်လား"

"အင် ... ပြော ... ပြောရက်လိုက်တာ ခင်လေးရယ်၊ အဟင့် ... ဒါပေမဲ့ ထားလိုက်ပါ၊ ဘယ်သူတွေ ဘယ်လိုပဲ ကွင်းသွားသွား ခင်လေးတော့ ကိုယ့်ကွင်းမှာ လာကန်ပါနော်၊ နော် ... ခင်လေး ... နော် ..."

"ထွီ ... သေးတောင် လှည့်မပေါက်ဘူး"

"အင် ... ဘောလုံးကွင်းထဲမှာ သေးပေါက်ဖူးတယ်ပေါ့"

"အဟင်း ... အဲနေ့က မိုးတွေကလည်း ရွာနေတာလေ၊ ဘောလုံးပွဲကလည်း ကောင်းနေတာဆိုတော့ အိမ်သာသွားရမှာ ပျင်းတာနဲ့ ထဘီလေး အသာမြှောက်ပြီး ဟိုကြည့်ဒီကြည့်နဲ့ ပေါက်ချလိုက်တာပဲ"

"အင် ... ဒဏ်ရိုက်ခံရမှာ မကြောက်ဘူးလား"

"အို ... မိုးရေတွေနဲ့ ရောသွားတာဆိုတော့ ဘယ်သူသိတာမှတ်လို့ ... အာ ... ဘာတွေပြောနေတာလဲ၊ ရှင်ပြောတာနဲ့ ကျွန်မတောင် ယောင်ကုန်ပြီ၊ တော်ပြီ ... တော်ပြီ၊ ရှင်နဲ့ စကားပြောနေဖို့ အချိန်မရှိဘူး။ ဒီမှာ တစ်ခါတည်း မှတ်သွားလိုက်၊ ရှင့်ကို အခုလည်း မချစ်ဘူး၊ နောင်လည်း မချစ်ဘူး၊ သေတောင် ချစ်မှာ မဟုတ်ဘူး၊ ရှင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင် ... နေ ... နေဦးလေ ... ခင်လေး ... ခင်လေး"

ဘောလုံးကွင်းထဲ သေးပေါက်ဖူးတယ်ဆိုတဲ့ တစ်ယောက်ကတော့ နောက်ကို လှည့်မကြည့်စတမ်းကို ပြေးထွက်သွားလေပြီ။ သဲမောင့်မှာသာ ဗီလင်တွေ တနင့်တပိုးနဲ့ ကျန်နေခဲ့ရင်း ဘာကို ဘယ်လို ခံစားလိုက်ရမှန်းကို မသိတော့။ ကိုယ့်မှာတော့ မိန်းကလေးပေါင်းမြောက်များစွာကို ချစ်ခွင့်ပန်လိုက်ရတာ၊ ဘယ်မိန်းကလေးတစ်ယောက်ကမှ ကိုယ့်ကိုကျတော့ ဖြန့်မကြိုက်ကြ။ သွားလေးခေါတာ အပြစ်တဲ့လား။ သွားလေးခေါတာများ ကြည့်တတ်ရင် ချစ်စနိုးတောင်ဖြစ်တာကို။ မိန်းမတွေကိုက အလှအပကြိုက်လွန်းကြတာပါ။

ဟင်း ... အဲဒါကြောင့် လှတာမက်တဲ့မိန်းမတွေ အိမ်ထောင်ကျပြီးရင် ဒုနဲ့မျက်ရည်သုတ်ရတာ။ နည်းတောင် နည်းသေးတယ်။ ကိုယ့်လို ရုပ်မရှိပေမယ့် ရေလျှံတဲ့ ဘဲကိုတွဲမှ ဒင်းတို့တွေ နောင်ရေးစိတ်အေးရမှာကို မတွေးတတ်တဲ့ဟာတွေ။

ဟိုတွေး ... ဒီတွေး ... ဟိုလူ့အပြစ်ဖို့ ဒီလူ့အပြစ်ဖို့ လုပ်ရင်းက နေ နောက်ဆုံးမှာတော့ အခုလို မိမိရည်းစားမရခြင်းရဲ့ အဓိက တရားခံဟာ မိဘတွေသာဖြစ်ကြောင်း သဲမောင်က သတ်မှတ်ဖို့လိုက်တော့တယ်။

"ဟင်း ... ဒါ အမေတို့အဖေတို့ကြောင့်ဖြစ်ရတာ၊ သူတို့သာ ငါ့ကို အခုလို ပေါက်ခေါကြီးမဟုတ်ဘဲ အကိတ်လေး အစင်လေး ဖြစ်အောင် မွေးပေးခဲ့ရင် ခုလောက်ဆို ရုပ်ရှိ ရေလျှံဖြစ်နေရမှာ၊ အခုတော့ ရေတော့ လျှံပါရဲ့ ရုပ်ကလပ်က စုတ်ပြတ်နေတော့ ဘယ်မိန်းကလေးက ကြွေတော့မှာလဲလို့၊ အဲဒါ အမေတို့ကြောင့်။





ဟုတ်တယ်၊ အဲဒါ ... အမေနဲ့ အဖေ့ကြောင့်"

❑

"အို ... မဆိုင်လိုက်တာသားရယ်၊ မေမေတို့ကရော ကိုယ့်သားသမီးတစ်ယောက်ကို အခုလို ဖြစ်စေချင်ပါ့မလားလို့၊ မိဘတိုင်းကတော့ ကိုယ့်သားသမီးကို လှတကာငေးမောနေအောင် လှစေချင်ကြတာပေါ့၊ ဒါပေမဲ့ ... ကိုယ့်ရင်သွေးရဲ့ကံတရားကလည်း ပါသေးတယ်လေ၊ အရင်ဘဝက အကုသိုလ်ကံတစ်ခုခုကြောင့် အခုဘဝမှာ အခုလိုဖြစ်နေရတာကို မေမေတို့နဲ့ ဘာဆိုင်လို့လဲ"

သူ့ဘာသာ ရည်းစားမရတာကိုပဲ မိမိတို့ရဲ့အပြစ်ပါလို့ လာစွပ်စွဲနေတဲ့ သားဖြစ်သူကို ဒေါ်မေသဲက မျက်မှောင်ကုတ်ကာ ကြည့်နေလိုက်မိတော့တယ်။ စဉ်းစားကြည့်လေ။ သူ့ဘာသာ ရည်းစားမရတာဟာ မိဘတွေဖြစ်တဲ့ မိမိတို့ရဲ့အပြစ်လား။ ဒါမှမဟုတ် သူ့ဘာသာ အစွမ်းအစ မရှိတာလားဆိုတာ အသိသာကြီး။ တစ်ခုတော့ ပြောစရာရှိတာပေါ့။ သူ့သွားခေါနေရတာလေးတစ်ခု။ ဒါသည်ပဲလည်း မိမိတို့မိဘဖြစ်သူတွေရဲ့အပြစ်မှ မဟုတ်တာ၊ သူ့ကို သွားခေါခေါကြီး ထွက်လာပါစေဆိုပြီး ကိုယ်က မွေးထုတ်ထားတာမှ မဟုတ်တာ။ သူ့ဘာသာ အကြောင်းကံမကောင်းရှာလို့ သွားခေါနေရှာတာ မဟုတ်လား။ ကိုယ်တွေလည်းပဲ ဖြစ်နိုင်မယ်ဆိုရင် ကိုယ့်ရဲ့ မွေးဖွားလာမယ့် ရင်သွေးလေးကို ဖြစ်မြို့မှည့်မထင် ဖြစ်စေချင်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ … အဲဒီလို ရွှေချယ်မွေးယူလို့မှ မရတာလေ။ လူတိုင်းဟာ ကံပေး သလောက်ပဲ ရကြတာကြီးကို အခုလို သူသွားခေါ်နေရတာဟာ ကိုယ်တွေ ကြောင့်ပါဆိုတာကြီးကတော့ …။ ဟင်း … သက်သက်မည်းနေတာ အသိသာကြီး။

"ဆိုင်တယ်ဗျာ၊ အရင်ဘဝက အကုသိုလ်ကံကြောင့် ဆိုရင်လည်း အဲဒီအကုသိုလ်ကံဟာ ကျွန်တော့်ရဲ့ အကုသိုလ်ကံကြောင့်တော့ မဟုတ်ဘူး။ အမေနဲ့ အဖေ့ရဲ့ အကုသိုလ်ပဲ ဖြစ်ရမယ်"

"ဟား … မင်းဟာကလည်း ဖွတ်ကြီးပါလားကွာ၊ ငါတို့ရဲ့ အကုသိုလ်ကြောင့်ဆိုရင်လည်း ငါတို့ပဲ သွားခေါ်တော့မှာပေါ့၊ မင်းအကုသိုလ်ကြောင့်မို့လို့ မင်းမှာ သွားလာခေါ်နေတာပေါ့ကွ"

မနေသာတော့တဲ့ ဦးသာခွေက ဝင်ပြောလိုက်ပါသော်လည်း သဲမောင်ကတော့ ခေါင်းကိုသာ တွင်တွင်ခါရမ်းနေတော့ကာ သူ့ယူဆချက်ကို ပြောလာတယ်။

"မဟုတ်ဘူး။ အခုလို ကျွန်တော် သွားခေါ်နေရတာဟာ ကျွန်တော့်ရဲ့ အကုသိုလ်ကံကြောင့် လုံးဝကိုမဟုတ်ဘူး။ အမေတို့ အဖေတို့ရဲ့ အကုသိုလ်ကံကြောင့်ပဲ"

"ကဲ … ဒါဆိုလည်း ငါတို့နားလည်အောင် ရှင်းပြစမ်းပါဦး။ နားထောင်ကြည့်ရအောင်"

သဲမောင်က "ပြောတော့မယ်၊ ပြောကို ပြောတော့မယ်၊ ဒီကိစ္စကို ပြောကိုပြောချင်နေတာ ကြာပြီ" ဆိုတဲ့ အထာမျိုးနဲ့ သူ့ရဲ့ခေါ်နေတဲ့ အပေါ် သွားတွေကို ဖုံးကွယ်သွားအောင် အပေါ်နှုတ်ခမ်းနဲ့ အောက်နှုတ်ခမ်းကို





မထိထိအောင် စေ့ပိတ်လိုက်ကာ အဲဒီလို ပါးစပ်ပိတ်ထားရက်ကနေပဲ "အဟွန်း" ခနဲ ချောင်းတစ်ချက်ကို ရှင်းလိုက်တယ်။

"ဒီလိုလေ၊ အဖေတို့က အရင်ဘဝက မကောင်းတာတစ်ခု ခု လုပ်ခဲ့မယ်၊ အဲဒီအကုသိုလ်ကြောင့် ဒီဘဝမှာ ရုပ်ဆိုးဆိုး သား သမီးတစ်ယောက်ကို ပိုင်ဆိုင်ရဖို့ ကံကဖြစ်လာတယ်၊ အဲဒီမှာမှ ကျွန်တော်က အရင်ဘဝက အကုသိုလ်ကံ မရှိပါဘဲနဲ့ ဒီဘဝမှာ အဖေတို့အမေတို့ရဲ့သားဖြစ်ဖို့ကံက ပါလာတော့ ကျွန်တော့်သွား တွေက လာခေါ်တော့တာပေါ့၊ အဲဒါကြောင့် အခုလို ဒီဘဝမှာ ကျွန်တော်သွားခေါ်ရတာဟာ ကျွန်တော့်ရဲ့အကုသိုလ်ကံကြောင့် ခေါ်တာမဟုတ်ဘူး။ သွားခေါ်ခေါ် သားတစ်ယောက်ကို ပိုင်ဆိုင်ဖို့ ဖြစ်လာတဲ့ အဖေတို့အမေတို့ရဲ့အကုသိုလ်ကံကြောင့် ကျွန်တော် က ဘာမှလုပ်မထားရပါဘဲနဲ့ အော်တိုသွားခေါ်သွားရတာ၊ ပြောရရင် ကျွန်တော်က အဖေတို့အမေတို့ရဲ့အကုသိုလ်ကံတွေထဲမှာ ကြား ညှပ်သွားရတာဗျာ … အဟင့် …"

ဝမ်းပန်းတနည်းဖြစ်လာတဲ့ သဲမောင်က မျက်ရည်တွေ နှပ်တွေကျ တဲ့အထိ ငိုချလိုက်ပေမယ့် ဦးသာခွေနဲ့ဒေါ်မေသဲတို့ကတော့ မဆိုင်တဲ့အပေါက် ကလိုင်နဲ့ခေါက်လုပ်နေတဲ့ သားဖြစ်သူအတွက် ရယ်မရငို ငိုရမလို။ တစ် ယောက်နဲ့တစ်ယောက် အီလည်လည်သာ ကြည့်နေမိကြပြီးမှ …

"အဟင်း … မင်းအယူအဆနဲ့ ကျတော့လည်း ဟုတ်နေပြန်ရော နော်၊ ထားပါတော့လေ၊ ထားပါတော့၊ အဲဒီတော့ အခု ငါတို့က မင်းကို ဘာလုပ်ပေးရမှာလဲ၊ ပြောကြည့်ကြည့်လေ၊ မင်းရှင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့သွားအောင်"

"ဘာလုပ်ပေးရမှာလဲဆိုတော့ မိဘတွေ ဝတ်တရားရှိတဲ့အတိုင်း သားကို မိန်းမပေးစားဖို့ လုပ်ကြလေဗျာ၊ သားကညာ အရွယ်ရောက်လာ ချိန်ခါမလင့်စေနဲ့ဆိုတဲ့စကား ရှိတယ်မဟုတ်လား"

"သမီးကညာ အရွယ်ရောက်လာ ချိန်ခါမလင့်စေနဲ့ပဲ ကြားဖူးပါတယ်ကွာ၊ မင်းကျမှပဲ သားကညာဖြစ်ရတယ်လို့"

"ဘာပဲဖြစ်ဖြစ်ဗျာ ... ကျွန်တော်ကတော့ မိန်းမလိုချင်တာပဲ သိတယ်၊ မိန်းကလေးတွေချည်းပဲ ယောက်ျားစောစောယူရမယ်လို့ ဘယ်ဘုရားက ဟောခဲ့လို့လဲ၊ ယောက်ျားလေးတွေလည်း မိန်းမစောစောယူချင်တာပေါ့လို့၊ အဲဒီတော့ ကျွန်တော့်ကို မြန်မာကားတွေထဲကလို ဖေဖေတို့ မေမေတို့ရဲ့ မိတ်ဆွေသူငယ်ချင်းတစ်ယောက်ယောက်ရဲ့သမီးတစ်ယောက်ယောက်နဲ့ အမြန်ဆုံးပေးစားဖို့ စီစဉ်ပေးပါ"

"သားကလည်း ... မေမေတို့ မင်းကို အဲလိုမျိုး ပေးစားဖို့အတွက် မိန်းမတောင်းပေးတာ ဆယ်ကြိမ်မကတော့ဘူးလေ၊ မေမေတို့သွားတောင်းလိုက်တိုင်း မင်းကိုမြင်လိုက်ရတဲ့ ကောင်မလေးတိုင်းက ယောက်ျားနောက်ကို မြန်မြန်လိုက်ရင်လိုက်၊ ရည်းစားမရှိလို့ ယောက်ျားနောက်မလိုက်နိုင်တဲ့သူတွေကလည်း မင်းကိုမယူချင်လို့ သီလရှင်ဝတ်ဝတ်သွားကြတာ မင်းအသိပဲလေ"

ကြားလိုက်ရတဲ့စကား နားဝမှာခါး ဆိုသလို သဲမောင်ရဲ့မျက်နှာက ရှုံ့မဲ့သွားရတယ်။ တုတ်တော့လည်း အဟုတ်သားပါပင်။ မိဘတွေကတော့





ကိုယ့်ကို မိန်းမပေးစားဖို့ ဟိုဟိုဒီဒီ လိုက်စပ်ဖူးတာပင်။ အကြိမ်အရေအတွက်လည်း တော်တော်တောင် များနေပါပြီ။ ဒါပေမဲ့ ... ခက်တာက မိန်းမမရပင်။ ဘာ့ကြောင့်များ ကိုယ့်ကို တွေ့မြင်လိုက်ရတဲ့ မိန်းမတိုင်းက သရဲသဘက်ကို မြင်လိုက်ရသလို ကြောက်လန့်တကြားဖြစ်သွားကြပြီးတော့ လင်နောက်လိုက်သူကလိုက်၊ သီလရှင်ဝတ်သူကဝတ် လုပ်သွားကြတယ်မသိ။ ဒီသွားလေး ခေါတာတစ်ခုတည်းကိုပဲ တွေ့သမျှ မိန်းမတိုင်းက ခါးခါးသီးသီးဖြစ်နေကြတာ အံ့သြစရာ။ လောကကြီးမှာ သွားခေါနေတဲ့လူတွေက အိမ်ထောင်မကျရတော့ဘူးတဲ့လား။ ဒါတော့ မဖြစ်နိုင်။ သွားခေါတဲ့ အိမ်ထောင်သည်တွေကို တွေ့ဖူးတာပဲလေ။ ကိုယ့်ကျမှ လက်မခံနိုင်သလို ဖြစ်နေတာကိုတော့ နားကိုမလည်။ တစ်ခုလှည့်တွေးလိုက်မိတာက တွေ့ဖူးပြီးသမျှ မိန်းမတွေအားလုံးထဲမှာ ကိုယ်ရဲ့ဖူးစာရှင် မပါသေးဘူးလားပေါ့။ အဲဒီအထင်နဲ့ နောက်ထပ် မိန်းကလေးတွေကိုလည်း တစ်ယောက်ပြီးတစ်ယောက် လိုက်တာပါပင်။

ဒါပေမဲ့ ... ဘယ်တစ်ယောက်ကမှ ပြန်မကြိုက်တာကတော့ မခက်ချေဘူးလား။

"ဒါကတော့ မေမေတို့ကမှ သေချာမစီစဉ်တာကိုးလို့၊ သေချာစီစဉ်ရင် ဖြစ်ရမှာပေါ့၊ သားကိုမိန်းမပေးစားဖို့ မပြတ်သား စီစဉ်ပေးနေ၊ တစ်ယောက်မဟုတ်တစ်ယောက်နဲ့တော့ အဆင်ပြေသွားမှာပဲ၊ အဓိက မေမေတို့ ဖွဲ့မလျှော့ဖို့ဘဲ၊ အခုတော့ မေမေတို့က ဆယ်ခါလောက် ကြိုးစားကြည့်ပြီးတော့ လက်လျှော့နေကြတာလေ၊ ကျွန်တော်ကတော့ ဘယ်တော့မှ လက်မလျှော့ဘူး။ မိန်းမ မရမချင်း အသေဖြောင့်မှာကို မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ...ဘုရား ...အမေ့သားရယ်၊ အဲဒီလောက်တောင်ပဲလား"

"ဟုတ်တယ်၊ အဲဒီလောက်တောင်ပဲ၊ အဲဒီတော့ အမေတို့ စီစဉ်ရာရှိတာကို မြန်မြန်နဲ့ ခပ်စိပ်စိပ်သာ အဆက်မပြတ် စီစဉ်ပေးကြပါလို့ပဲ သားတောင်းဆိုချင်တယ်"

လိုချင်တာကို တင်ပြပြီး ထထွက်သွားတဲ့ သဲမောင်မရှိတော့တဲ့အခါမှာတော့ ဦးသာခွေနဲ့ဒေါ်မေသဲတို့နှစ်ယောက် ခေါင်းချင်းဆိုင်ရပါပြီကော။ ဒီသားတစ်ယောက် မိန်းမရမချင်း သူတို့တွေလည်း စိတ်ချမ်းချမ်းသာသာ နားအေးပါးအေး နေရမှာမဟုတ်ဘူးလေ။

"ကဲ ...ကိုသာခွေ ဘယ်လိုလုပ်ကြမတုန်းတော့"

"ဘယ်လိုလုပ်ရမလဲကွာ၊ သူစိတ်ချမ်းသာအောင် စီစဉ်ပေးရမှာပေါ့"

"စီစဉ်တာက ဟုတ်ပါပြီ၊ ဘယ်မိန်းကလေးကို သွားမြန်းရမှာတုန်းတော့၊ ကျွန်မအသိတွေရဲ့ သမီးတွေတော့ သားနဲ့ မြန်းလိုက်တိုင်း လင်နောက်လိုက်လိုက်သွားလို့ ကုန်သလောက်ဖြစ်နေပြီ၊ တစ်နေ့က သူငယ်ချင်းတစ်ယောက်နဲ့တွေ့လို့ သူ့မှာရှိတဲ့သမီးလေးနဲ့ ကိုယ့်သားကို မြန်းကြည့်မလို့လုပ်တာတောင် ဟိုက ဘာပြောတယ်ထင်သလဲ၊ သူ့သမီးကို လင်နောက်မြန်မြန်လိုက်ပြေးအောင်မလုပ်ပါနဲ့တဲ့ တော်ရေ ..."

"အင်း ...ဒါဆို ငါတို့ သတင်းစာထဲမှာ ထည့်ကြော်ငြာရင် မကောင်းဘူးလား၊ ဟိုတလောကတောင် ကြော်ငြာတစ်ခု တွေ့





တယ်လေ၊ အိမ်ထောင်ဖက်အလိုရှိသည်၊ ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပိုင်ဆိုင်ပါသည်ဆိုပြီးတော့ ကြေညာထားတာလေကွာ"

"အင်းနော် ...အဲဒီလို လုပ်ကြည့်ရင်ကောင်းမယ်၊ သားပုံပါ တစ်ခါတည်း ထည့်လိုက်မယ်၊ ဒီလိုဒီလိုတော့ ရှိတယ်၊ လက်ခံနိုင်ရင် လာခဲ့ပါဆိုပြီးတော့လေ"

"ကောင်းတယ်၊ အဲဒီလိုသာလုပ်လိုက်တော့"

နောက်ဆုံးမှာတော့ ဦးသာခွေနဲ့ ဒေါ်မေသဲတို့ဟာ သားမိန်းမရရှိရေးအတွက်ကို သတင်းစာမှာတောင် ကြော်ငြာဖို့လုပ်ရတော့တယ်။ အဲလို မလုပ်လို့လည်း မရတော့ဘူးလေ။ ကိုယ့်ရပ်ကွက်ထဲက အပျိုမှန်သမျှလည်း သားဘာသာလိုက်တာရော၊ မိဘတို့က လိုက်စပ်တာရောနဲ့ ကုန်သလောက်ရှိနေပြီဆိုတော့ကာ သတင်းစာမှာထည့်ကာ ကြော်ငြာခြင်းသည်သာ နောက်ဆုံးသော မျှော်လင့်ချက် ဖြစ်ပါတော့တယ်။

□□□



www.burmeseclassic.com

www.burmeseclassic.com

## တောင်ပြုံးရွာ (၂)

ပြုံးစေ့စေ့မျက်နှာပေးနဲ့ မျက်နှာချင်းဆိုင်ကနေ လျှောက်လာနေတဲ့ ဗွေးတုတ်ကိုမြင်လိုက်ရတဲ့အခါမှာတော့ ကိုဗလကျော်ရဲ့ခြေလှမ်းတွေက တုံ့ခနဲ ဖြစ်သွားရတယ်။ ဒီတစ်ယောက်နဲ့ကလည်း ဘယ်လိုရေစက်မှန်းကို မသိ။ ကိုယ့်အိမ်ရဲ့ခြံစည်းရိုးထဲကနေ အပြင်ကိုမထွက်လိုက်နဲ့ ကိုယ်သွားဖို့ ခြေဦးလှည့်လိုက်တဲ့ဘက်မှာ ခင်းက ရောက်နေပြီ။ ရေစက်ပဲပါတာလား။ ခင်းကပဲ ကိုယ်သွားမယ့်နေရာတွေကို သိနေပြီး တခင်ကြိုကြိုစောင့်နေတာလားတော့ မပြောတတ်။

ဟင်း ... ဒီလို အရုပ်ဆိုးဆိုးဝဖိုင့်ဖိုင့် အပုပ်အသိုးမကြီးနဲ့တော့ ရေစက်မပါချင်ပါဘူး။ ရေစက်မပါနိုင်တာကိုလည်း ကိုယ့်ကိုယ်ကိုယ်သိတယ်။ ကိုယ့်အကျသိုလ်ကံဟာ ဒီလိုရောင်းမစွံမကြီးနဲ့ ရဖို့လောက်ထိတော့ မများ





လောက်ပါဘူး။ ဒီတော့ နေရာတကာ တွေ့နေရခြင်းဟာ ခင်းရဲ့ တမင်မတွေ့တွေ့အောင် ကြိုးစားမှုကြောင့်ပဲဖြစ်မှာပါ။

ပြောရရင် ကိုယ်နဲ့ခင်းက အသက်ချင်းတော့ သိပ်မကွာပါဘူး။ ကိုယ်က သူ့ထက်ကြီးလှ တစ်နှစ်, နှစ်နှစ်လောက်ပေါ့။ ဒါပေမဲ့ ဘယ်သူ့သွားမေးမေး ကိုယ့်ကိုသာ ဗွေးတုတ်ထက် ငယ်တယ်လို့ ပြောကြမှာပါပဲ။ အဲဒီလောက်ထိအောင် ကိုယ်က အရွယ်တင်ပြီးတော့ သူက အိုစာနေတာလေ။

ကိုယ်က အရွယ်တင်တယ်ဆိုပေမယ့် အသက်သုံးဆယ့်ငါးကို နှစ်နှစ်စွန်းလာပြီဆိုတော့ ယောက်ျားတို့ရဲ့ထုံးစံအတိုင်း နဖူးလေးက ပြောင်လာတာတို့၊ ဗိုက်လေးက ရွှဲလာတာတို့လောက်တော့ ရှိနေပြီပေါ့။ အဲဒီလိုဖြစ်နေတဲ့ ကိုယ့်ထက်တောင် ဒီဗွေးတုတ်ဆိုဟဲ့ အပျိုကြီးမက ပိုမိုအိုစာတယ်ဆိုတော့ကာ ဗွေးတုတ်ရဲ့ပုံပန်းသဏ္ဌာန်ဟာ ဘယ်လောက်စိတ်ပျက်စရာကောင်းနေပြီလဲဆိုတာ စဉ်းစားသာကြည့်ပေတော့။

"ကိုကိုဗလ ... ဘယ်ကလာတာလဲ"

ကဲ ... ကြည့်။ မပြောဘူးလား။ ခေါ်တာကိုက စိတ်ပျက်စရာဘယ်လောက်ကောင်းသလဲဆိုတာ။ သူ့ထက်ကိုယ်က တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါးလောက် ... အဲ ... နှစ်နှစ်နီးပါးတောင်မဟုတ်၊ တစ်နှစ်နဲ့ နှစ်နှစ်ကြားကို သေချာခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် တစ်နှစ်ဖက်ကိုတောင် ပိုပြီး နီးနေနိုင်တဲ့ အစွန်းထွက်မှုလေးသာရှိတဲ့ ကိုယ့်ကို သူက ကိုကိုတစ်ခေါ်ခေါ်လားဗျာ။ ကိုဗလလောက်ဆို တော်ပြီပေါ့။

"ငါ့ဘာသာ ဘယ်ကလာလာပေါ့၊ နင့်အပူပါလို့လား"

"အပါးပါး ..."



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ "အဟီးဟီး ..." ဆိုတာကြီးကိုလည်း တော်တော့်ကို စွားကြားပျင်းကပ်တာပါ။ စကားပြောတော့မယ်ဆိုတာနဲ့ အဲဒီ အဟီးဟီးဆိုတာကြီးက ရှေ့တော်ပြေးအနေနဲ့ ထွက်လာပြီ။ ဘာမှမဆိုင်လည်း အဲဒီ အဟီးဟီးကြီးက ပါတာပဲ။

ကိုယ့်ရဲ့ ချစ်လှစွာသော ခင်ခင်နုလေးနဲ့များ ကွာချင်တိုင်းကိုကွာတာ။ ကိုယ့်ခင်ခင်နုလေးမှာတော့ လမ်းလျှောက်ရင်လည်း ဆင်မယဉ်သာလေး။ ရယ်တာတောင်မှ ပါးစပ်ကလေးကို လက်ကလေးနဲ့ ကာပြီးတော့ အသံလေးထွက်တယ်ဆိုရုံလေးရယ်တာ။ ဘယ်လောက်ရင်ခုန်ဖို့ ကောင်းလိုက်သလဲ။

ဒီအပျိုကြီးပွေးကုတ်တဲ့ ဖွေးတုတ်ကတော့ ရယ်လိုက်ပြီဆိုတာနဲ့ သူနေတဲ့ အရှေ့ဘက်ရွာထိပ်ကနေ ဟိုးရွာနောက်ဘက်ခြမ်းကအထိ ကြားရလောက်အောင် အသံဗြဲကြီးနဲ့ မြင်းဟီသလို တဟီးဟီးရယ်တော့တာ။ အဲဒါကြောင့်ပဲ သူ့ကိုဘယ်ကာလသားကမှ မကြိုက်ဘဲ ရောင်းမထွက်တဲ့ အပျိုကြီးဘဝရောက်နေတာလေ။ ဒါနဲ့များ ဒင်းက ကိုယ့်လို ရွာရဲ့ဥက္ကဌသားတစ်ယောက်ကို တက်မှန်းနေသေးတာ အံ့ဩပါရဲ့ဗျာ။

"သြော် ... ကိုကိုဗလကလည်း တွေ့တာနဲ့ ရလစ်မ်းတွေက တိုက်တော့တာပဲ၊ ဖွေးတုတ်က ဒီလိုပဲ နှုတ်ဆက်စကား ပြောတဲ့ဟာကို"

"ဒီမှာ ဘာမှနှုတ်ဆက်စကားတွေ၊ လောကွတ်တွေ လုပ်နေစရာ မလိုဘူး။ နင့်နှဲ့ငါဆိုတာ ဟိုးငယ်ငယ်လေးကတည်းက တစ်ရွာတည်းနေလာတာ၊ နင့်ဖင်မှာ ပွေးကွက်ဘယ်နှစ်ကွက်ရှိတယ်





ဆိုတာကအစ ငါ သိပြီးသား။ ဘာမှလာလုပ်မနေနဲ့"

ဖင်မှာပွေးပေါက်တဲ့အကြောင်းကို လူကြားမှာစိုးသွားဟန်နဲ့ ကြီးပွေးတုတ်က ဟိုကြည့်ဒီကြည့် ကြည့်လိုက်ပြီးမှ ...

"အင် ... ကို ... ကိုကိုဗလကလည်း အဲဒါတွေ မပြောနဲ့လေ၊ ပွေး ... ပွေးပေါက်တာက ငယ်ငယ်တုန်းကပါ၊ အခု ပွေး မရှိတော့ပါဘူး။ ဖွေးတုတ် ... ပွေးမကုတ်တော့ဘူး ... ဟီးဟီး ..."

"ဒါဆို ဘာပြောင်းကုတ်နေလဲ"

"ဂျုတ်တွေလေ ..."

"ဟမ် ..."

"အာ ... မဟုတ်ပါဘူး ကိုကိုဗလရယ်၊ ဘာမှမကုတ်တော့ပါဘူး"

"အေးအေး ... မကုတ်ရင်လည်း ပြီးတာပဲ၊ ငါသွားပြီ"

"သြော် ... နေ ... နေပါဦးကိုကိုဗလရဲ့၊ ဖွေးတုတ် ပြောစရာ ရှိလို့ပါ"

ကြာကြာ စကားပြောမနေချင်တာမို့ ခပ်မြန်မြန်စကားဖြတ်ကာ ထွက်သွားဖို့လုပ်ပေမယ့် ဖွေးတုတ်က ဆွဲထားတာကြောင့် အရှိန်ယူလိုက်တဲ့ ကိုယ်က နောက်ကိုပြန်လန်သွားရတော့တယ်။ စိတ်မရှည်သလို ကြည့်လိုက်ရင်းက ...

"ဘာပြောမလို့လဲဟာ၊ ပြော ... မြန်မြန်"

ပြောဆိုတော့လည်း စကားက ချက်ချင်းထွက်မလာ။ သူ့ဘာသာ တွေကိုတွေးပြီး ဘာတွေကိုရှက်နေမှန်းမသိဘဲ ရှက်သွေးတွေ ... ကောင်ကို ပေကလပ်ပေကလပ်လုပ်ကာ ကြားထဲတွေမှာ ...



www.burmeseclassic.com

www.burmeseclassic.com

ကြီးဝင်ကာ မည်းသဲနေတဲ့ လက်သည်းကြီးကို ကိုက်လိုက်ပြီးတော့မှ ဆို လာတယ်။

"အပါ်ယာီး ... ဒီလိုပါ ကိုကိုဗလရဲ့၊ အခုလေ ရန်ကုန်မှာ Miss Universe ပြိုင်ပွဲအတွက် ဖောင်တွေရောင်းနေပြီ တဲ့လေ၊ အဲဒါ ဒီနှစ်ဖွားတုတ် ဝင်ပြိုင်မလားလို့"

နားရှိလို့သာ ကြားရတယ်။ ကိုယ့်နားကိုယ်တောင် မယုံချင် ဖြစ် သွားရသူက ကိုဗလကျော်ရယ်ပါပဲ။ ဖွားတုတ်ကို မယုံနိုင်သလို ကြည့်လိုက် ပြီးမှ ...

"နင်က ... ဒီရုပ် ... ဒီခန္ဓာကိုယ်နဲ့ ..."

ဆိုတော့ ဖွားတုတ်က "အင်းလေ ... ဘာဖြစ်လို့လဲ၊ ဒီမှာကြည့် ပါဦး။ ဖွားတုတ်ခန္ဓာကိုယ်လေးက မလှဘူးလား" ဆိုပြီး၊ ကိုဗလကျော့်ရှေ့မှာ ထင်သာမြင်သာရှိရလေအောင် ခန္ဓာကိုယ်ကို တစ်ပတ်ပတ်ပြလေတယ်။ အသားက သပိတ်နှရောင်တောက်နေကာ၊ ဘော်ဒီက လိပ်ခါးဖားဖင်၊ မျက် လုံးကပြူးပြူး။ ငယ်ငယ်က ခေါင်းထဲမှာ ဒက်တွေပေါက်လို့ အနာရွတ်တွေ ကျန်ကာ ကွက်တိကွက်ကျဲဖြစ်နေတဲ့ဆံပင်တွေက ဖောသွပ်ပီပီ နေပူစပ်ခါးမှာ ထယ်ထဲဆင်းကာ တောလုပ်တောကိုင်လုပ်ထားရသူမို့ မီးကျွမ်းထားသလို တောတဲတိ ကောက်ကွေးဖြစ်နေသေးကာ ခြေသလုံးတစ်လုံးတစ်လုံးဟာ လည်း ဆင်ခြေထောက်ရောဂါဖြစ်နေတဲ့ ဂေါ်ဇီလာခြေထောက်တွေအလား ဒါတို့တောင် သူက အလှမယ်ပြိုင်ပွဲဝင်လိုက်ဦးမတဲ့။ ဘုရား ဘုရား ... တယ်တော်မူပါ။

ကိုဗလကျော်ခမျာ ဖွားတုတ်ကိုကြည့်ကာ အော်ဂလီဆန်သွား ရတယ်။

"ထွီ ... ရွံလိုက်တာ၊ Miss Universe မပြောနဲ့ Grandmother Universe ပြိုင်ပွဲဆိုရင်တောင် နင့်မြင်တာနဲ့ ဖောင်ရောင်းပေး မှာ မဟုတ်ဘူး"

အမြင်ကပ်ကပ်နဲ့ပြောပစ်လိုက်တဲ့ ကိုဗလကျော့် မှတ်ချက်ကြောင့် ဖွားတုတ်က ရုပ်ရှင်မင်းသမီးအိုက်တင်မျိုးနဲ့ နားနှစ်ဖက်ကို လက်နှစ်ဖက်နဲ့ တန်ပါပါပိတ်ထားလိုက်ရင်းက ...

"အို ... ပြောရက်လိုက်တာ၊ ပြောရက်လိုက်တာ ကိုကိုဗလရယ်၊ ဖွားတုတ် ဒီလောက်ချောတဲ့ဟာကို"

အမယ်လေးလေး ...။ ဒီအရူးမကို ဘယ်သူကများ မြှောက်ပေး လိုက်တယ်မသိပါဘူး။ မြင်ရကြားရတာ သေချင်စော်တောင် နံလိုက်တာ ဆိုတာ။ ရွာထဲက အရူးမဥမ္မာဒန္တီကို သွားပြိုင်နိုင်းရင်တောင်မှ ဘယ်လောက်ပဲ ရုပ်ဆိုးဆိုး မြန်မာလူမျိုးတို့ရဲ့မျိုးချစ်စိတ်နဲ့ ပိုင်းဗုတ်ပေးကြလို့ အင်တာနက် ဆုလေးတော့ ရနိုင်သေးတယ်။ ဒီဖွားတုတ်မကတော့ ... ဟင်း ...။

ကိုဗလကျော်က စိတ်ပျက်လက်ပျက်ကြားကနေပဲ ရယ်ကျဲကျဲ လုပ် လိုက်မိကာ ခေါင်းတညိတ်ညိတ်နဲ့ ...

"အေးပါ ... အေးပါ၊ နင့်ဘာသာပြိုင်ချင်လည်း သွားပြိုင်ပေါ့ဟာ၊ ဒါပေမဲ့ ... စေတနာနဲ့ပြောလိုက်မယ်၊ နင် တောထဲကို ထင်းခွေ သွားရင် သတိထားသွားသိလား"

ဆိုတော့ ဖွားတုတ်ရဲ့မျက်လုံးတွေက ဝိက်ဝင်စားမှုကြောင့် အရောင် တွေ တလက်လက်ဖြစ်သွားရတော့ကာ ...







www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ . . . ကိုကိုဗလရဲ့ . . ."

"အခုရက်ပိုင်း မြို့ဘက်ကလူတချို့ တောပစ်ထွက်လာတယ် ကြားတယ်ဟ၊ အဲဒါ နင့်ကို တောဝက်နဲ့ မှားဖမ်းသွားမှာစိုးလို့"

"ငင် ! "

❑

"ကျုပ်ကတော့ မလှိုင်ထားထားမြင့်ဆိုင်းကို ငှားချင်တယ်ဗျာ၊ ကျုပ်က ထားထားမြင့်ပရိသတ်ဆိုတော့ ကျုပ်အလှူကို သူနဲ့ပဲ လှူချင်တယ်၊ ရှာနီးချုပ်စပ်က အလှူတွေမှာ မလှိုင်ထားထားမြင့်ဆိုင်းပါလေတိုင်း ကျုပ်က တစ်ပွဲမှ အလွတ်ခံခဲ့တာမဟုတ်ဘူး။ သူ့ရဲ့ 'ကိုကိုဘယ်ရှာသားလဲ' သီချင်းဆိုရင် ကျုပ်မိန်းမကလည်း သိပ်ကြိုက်တာဗျာ၊ နော့ . . . မရွှေ"

"ဒါပေါ့တော့၊ ထားထားမြင့်ကို အရင်သွားချိတ်မှာနော်၊ ထားထားမြင့် အားတဲ့ရက်အပေါ်မှာမှ အလှူရက်ကို သတ်မှတ်မယ်၊ ကျန်တဲ့ အလှူနဲ့ပတ်သက်တဲ့ကိစ္စတွေဘာတွေကို ဒီက ဥက္ကဋ္ဌနဲ့ ရွာက လူကြီးတွေ ကြိုက်သလိုစီစဉ်ပါ၊ ထားထားမြင့်ကို ငှားမယ့်ကိစ္စတတော့ ရမှကိုဖြစ်မယ်"

အလှူလှူမယ့် ကိုသောင်းထိုက်နဲ့ဒေါ်ရွှေမိတို့လင်မယားကို ဥက္ကဋ္ဌ ဦးသာအေးတာ ဝေ့ကြည့်လိုက်မိတယ်။ နှစ်ယောက်စလုံးက အလှူရက်ကို





တောင် မလှိုင်ထားထားမြင့် မင်္ဂလာဆိုင်းအဖွဲ့ရတဲ့နေ့ကိုမှ သတ်မှတ်မယ်ဆိုတာကို အလှူလှူဖို့ သူတို့တွေ ပိုက်ဆံစုပါပြီဆိုကတည်းက ကြေညာထားကြတာ။ အခုလို လှူတော့မယ်ဆိုတဲ့အခါမှာတော့ ဂျန်တာတွေသူတို့နားမလည်။ လှူမယ်ဆိုတာကိုသာ ဆန္ဒရှိလျက် ကျန်တာတွေ စိတ်မဝင်စား။ သူတို့စိတ်ဝင်စားတာ၊ သူတို့သိတာ မလှိုင်ထားထားမြင့်ကို မရအရ ငှားနိုင်ရေးပင်။

အဲဒါကြောင့် အခုလို ရွာလူကြီးတချို့နဲ့အတူ အလှူအတွက် အစည်းဝေးထိုင်နေကြတာရယ်ပါ။

"အေးပါ . . . ထားထားမြင့်ငှားတာလည်း ငှားတာပေါ့၊ ဒါပေမဲ့ အခုက ရွာမှာ အလှူတွေ တအားစိပ်နေတာမဟုတ်လား၊ ဒီတော့ တခြားလူတွေ ရာထားတဲ့ရက်နဲ့လည်း တအားကြီး ကပ်နေမှာ စိုးရတယ်ဗျာ၊ ဒါကိုလည်း ထည့်တွက်ဖို့တော့ လိုတယ်"

အခုအချိန်က ပွင့်လင်းရာသီလို့ပြောရမယ့်အချိန်ဆိုတော့ ရွာမှာကလည်း အလှူက များတယ်လေ။ လှူလိုက်တိုင်းလည်း ရွာဥက္ကဋ္ဌဖြစ်တဲ့ ဦးသာအေးကသာ အစစဦးဆောင်ရတာဆိုတော့ ဘယ်သူဘယ်အချိန် လှူမယ်ဆိုတာကို အကုန်သိတယ်။ သိဆို . . . ဦးသာအေးပဲ ရွာဦးဘုန်းကြီးကျောင်းဆရာတော်ကြီးနဲ့ တိုင်ပင်ပြီး နေ့ကောင်းရက်မြတ်ရွေးရ။ တစ်လှူနဲ့တစ်လှူ ရက်တွေတအားကပ်မနေရအောင် စီစဉ်ရနဲ့ လုပ်ရတာမဟုတ်လား။

"ကျုပ်ကတော့ ဒီတစ်လနှစ်လအတွင်းမှာပဲ လှူချင်တယ်ဗျာ၊ တောင်ပြုံးပွဲတော်ကလည်း ရှိသေးတယ်မဟုတ်လား၊ တောင်ပြုံးပွဲတော်ချိန်နဲ့ တိုက်နေမှာလည်း စိုးရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"တောင်ပြုံးပွဲက သုံးလလောက်လိုပါသေးတယ်ဗျာ၊ မတိုက်နိုင်ပါဘူး။ ဒီတစ်လနှစ်လလောက်အတွင်း စီစဉ်ရင်တော့ လွတ်ပါတယ်"

တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းအကြံပေးကြ၊ အဆိုတင်သွင်းကြနဲ့ စကားဝိုင်းက တစ်နာရီကျော်ကျော်ကြာတဲ့အထိ မပြီးပြတ်ကြသေး။ ဒီအချိန်မှာပဲ သီချင်းလေးတအေးအေးနဲ့ ခြံထဲကို ခုန်ဆွခုန်ဆွလုပ်ကာ ဝင်လာတာက ဉမ္မာဒန္တီ။

ဉမ္မာဒန္တီဆိုတာက သူတို့ရွာက အရူးမ။ မီးတွင်းထဲမှာ ကလေးက အသေမွေးသလို ယောကျ်ားဖြစ်သူကလည်း ပိုးထိလို့ဆုံးသွားရာက စိတ်ဖောက်ပြန်သွားရှာတာ။ ခပ်ရိုင်းရိုင်းပြောရရင် လင်တရူးလိုဖြစ်နေတဲ့ ဉမ္မာဒန္တီကို တစ်ရွာလုံးက ဝိုင်းဝန်းကျွေးမွေး ပြုစုစောင့်ရှောက်ထားကြရတာပါ။ စောင့်ရှောက်မယ့်သူမရှိဘူးလားဆိုတော့လည်း မဟုတ်ပါဘူး။ သူ့မှာ မိခင်ဖြစ်သူ ဒေါ်စိန်တင်တော့ ရှိပါရဲ့။

ဒါပေမဲ့လို့ ဒေါ်စိန်တင်ကလည်း မုဆိုးမပီပီ မိုးလင်းကမိုးချုပ် စားဝတ်နေရေးအတွက် ဈေးရောင်းထွက်နေတဲ့အချိန်က ခပ်များများဆိုတော့ ရွာမှာရှိတဲ့လူတွေအားလုံးကပဲ ဉမ္မာဒန္တီကို ကိုယ့်ညီမ၊ အစ်မတစ်ယောက်လို ဝိုင်းဝန်းစရာအသက် ချမ်းခင်စောင့်ရှောက်ထားရတာလေ။ ဉမ္မာဒန္တီကလည်း ရွာထဲက လူတွေကို ချစ်ရှာပါတယ်။

ဒါပေမဲ့ ... သူချစ်တာက မိန်းမတွေ တစ်ယောက်မှမပါ။ ယောကျ်ားတွေကိုသာ။ မြင်မြင်သမျှ ယောကျ်ားတိုင်းဟာ ဉမ္မာဒန္တီ့အဖို့မှာတော့ သူ့ယောကျ်ားတွေချည်းပါပဲ။





"ဉက္ကဋ္ဌတို့ ဘာလုပ်နေကြတာတုန်းတော့"

ဉမ္မာဒန္တီက အရူးဆိုပေမယ့် ဘယ်သူက ဘာဆိုတာကိုတော့ သိတယ်။ လူတွေကိုလည်း နာမည်နဲ့လူနဲ့ မှတ်မိတတ်တယ်။

"ဟာ ... မစာဉရေ၊ မြွေ ... မြွေလာတယ်ဟေ့၊ ကြည့်ထိန်းဦး"

"ဟင် ... မြွေ ... မြွေဟုတ်လား။ ဘယ်မှာလဲ၊ ဘယ်မှာလဲဟင် ..."

ဦးသာအေးက ဇနီးဖြစ်သူ ဒေါ်စာဉကို ဉမ္မာဒန္တီကိုထိန်းဖို့အတွက် လှမ်းအော်လိုက်မှပဲ ပိုဆိုးတော့တယ်။ အစက စကားဝိုင်းနားမှာပဲ လာရပ်တာ မေးနေတဲ့ ဉမ္မာဒန္တီက မြွေဆိုတဲ့အသံလည်း ကြားရော ကွပ်ပျစ်ပေါ်မှာ ဝိုင်းဖွဲ့ကာ စကားပြောနေကြတဲ့ လူတွေကြားထဲကို အတင်းခုန်တက် တိုးဝင်လာတော့တယ်။ တိုးဝင်လာပြီးတော့လည်း ဒီအတိုင်းမနေ။ အနားမှာရှိတဲ့ လူတွေရဲ့ ပုဆိုးတွေ၊ ထဘီတွေကို လိုက်လှန်ကာ "မြွေ ... မြွေက ဘယ်ထဲဝင်သွားတာလဲ၊ ရှာကြလေ၊ ရှာကြ၊ မြွေကိုက်ရင် သေတတ်တယ်တော့၊ မြွေကိုက်ရင် သေတတ်တယ်" ဆိုပြီး တစ်ယောက်တည်း ပျာယာတွေခတ်နေတယ်။ ယောကျ်ားဖြစ်သူက မြွေကိုက်လို့သေထားတာမဟုတ်လား။ အဲဒါကို စိတ်ထဲမှာ အသေအလဲစွဲနေပုံမျိုးပါပဲ။

"ဩော် ... ဒီကလေးမနဲ့တော့ ခက်နေချေပြီ၊ မစာဉရေ ... လာစမ်းပါဦးဆိုကွာ၊ ဒီတစ်ယောက်ကို ထောထိန်းစမ်းပါဦး၊ ဒီမှာ စကားပြောလို့မရတော့ဘူး"

ဦးသာအေးက ဇနီးဖြစ်သူကို ထပ်အော်ခေါ်လိုက်တော့မှ ဒေါ်စာဉက အိမ်ထဲကနေ ခပ်သွက်သွက် ထွက်လာတယ်။ ဉမ္မာဒန္တီ ပြေပျက်နေပုံကို

www.burmeseclassic.com

www.burmeseclassic.com



အတွေ့မှာတော့ မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားရတော့ကာ ...

"ဟဲ့ ... ဟဲ့ ... ဩော် ... ဒီကလေးမနဲ့ကလည်း တစ်ခု
ပါလား။ လာလာ ... ဒီကို၊ လူကြီးတွေက ရွာမှာအလှူ
အတွက် တိုင်ပင်နေကြတာ သမီးရဲ့၊ လာလာ ... အဒေါ် မု
ကြွေးမယ်"

ဆိုပြီး လွတ်ရာကို ဆွဲခေါ်ဖို့လုပ်ရတယ်။ ဒါကိုတောင် အလှူ
ဆိုတဲ့အသံကိုကြားသွားတဲ့ ဥမ္မာဒန္တီရဲ့ပုံစံက ချက်ချင်းရွှင်ပျသွားတော့ကာ
ဒေါ်စာဥရဲ့လက်တွေကို ဝမ်းသာအားရကြီး လှုပ်ရမ်းရင်း မေးတယ်။

"ဟင် ... အလှူ ... အလှူဟုတ်လား"

"အင်း ... ဟုတ်တယ်, ဟုတ်တယ်၊ အလှူလေ၊ ဆိုင်းတွေ
ကလို့ရတယ်၊ မပျော်ဘူးလား"

"ပျော်တယ်၊ ပျော်တယ်၊ ဟီးဟီး ... ဥက္ကဋ္ဌကြီး၊ ကျုပ်ကိုလည်း
အလှူလာခွင့်ပေးနော်၊ ကျုပ်လည်း အလှူလာချင်တယ်တော့"

"အေး ... အေးပါဟာ၊ လာခဲ့ ... လာခဲ့"

"ဟီးဟီး ... အဲဒါကြောင့် ဥက္ကဋ္ဌကို ကျုပ်က ချစ်ရတာတော့
ဟီးဟီး ... ကောက်ရိုးပုံပေါ်မှာ ရှင့်နဲ့အိပ်ခဲ့တာကို အခုထိကို
မမေ့သေးဘူး"

ဥက္ကဋ္ဌဦးသာအေးရဲ့မျက်နှာက ရဲတွတ်သွားရသလို ရွာလူကြီးတွေရဲ့
မျက်နှာတွေကလည်း ပြူးစီစီတွေဖြစ်ကုန်ကြတော့တယ်။ ဒါမျိုးက ဥမ္မာဒန္တီ
ဆီကနေ ခဏခဏကြားရလေ့ရှိတဲ့ စကားမျိုးမှန်းလည်းသိ၊ တကယ်မဟုတ်
မှန်းလည်း သိကြပေမယ့် တစ်ရွာလုံးက လေးစားရတဲ့ ဥက္ကဋ္ဌက အပြောခံ





လိုက်ရတာဆိုတော့ အားလုံးက ရယ်ချင်သွားကြတာတော့ အမှန်ပါပဲ။

"ဟော ... ဖွာ ... ဒီကောင်မလေးနဲ့တော့ ခက်ပြီ၊ မစာဥ ...
သူ့ကို ဝေးရာခေါ်သွားစမ်းပါဟာ"

ဒေါ်စာဥက ဥမ္မာဒန္တီ့လက်ကိုဆွဲကာ "လာပါ သမီးရယ်" ပဲ ဆိုကာ
ရှိသေးတယ်။ ဥမ္မာဒန္တီဆီက စကားသံ ဆက်ထွက်လာပြန်တယ်။

"အမယ်လေးတော် ... အခုမှ ရှက်မနေစမ်းပါနဲ့၊ တော်နဲ့ကျုပ်နဲ့
အိပ်ခဲ့တာက အဲဒီတစ်ခါတည်းမှ မဟုတ်တာတော့၊ ကောက်ရိုးပုံ
ပေါ်မှာက သုံးခါ၊ ရွာထိပ်က သရက်ပင်ကြီးအောက်မှာက နှစ်ခါ
..."

ဒီတစ်ခါတော့ ရွာလူကြီးတွေရော၊ အလှူဒါယိကာ ကိုသောင်းထိုက်
နဲ့မရွှေမိတို့ပါ ပြုံးရုံတင်မဟုတ်ဘဲ အသံထွက်ပြီးတော့ကို တခိခိ တခွိခွိ
ရယ်မိကြတော့တယ်။ ဦးသာအေးမှာတော့ မျက်နှာ ဘယ်နားထားရမှန်းကို
မသိအောင် ဖြစ်သွားရကာ စိတ်အချဉ်ပေါက်ပေါက်နဲ့ မိန်းမဖြစ်သူကိုပဲ
အော်မိတော့တယ်။ ဝေးဝေးခေါ်သွားပါလို့ ပြောနေတာကို မိန်းမလုပ်တဲ့
လူကလည်း မထုံတက်သေးနဲ့။ ဒီအရူးမလေးကလည်း လူစုံပြီဆို လုပ်ပြီပဲ။
သူပြောတာတွေက တကယ်မဟုတ်ပေမယ့်လည်း မျက်နှာပူစရာကြီးတွေ
မဟုတ်လား။ ပြီးတော့ ကိုယ်က ရွာထဲမှာ ဥက္ကဋ္ဌဖြစ်တဲ့အတွက် ဟိတ်နဲ့ဟန်
နဲ့ လူရိုသေအောင်နေတဲ့သူ။ အခုတော့ မရှိမယ့်ရှိမယ့် ဆွဲတင်ထားရတဲ့
ဂုဏ်သိက္ခာလေးတွေ ကုန်ပါပြီ။

"ဟား ... ပြောလေ ကဲလေပါလား၊ ဒေါ်စာဥ ... သူ့ကို ရအောင်
ခေါ်သွားပါဆိုကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စာဥက ဥမ္မာဒန္တီကို လွှတ်ရာကျွတ်ရာ အိမ်ထဲတက် ဆွဲခေါ်သွင်း သွားတော့မှပဲ စကားဝိုင်းကို ပြန်စရတယ်။ ဒါပေမဲ့ . . . အကုန်လုံးရဲ့ မျက်နှာက မျက်နှာပိုးမသေကြတော့ဘူး။ ဦးသာအေးကိုကြည့်ပြီး ရယ်ချင်စိတ်ကို မနည်း အောင့်အီးထားရတဲ့ ရုပ်တွေနဲ့။ ဟိုအရူးမလေးကလည်း အိမ်ထဲဝင်ကာ နီးမှာတောင် ကိုယ့်ဘက်လှည့်ပြီး "ဒီနေ့ည တွေ့နေကျ ကောက်ရိုးပုံပေါ်ကပဲ စောင့်နေမယ်နော် ဥက္ကဋ္ဌ" လုပ်သွားသေးတယ်လေ။

❑❑❑



## ရန်ကုန်မြို့ (၃)

မေမိခင်မောင်ဝင်းက အကျီတစ်ထည်ကိုယူဖို့အတွက် လက်အလှမ်း မှာတင် ကိုယ့်လိုပဲ အခြားလက်တစ်ဖက်က ကိုယ်လက်လှမ်းနေတဲ့ အကျီ ဆီကိုရောက်လာ၊ အဲဒီလက်တစ်ဖက်ရဲ့ပိုင်ရှင်ကိုလည်း မြင်လိုက်ရတဲ့အခါ မှာတော့ လူက စိတ်အပျက်ကြီး ပျက်သွားရလေတယ်။

ဂျူးဂျူးမြင့်သိန်း။ ဒီတစ်ယောက်က ဘယ်အချိန်ထိအောင်များ ကိုယ့်ကို လိုက်ပြိုင်နေမှာပါလိမ့်။ သူဘယ်လောက်ပြိုင်ပြိုင် ဖားတုလို့ခရုန် အိုင်ပျက်ရုံပဲရှိတယ်ဆိုတာ မသိလေရော့သလား။

"နင်" ဆိုပြီး ဘာမှဆက်မပြောချင်တော့လောက်အောင် ဖြစ်သွား ရသလို တစ်ဖက်ကလည်း ကိုယ့်ကို အခုမှမြင်သွားဟန်နဲ့ "ဩော်. . . နင်" ဆိုပြီး ဘာမှဆက်မထွက်လာ။ နောက်တော့မှ နှစ်ယောက်စလုံးရဲ့အကြည့်တ



www.burmeseclassic.com

www.burmeseclassic.com



အကျီ်ချီကို ပြန်ရောက်။ အကျီ်ကို နှစ်ယောက်စလုံး ဆတ်ခနဲပြိုင်တူလိုလိုပင် ဆွဲယူလိုက်ကြ။

တစ်ဖက်တစ်ချက်ကနေ ကိုယ့်ဘက်ကိုဆွဲယူလိုက်ကြတာမို့ အကျီ်က နှစ်ယောက်သားရဲ့ကြားမှာ တင်းခနဲဖြစ်သွားတယ်။

"ဟဲ့ ... ဒီအကျီ်က ငါ အရင်မြင်ထားတာဟဲ့"

ကိုယ်က ပက်ခနဲ အော်ပစ်လိုက်တော့ ဂျူးဂျူးမြင့်သိန်းကလည်း အမြင်ကတ်စရာကောင်းလောက်အောင် မခို့တရို့ပြုံးလိုက်ရင်းက ...

"လာသေးတယ်၊ ငါ အရင်မြင်တာ၊ ဒီဆိုင်ထဲကို ဝင်လာတာကိုက ဒီအကျီ်ကိုမြင်လိုက်လို့ ဝင်လာတာ၊ သဘောပေါက်"

"ငါက ဒီဆိုင်ထဲကို နင့်ထက် အရင်ရောက်နေတာ ကြာပြီဟဲ့"

"အို ... အဲဒါကိုက နင် ဒီဆိုင်ထဲကိုဝင်ထာတာဟာ ဒီအကျီ် အတွက် ဝင်လာတာမဟုတ်ဘဲ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့် လုပ်ရင်းနဲ့မှ ဒီအကျီ်ကို မြင်လိုက်တယ်ဆိုတာ အသိသာကြီး၊ ငါ က နင့်လိုမဟုတ်ဘူး၊ ဒီဆိုင်ထဲကို ဝင်လာတာဟာ ဒီအကျီ်ကို မြင်လိုက်လို့၊ ဒီအကျီ်အတွက်ပဲ ဒီဆိုင်ထဲကိုဝင်လာတာလေ၊ အဲဒီတော့ ဒီအကျီ်ဟာ ငါ့အတွက်ပဲ ဖြစ်သင့်တယ်"

"တောမှာသွားပြော သိလား၊ တောမှာတောင် ဒါမျိုးတွေ မရတော့ဘူး၊ ဒီဆိုင်ထဲကို ငါ အရင်ရောက်နေတဲ့အတွက် ငါပဲ ဒီအကျီ်ကို ရသင့်တယ်၊ နောက်မှပေါက်တဲ့ ခွေးသေးပန်းပင်က အရင်မပွင့် ချင်စမ်းပါနဲ့"

"အောင်မာ ... နင်သာ ခွေးသေးပန်းပင်ဟဲ့၊ ငါက ကြာပင်၊





"ကြာပင်မှ ပဒုမ္မာရွှေကြာ"

မေမီခင်မောင်ဝင်းက ခေါင်းကိုမော့လှန်ကာပင် တမင်တကာ ရယ် ပေးလိုက်တယ်။ ကိုယ့်ပါးစပ်ကိုယ်မှ အားမနာ၊ ပြောထွက်ရက်တာ အံ့သြစရာ ပါးစပ်ဝဲပေါက်ဦးတော့မှာပဲ။

"ဟက်ဟက် ... ရယ်ရတယ်၊ ဟင်း ... ပြောရင်းနဲ့ကို ခွေးသေး စော်နံ့လာသလိုပဲ၊ လွတ်စမ်းပါဟယ်၊ ငါအချိန်မရဘူး၊ ဘာမဟုတ် တဲ့ ဟာမနဲ့လည်း ပြိုင်ပြီးတော့ မပြောနေချင်တော့ဘူး"

"မိုက်ရိုင်းလှချည်လား၊ ဘယ်ဥက ပေါက်တာလဲ၊ ဟမ် ..."

"ဦးခင်မောင်ဝင်းရဲ့သမီးဟဲ့၊ အချာမဟုတ်ဘူး၊ သွေးရှိရင် ငါ့ နောက်ကြောင်းကို စုံစမ်းလိုက်ဦး"

ဒီတစ်ခါ ရယ်လိုက်မိတာကတော့ ဂျူးဂျူးမြင့်သိန်းရယ်ပါ။ ကြည့် စမ်းပါဦးလေ။ ကိုယ့်လိုလူကိုများ သူက လာဖြဲခြောက်ပြနေဦးမယ်။ တခြား သူဆိုရင်တော့ ကြောက်ချင်ကြောက်လိမ့်မယ်။ ကိုယ်လိုလူကတော့ သူဖြဲ ခြောက်တိုင်း ကြောက်စရာလား။ သူ့ဘာသာ ဖြဲခြောက်ရင်း ပြန်စိမရအောင် အာပြီးတော့သာ ပြဲထွက်ချင်ထွက်သွားလိမ့်မယ်။ ကိုယ်လိုလူကတော့ မှု စရာလား။ သူ့မှာချည်း ဇိတ်ရှိတာမှမဟုတ်တာ။ ကိုယ်လည်းပဲ ခေသူမဟုတ် ထဲကပဲဟာနော်။

"အဲဟက်ဟက် ... နင့်အကြောင်းများ ... လွတ်တော်ထဲက သွားသွားအိပ်ပြီး နိုင်ငံတော်လစာကို လိမ်ယူနေတဲ့ လူကြီးရဲ့သမီး ကများ"

"ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂျူးဂျူးမြင့်သိန်းက ဆတ်စလူးပျားတုတ်ခံလိုက်ရသလို ဖြစ်သွားတဲ့ မေမီခင်မောင်ဝင်းကိုကြည့်ကာ အားတွေ အရကြီး ရသွားရတယ်။ ဟင်းဟင်း ... အဲဒီလောက်နဲ့ တက်မလာနဲ့သိလား။ နင့်လောက်တော့ ငါ့လက်ညှိုးနဲ့တောင် မတောက်ဘူး။ ငါ့နောက်က အထိန်းတော်တစ်ယောက်လောက်ကို လေနဲ့မှုတ်ထုတ်နိုင်းရင်တောင် ကမ္ဘာ့အပြင်ဘက် လွင့်ထွက်သွားမယ့်မိန်းမကလေးများ။

ဂျူးဂျူးမြင့်သိန်းက နှုတ်ခမ်းကို ဟန်ပါပါ မဲ့ပြလိုက်ရင်းက ဆိုလိုက်တယ်။

"မှန်တာပြောတာလေ"

"လာသေးတယ်၊ နင့်အဖေကမှ လွှတ်တော်ထဲမှာ အိပ်နေ လို့ အဲဒီပုံကြီး ဂျာနယ်မျက်နှာဖုံးမှာတောင် ပါလာသေး တယ်လေ၊ ကိုယ့်အဖေအကြောင်းကိုယ်ပြောနေတာလား၊ ဟုတ်လား"

"အောင်မာ ... ငါ့အဖေက အဲဒါ အိပ်နေတာမဟုတ်ဘူး ဟဲ့၊ မျက်လုံးလေးမှိတ်ပြီးတော့ စဉ်းစားနေတာ၊ သိရဲ့လား"

"ဩော် ... ဟုတ်လား၊ ဘယ်နေရာကနေ ဘယ်လိုဝိုက် လိုက်ရမလဲလို့ စဉ်းစားနေတာလား"

"ဘာပြောတယ်၊ အဲဒါ နင့်အဖေဟဲ့၊ နဖွှိအဖေသာ အဲလို ဝိုက်ဖို့ ရိုက်ဖို့အဲဗားစဉ်းစားနေတာ၊ လွှတ်စမ်းဟာ၊ နင်နဲ့ စကားပြောရတာ သနတယ်"

"ဘာတိစွလွှတ်ရမှာလဲ၊ ဒီအင်္ကျီက ငါယူမှာလို့ ပြောပြီးသားကို"

"ဒါ ... ယူ ... မှာ ..."





ဂျူးဂျူးမြင့်သိန်းက တစ်ခွန်းချင်းပြောကာ လုံးဝအလျှော့ မပေးဘဲ အင်္ကျီကို ကိုယ့်ဘက်ပါလာအောင် ခပ်တင်းတင်းပြန်ဆွဲ ထားလိုက်တယ်။ မေမီခင်မောင်ဝင်းလည်း စိတ်မရှည်တော့ဘူး။

"နင်လွှတ်နော်၊ လွှတ်မလား ... မလွှတ်ဘူးလား။ တစ်ခွန်းပဲပြော"

"မလွှတ်ဘူး"

"ကောင်းပြီလေ၊ ဟဲ့ ... ဘာရပ်ကြည့်နေကြတာလဲ၊ ဒီ အင်္ကျီကို ရအောင် ဝင်လုကြစမ်း"

မေမီခင်မောင်ဝင်းက မိမိနောက်မှာ ရပ်ကာနေကြတဲ့ ဘော်ဒီဂတ်နှစ်ယောက်နဲ့အထိန်းတော်အမျိုးသမီးကြီးကို လှည့်ကာ ပြောလိုက်တယ် ဆိုရင်ပဲ သူ့ဆန်စားပြီး ရှိကြတဲ့သူတွေကလည်း မေမီခင်မောင်ဝင်းဘက်က နေ အင်္ကျီကို ဝင်လုဆွဲကြတယ်။

"ဩော် ... ဟော်ဟော် ... နင့်မှာချည်း နောက်လိုက်ပါတာ ကျနေတာပဲ၊ ငါ့မှာလည်း ပါတယ်ဟဲ့ ...၊ နောက်က လူတွေ ... လာဝိုင်းဆွဲလုကြလေ၊ ဘာရပ်လုပ်နေကြတာလဲ၊ အလိုက်ကို မသိကြဘူး"

နှစ်ဖက်အဖွဲ့က တစ်ဖက်နဲ့တစ်ဖက် ဘယ်သူ့ကိုမှ လုံးဝအလျှော့ မပေးဘဲ အင်္ကျီကို တစ်ဖက်လေးယောက်ဆီ ဝိုင်းဆွဲနေကြတယ်။ မသိရင် အင်္ကျီနဲ့ လွန်ဆွဲနေကြတဲ့အတိုင်းပဲ။

ကြာတော့ သူမတို့ကို သိနေတဲ့အတွက် ခပ်လှမ်းလှမ်းကနေ ရှိန်နေပြီးတော့ အသာစောင့်ကြည့်နေတဲ့ ဆိုင်ရှင်အမျိုးသမီးကပဲ အနားကို ရောက်လာရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... နေကြပါဦး၊ နေကြပါဦး ညီမလေးတို့ရယ်၊ နေကြပါဦး"

မေမီခင်မောင်ဝင်းက အင်္ကျီကို အဆွဲမပြုတ် ဆွဲထားရင်းကနေပဲ အသာလှည့်လှမ်းကြည့်လိုက်ကာ ...

"မနေနိုင်ဘူး၊ ဒီအင်္ကျီကို ရမှကိုဖြစ်မယ်"

"ဟုတ်တယ်၊ ကျွန်မလည်း ဒီအင်္ကျီကို ရမှဖြစ်မယ်"

ဂျူးဂျူးမြင့်သိန်းကလည်း အင်္ကျီကို အံကျိတ်ဆွဲထားရင်းက သွားကြားထဲက ထွက်လာတဲ့လေသံမျိုးနဲ့ ပြောတယ်။

"မဟုတ် ... မဟုတ်သေးပါဘူးညီမတို့ရယ်၊ အစ်မတို့မှာလေ၊ ဒီအင်္ကျီနဲ့အရောင်ရော ဒီဇိုင်းရော ဆင်တူတဲ့ နောက်ထပ်အင်္ကျီ တစ်ထည်ရှိပါသေးတယ်၊ လုစရာမလိုပါဘူး ညီမတို့ရယ်၊ ဟို ... တစ်ယောက်တစ်ထည်ယူလို့ရပါတယ် ... အဟင်းဟင်း ..."

ဆိုင်ရှင်က ပြေလည်စေချင်လို့ ဝင်ပြောလိုက်ပေမယ့် အဲဒီမှာ စတွေ့တာပဲဆိုသလို မေမီခင်မောင်ဝင်းက လုံးဝလက်မခံနိုင်ဟန်နဲ့ မျက်မှောင်ကို တွန့်ချိုးပစ်လိုက်ရင်းက ...

"ဘယ်လို ... နောက်တစ်ထည်ရှိသေးတယ်ဟုတ်လား၊ ရှိသေးရင်လည်း အဲဒီတစ်ထည်ကိုရော ဒီတစ်ထည်ကိုရောပါ နှစ်ထည်လုံးကို ကျွန်မယူမယ်၊ သူနဲ့တော့ တစ်ထည်စီခွဲပြီး ဆင်တူမဝတ်နိုင်ပါဘူး။ ကျွန်မက ဦးခင်မောင်ဝင်းရဲ့သမီး မေမီခင်မောင်ဝင်း ရှင့်၊ တခြားသူမှမဟုတ်တာ"

"ရှင် ..."





ဆိုင်ရှင်က ငယ်ထိပ်မြွေပေါက်ခံလိုက်ရသလို အိုက်တင်မျိုးနဲ့ ဖြစ်သွားတယ်။ ဒီမှာတင်ပဲ ဂျူးဂျူးမြင့်သိန်းကလည်း အားကျမခံ သူ့မအံ့ချင်အား ကို ထုတ်ပြတယ်။

"ဒီမှာ ... ကျွန်မကလည်း ဦးမြင့်သိန်းရဲ့သမီး၊ ဂျူးဂျူးမြင့်သိန်း ရှင့်၊ သိတယ်နော်၊ အဲလောက်ဆိုရင် ပေါက်လိုက်တော့၊ သူနဲ့ ဆင်တူဝတ်စရာလား၊ နှစ်ထည်လုံးကို ကျွန်မပဲယူမယ်၊ မရလို့ မဖြစ်ဘူးနော်၊ ဒီအင်္ကျီတွေကို ကျွန်မ မရလို့ကတော့ ခုချက်ချင်း ရှင့်ဆိုင်ကို ဘက်ဟိုးနဲ့ ကုတ်နိုင်းပစ်လိုက်မယ်၊ ဘာမှတ်နေလဲ"

"ရှင် ..."

"မရှင်နဲ့၊ ကျွန်မကလည်း မေမီခင်မောင်ဝင်းနော်၊ နောက်က ခင်မောင်ဝင်းဆိုတဲ့နာမည်ကို သိတယ်မလား၊ အခုချက်ချင်း ရှင့်ဆိုင်ကို ကျူးကျော်မြေဆိုပြီး လာသိမ်းခိုင်းလိုက်လို့ရတယ်နော်"

ဆိုင်ရှင်အမျိုးသမီးကြီးရဲ့မျက်နှာက ပြုံတော့မယ့်မိုးလို အုံ့မှိုင်းမည်း ညို့သွားတယ်။ လူကလည်း အပေါ့သွားချင်ပေမယ့် အိမ် သာထဲက လူက ထွက်မလာသေးလို့ လိမ်ကျစ်ထားရတဲ့ ပုံမျိုးနဲ့ တွန့်လိမ်သွားရတော့ကာ ...

"ရှင် ... အဲ... အဲလိုတော့ မလုပ် ... မလုပ်ကြပါနဲ့ ညီမလေးတို့ ရယ်၊ အစ်မမှာ ဒီဆိုင်လေးပဲရှိတာပါ၊ အစ်မမှာကလေ ဒီဆိုင်လေး က ရတဲ့အမြတ်ငွေလေးနဲ့ပဲ အစ်မရဲ့ချစ်ချစ် မော်ဒယ်လ်ကောင် လေးကို စပွန်ဆာပေး ... အဲလေ၊ မဟုတ်ပါဘူး။ အစ်မရဲ့အမေ အိုကြီးကို လုပ်ကျွေးနေရတာပါ ညီမလေးတို့ရယ်၊ အစ်မဆိုင်လေး



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ မထိလိုက်ပါနဲ့နော်"

ဆိုင်ရှင်အမျိုးသမီးက နှစ်ယောက်စလုံးကို ဒူးပဲပြေးဖက်တော့မလို လို၊ ထိုင်ပဲရှိခိုးတော့မလိုလိုနဲ့ ပြောတယ်။ မပြောလို့ရမလား။ နှစ်ယောက် စလုံးက တကယ့်လုပ်မယ့်ရုပ်တွေ။ ပြီးတော့ သူတို့က ဂျာနယ်တွေ၊ သတင်း စာတွေမှာ အမြဲမပြတ်ပါနေကျ။ ဘယ်နေ့ရာမှာတော့ ဘယ်လိုလုပ်လိုက် တယ်၊ ဘယ်နေရာမှာတော့ ဘယ်လိုသောင်းကျန်းလိုက်တယ်ဆိုပြီး သတင်း မွှေးကြတဲ့သူတွေ မဟုတ်လား။ ဆိုင်ထဲကို မေမိခင်မောင်ဝင်း ဝင်လာက တည်းက မျက်ခုံးက စလှုပ်နေခဲ့ပြီးသား။ ရုတ်တရက် ဂျူးဂျူးမြင့်သိန်းပါ ဝင်လာတာကို မြင်လိုက်စဉ်မှာတော့ မျက်ခုံးမွှေးတွင်မက ရှိသမျှအမွေး အကုန်လှုပ်သွားခဲ့ရတာ ကိုယ်သာအသိဆုံး။ ဒါကြောင့် အချိန်တော်တော် ကြာတဲ့အထိ သူတို့နှစ်ယောက်ရဲ့ ပြဿနာထဲကို ဝန်ထမ်းတွေ ဝင်မပါမိစေ ဖို့ မျက်နှာရိပ်မျက်နှာကဲနဲ့ နေခိုင်းထားခဲ့တာ။ ဒါပေမဲ့ … ရန်ပွဲအရှိန်က တက်လာလို့သာ ကိုယ်က ဆိုင်ရှင်ဆိုတော့ မကောင်းတတ်တာနဲ့ ကြောက် ကြောက်နဲ့ပဲ ဝင်ပါခဲ့ရတာ။ ခုတော့ ပြဿနာက ရှင်းမရအောင် ရှုပ်လေပြီ။ ဘယ်ဘက်ကိုမှလည်း မပါရဲ။ သရေပွဲကိုလည်း နှစ်ယောက်စလုံးက အဖြစ် ခံမယ့်ပုံမပေါ်။ စိတ်ရှုပ်လိုက်တာနော်။

"အဲဒါဆို ဒီလိုက်တော့လေ၊ သူ့ကို ဆိုင်ထဲက ထွက်သွားနိုင်း လိုက်"

ဂျူးဂျူးမြင့်သိန်းက မေဒီခင်မောင်ဝင်းဘက်ကို မေးငေါ့ပြကာ ပြော လိုက်တယ်ဆိုရင်ပဲ မေမိခင်မောင်ဝင်းက ပြဇာတ်တွေထဲက လူကြမ်းမကြီး တစ်ယောက်လို ခေါင်းကို မော့လှန် ရယ်မောလိုက်မိတော့တယ်။





"ဟားဟား … သွေးရှိလား၊ သွေးရှိရင် လုပ်လိုက်လေ၊ လက် ဖျောက်တစ်ချက်တီးလိုက်တာနဲ့ ဒီဆိုင်ကို ချိတ်ပိတ်ပစ်လိုက်မယ် နားလည်လား"

"မလုပ်ပါနဲ့၊ မလုပ်ပါနဲ့ ညီမလေးရယ် …"

ဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ဆိုင်ရှေ့ဘက် လမ်းဆီ ကနေ အသံတွေ အုတ်အုတ်ကျက်ကျက်ထွက်လာတယ်။

"ခရိုနီ … ခရိုနီ …"

"အလိုမရှိ … အလိုမရှိ …"

"ခရိုနီ … ခရိုနီ …"

"အလိုမရှိ … အလိုမရှိ …"

ဒီအသံကိုလည်းကြားရော မေမိခင်မောင်ဝင်းနဲ့ဂျူးဂျူးမြင့်သိန်းတို့ရဲ့ မျက်နှာတွေက သရဲသဘက်ကိုမြင်လိုက်ရသလို တုန်လှုပ်ချောက်ချားသွား ကြကာ ဟိုကြည့်ဒီကြည့် ကြည့်ကာ သူတို့ကိုယ်တိုင်လည်း ဟိုပြေးရမလို၊ ဒီပြေးရမလိုဖြစ်၊ သူတို့ရဲ့နောက်က ဘော်ဒီဂတ်တွေနဲ့ အထိန်းတော်တွေကို လည်း အသံခပ်အုပ်အုပ်နဲ့ သတိပေးကြတယ်။

"ဟင် …"

"ဟဲ့ … ဟဲ့ … ပုန်းကြ … ပုန်းကြ …"

"ပုန်း … ပုန်း … မြန်မြန်ပုန်းကြ …"

"ဩော် … ပုန်းကြပါဆို ဘာလို့ကြောင်ပြီး ရပ်နေကြတာလဲ"

"ဆန္ဒပြတဲ့အဖွဲ့က နည်းတာမဟုတ်ဘူးဟဲ့၊ ငါ့ကိုတွေ့လို့ကတော့ မစားသာဘူး။ ပုန်းပါဆို … နင်တို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



အကုန်လုံးက ဘယ်သူမှ အင်္ကျီဆီမှာ အာရုံမရှိကြတော့တဲ့ လုယက်နေတဲ့ အင်္ကျီကို ဖမ်းချခဲ့ကာ နောက်ထဲ ပြေးသူကပြေး၊ အင်္ကျီတန်းတွေကြားထဲ ပြားပြားဝပ်ကာ ပုန်းသူကပုန်းနဲ့ ကိုယ်ယောင်ဖျောက်ကုန်ကြတယ်။ စောစောက မတည့်တဲ့ မေမီခင်မောင်ဝင်းနဲ့ ဂျူးဂျူးမြင့်သိန်းတို့နှစ်ယောက်ဟာလည်း အင်္ကျီတန်းတစ်ခုရဲ့ နောက်ထဲမှာ တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ်ဖက်ကာ အသက်တောင်မရှူကြ။ ဘယ်လောက်ရန်ဖြစ်ဖြစ် အရေးကြီးတော့လည်း သွေးနီးတယ်ဆိုတာ ဒါမျိုးလားမသိ။

သူမတို့နောက်က ပါလာတဲ့ အထိန်းတော်တွေကလည်း နောက်ဖက်က အဝတ်လဲတဲ့အခန်းထဲမှာ ဝင်နေကြသလို ယောက်ျားလေး ဘော်ဒီဂတ်တွေခမျာလည်း မိန်းမအတွင်းခံတွေချိတ်ထားတဲ့ အတန်းတွေကြားကနေ မျက်လုံးလေးတွေသာဖော်ပြီး လမ်းဘက်က ဆန္ဒပြတဲ့အဖွဲ့ကို ဖြဲရဲချောင်းကြည့်နေကြတော့တယ်။

ဆန္ဒပြတဲ့အဖွဲ့ လွန်သွားတဲ့အခါမှာတော့ သူ့အဖွဲ့နဲ့သူ ဆိုင်ထဲကနေ အလှိုလှို ခပ်မြန်မြန်ပဲ လစ်ထွက်သွားကြတော့တယ်။ အင်္ကျီကိစ္စကိုလည်း ဘယ်သူမှ အာရုံထဲမရှိကြတော့ဘူး။

ဒီတော့မှပဲ ဆိုင်ရှင်အမျိုးသမီးကြီးလည်း ဆိုင်ရှေ့တံခါးဆီကို မြန်မြန်ပြေးတာ ဆိုင်တံခါးကိုပြေးပိတ်၊ "close" ဆိုတဲ့ ဆိုင်းဘုတ်ကိုလည်း တစ်ခါတည်းထောက်ချိတ်။

တော်ကြာ ဟိုနှစ်ယောက်က အင်္ကျီကို ပြန်သတိရပြီး နောက်တစ်ခါ ပြန်လာညှိလာရင် အခက်မဟုတ်လား။ ပြီးတော့မှ ထိုင်ခုံတစ်လုံးမှာ မောမောနဲ့ ပစ်ထိုင်ချလိုက်မိတော့တယ်။





"အမယ်လေး ... တော်ပါသေးရဲ့၊ ဘုရားကယ်ပေလို့ ... ဘုရားကယ်ပေလို့ ..."

❑

ကိုယ့်သားရဲ့စန်းပွင့်ချက်များ သတင်းစာမှာ အိမ်ထောင်ဖက်လိုချင်တဲ့ကြော်ငြာထည့်ပြီး အဲဒီကြော်ငြာတွေမှာလည်း ကိုယ့်သားရဲ့အိမ်ထောင်ဖက်ဖြစ်မယ့်မိန်းကလေးအတွက် ရပိုင်ခွင့်တွေ အများအပြားကို ထည့်သွင်းကြေညာထားပါသော်လည်း ကိုယ့်သားရဲ့ဓါတ်ပုံကြောင့် ထင်ပါရဲ့။ ဘယ်မိန်းကလေးမှရောက်မလာခဲ့။ တကယ့်တကယ်ရောက်လာတော့လည်း တစ်ယောက်တည်း။ အဲဒီတစ်ယောက်တည်းသောသူဟာလည်း မိန်းကလေးဆိုတဲ့အရွယ်ကိုပင်ကျော်ကာ အမျိုးသမီးလို့ ခေါ်ရတော့မယ့် အသက်အရွယ်အပိုင်းအခြားကို ရောက်နေခဲ့ပါပြီ။ ပြီးတော့ အဲဒီအမျိုးသမီးရဲ့ပုံပန်းသဏ္ဌာန်ကိုလည်း ကြည့်ပါဦး။

အသားက မည်းမည်း၊ လူက ဝဝမှာ အရပ်ကပုသေးတော့ ကြည့်ရတာ စဉ့်အိုးကြီးလိုလို။ အဲဒီလိုမှာမှ "လဝန်းလေးနဲ့တူတယ် မေ့ကိုလားကွယ်" ဆိုတဲ့သီချင်းအတိုင်းပဲ မျက်နှာပေါ်မှာကလည်း လရဲ့မျက်နှာပြင်လို ချိုင့်တွေ ခွက်တွေ အများကြီးရှိနေသေးကာ အဲဒီချိုင့်တွေခွက်တွေဟာလည်း ဂျပန်ခေတ်ကသာဆိုရင် ဗုံးကျင်းလုပ်ပုန်းဖို့ကောင်းလို့ တော်သေးတာပေါ့ ကြီးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မက ယောက်ျားနှစ်ယောက် ရထားဖူးပြီး တစ်ခုလပ်မုဆိုးမ ဖြစ်နေပေမယ့် အလှအပတွေက အများကြီး ကျန်နေသေးတယ်လေ၊ အဲဒီတော့ အခုလို အန်တီတို့သားနဲ့ ယှဉ်ပြီးရင်တော့ ကျွန်မက ထမင်းလည်း မချက်နိုင်ဘူး၊ အိမ်မှုကိစ္စလည်း လုံးဝမလုပ်နိုင်ဘူးနော်၊ ပြီးတော့ တောက်တိုမယ်ရ ခိုင်းဖို့အတွက် အလုပ်သမားဆယ်ယောက်လောက် ငှားပေးရမယ်၊ ဟိုနားဒီနားသွားဖို့အတွက် လင်ခရူဆာတစ်စီးလောက် ထားပေးရမယ်၊ တစ်လအသုံးစရိတ်ကိုလည်း အနည်းဆုံး သိန်းတစ်ရာလောက်နဲ့မှ အဆင်ပြေမယ် ..."

ခြေချိတ်ထိုင်ကာ တောင်းဆိုလာတဲ့ တောင်းဆိုချက်တွေ တစ်ခုပြီး တစ်ခုကို နားထောင်ရင်းကနေ ဦးသာခွေနဲ့ ဒေါ်မေသဲတို့မှာ တစ်ယောက်ကို တစ်ယောက် အီလည်လည်နဲ့ပဲ ကြည့်နေမိကြတယ်။ တောင်းဆိုချက်တွေ တောင်းဆိုရင်း ခဏရပ်သွားချိန်ရောက်တော့မှ ဦးသာခွေက ကိုယ့်ဆီမှာ ချွေးမနေရာလာလျှောက်တဲ့ ချစ်ချစ်ချောဆိုတဲ့ အမျိုးသမီးကို မဝံ့မရဲဟန်နဲ့ပင် ကြည့်လိုက်မိတော့ကာ မေးရတယ်။

"တော် ... တော်ပြီလားဟင်"

"အင်း ... လောလောဆယ်တော့ ဒီလောက်ပါပဲ၊ ကျန်တာတော့ တဖြည်းဖြည်းချင်းမှပဲ စဉ်းစားပြီးတော့ တောင်းဆိုမယ်လေ"

ဩော် ... ဩော် ... တော်တော့ မတော်သေးဘူး။ ဒီလိုပဲ ပေါ်ရင်းနေရင်းနဲ့မှ လိုအပ်တာကို ဆက်တောင်းဆိုသွားဦးမယ်ဆိုတဲ့ သဘောပေါ့။ ဒေါ်မေသဲက ခပ်ပြုံးပြုံးနဲ့ပဲ ကြည့်နေလိုက်ကာ မေးလိုက်တယ်။





"အိမ် ... အိမ်ထောင်ကျဖူးတယ်ပေါ့နော်"

"ဟုတ်တယ်လေ၊ အိမ်ထောင်ကျဖူးတယ်၊ ဒါပေမဲ့ ... နှစ်ခါတည်းပါရှင်"

"ဩော် ... နှစ်ခါတည်းပဲကိုး ... အဟင်းဟင်း ..."

အီလည်လည်မျက်နှာပေးနဲ့ လေသံကြောင့် ချစ်ချစ်ချောက မျက်မှောင်ကုတ်ကာ ကြည့်ပေးလိုက်ရင်း ...

"ဘာလဲ ... ငြိုငြင်တာလား။ ဒါဆိုလည်း ရတယ်လေ၊ အခု ချက်ချင်းပဲ ထပြန်သွားလိုက်မယ် ..."

"ဩော် ... မဟုတ် ... မဟုတ်ပါဘူး၊ မငြိုငြင်ရက်ပါဘူး၊ အဟင်းဟင်း ... အိမ်ထောင်လေးက နှစ်ခါတည်းပဲကျဖူးတဲ့ဟာ၊ ငြိုငြင်စရာလားလို့၊ အဟင်း ... ဟင်း ... ထိုင်ပါ ... ပြန်ထိုင်ပါနော် ... အဟင်းဟင်း ..."

ချစ်ချစ်ချောက နေရာမှာ ပြန်ထိုင်လိုက်တယ်။ ဒါတောင် သိပ်စိတ်မပါတော့ဘူးနော်ဆိုတဲ့အထာနဲ့။ ပါးစပ်ကလည်း "ငြိုငြင်တတ်ရင် အစကတည်းကပြောနော်၊ ချက်ချင်းထပြန်လိုက်မယ်၊ ကိုယ့်ရှိုးလ်တော့ အကျမခံနိုင်ဘူး" လို့ဆိုသေးတယ်။

"ဒါနဲ့ ... တစ်ခုလောက် ထပ်မေးလို့ရမလားမသိဘူး"

ချစ်ချစ်ချောက မျက်လုံးလေးကို မဝင့်ချင် ဝင့်ချင် ဝင့်ကြည့်လိုက်ရင်း ...

"ဟုတ်ကဲ့ ... မေးကြည့်ကြည့်လေ၊ ရင်ထဲပေါ့သွားတာပေါ့၊ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အန်တီတို့ဆီကနေ ဒီလောက်တောင် တောင်းဆိုနေတာဆိုတော့လေ၊ လက်ရှိဘာအလုပ်များ လုပ်ပြီးတော့ ဘယ်မှာများနေသလဲဆိုတာလေးကို သိချင်လာလို့ပါ"

"ဩော် ... ကျွန်မရဲ့လက်ရှိအလုပ်အကိုင်လား။ အိမ်တာကာလှည့်ပြီးတော့ အဝတ်လျှော်တယ်လေ"

"အင် ..."

ဦးသာခွေနဲ့ဒေါ်မေသဲတို့ တစ်ယောက်ကိုတစ်ယောက် ဘာပြောရမှန်းမသိစွာနဲ့ပဲ ကြည့်လိုက်မိကြတယ်။ တော်တော့ကို မျိုးရိုးကြီးကြီးထဲက လာတာပါလား။ အေးပေါ့လေ ... အဲဒီလောက် မျိုးရိုးကြီးကြီးမှာနေတာဆိုတော့ တော်ရုံတန်ရုံဘဝလေးနဲ့ ဘယ်နေတတ်ပါ့မလဲ။ ဒါကြောင့်သာလင်ခရွှေဆာတို့၊ တစ်လကို အသုံးစရိတ် သိန်းတစ်ရာတို့၊ လက်တိုလက်တောင်းခိုင်းဖို့အတွက် အလုပ်သမားဆယ်ယောက်တို့ တောင်းဆိုတာပေါ့။ ဒီလောက်တော့ တောင်းဆိုသင့်ပါတယ်လေ ...။

ဖြစ်သင့်ပါတယ် ...။ ဖြစ်သင့်ပါတယ်။

"နေတာကတော့ အစွန်အဖျားရပ်ကွက်တစ်ခုက သူငယ်ချင်းအိမ်မှာ အဖီကပ်ထိုးပြီးတော့နေတယ်"

ဦးသာခွေက "မပြောချင်တော့ဘူး။ မြှော်ကိုမပြောချင်တော့ဘူး" ဆိုတဲ့အထာမျိုးနဲ့ သက်ပြင်းမောကြီးကိုသာ ကျိတ်ချကာ ဆိုဖာနောက်မှီကို စိတ်ပျက်လက်ပျက်ကြီးပဲ မှီချလိုက်မိတယ်။ ဒါပေမဲ့ ... စိတ်ပျက်တာကို အပြီးအပိုင်တော့ ထုတ်မပြောရဲဘူး။ ဒီဇမ္ဗူတစ်ခွင်မှာ ကိုယ့်သားကိုယူဖို့ စိတ်ဝင်စားတာဆိုလို့ ဒီချစ်ချစ်ချောတစ်ယောက်ပဲ ရှိတာမဟုတ်လား။ သည်း





ခံ ... သည်းခံ။

အဲဒီလို အင်တာဗျူးနေတဲ့အချိန်မှာပဲ သူတို့အနားကို သားဖြစ်သူ သဲမောင်ရောက်လာတယ်။

"သားရေ ... ဒီမှာလေ၊ မင်းနဲ့ယူရမယ့် ကောင်မလေးကို ကြည့်ပါဦး။ မလှဘူးလား"

ဒေါ်မေသဲရဲ့စကားအဆုံး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြတဲ့အခါမှာတော့ ...။

"ရှင် ... ကျွန်မ,ယူရမှာက ဒီဟာကြီးလား"

"ဗျာ ... ကျွန်တော်က သူ့ကိုယူရမယ်"

အလန့်တကြားနဲ့ ပြိုင်တူထွက်လာတဲ့ စကားသံတွေက အကျယ်ကြီးဆိုတော့ ဦးသာခွေနဲ့ဒေါ်မေသဲတို့တောင် တုန်တက်သွားရတယ်။

"ဟုတ်တယ်လေ သားရဲ့ ... သူပဲ၊ သမီး ... ဒါအန်တီတို့သားလေ၊ ဘာဖြစ်လို့လဲ"

"အမယ်လေးလေး ... မယူနိုင်ဘူး။ လုံးဝမယူနိုင်တော့ဘူး"

"မယူနိုင်ဘူး။ လုံးဝမယူနိုင်ဘူး"

နှစ်ယောက်စလုံးဆီက နောက်တစ်ခါ ပြိုင်တူထွက်လာတဲ့ အသံတွေကလည်း အကြောက်အကန်။ တစ်ယောက်နဲ့တစ်ယောက် မျက်စောင်းတွေကလည်း ထိုးလိုက်သေးတယ်။

"ဟင် ... ဘာ ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ရှင်တို့သားကိုလည်းကြည့်စမ်းပါဦး။ ဆိုးလိုက်တဲ့ရုပ်ဆိုတာများ။ သွားကြီးကိုလည်း ကြည့်စမ်းပါဦး ခေါထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာများ ကျူးကျော်ရပ်ကွက်က အိမ်တွေကို လိုက်ဖြိုနေတဲ့ ဘက်ဟိုကြီးကျနေတာပဲ"

သဲမောင်က ချစ်ချစ်ချောရဲ့အပြောကြောင့် မျက်နှာကို ရှုံ့မဲ့ပစ်လိုက်တယ်။ ကြည့်စမ်းပါဦး ... ကြည့်စမ်းပါဦး။ သူ့ရုပ် သူ့ရည်နဲ့များ ကိုယ့်ကိုပြောလိုက်တာများ။ ကိုယ်ရုပ်ဆိုးမှန်းသိပေမယ့် သူ့ထက်တော့ အပုံကြီး ချောပါသေးတယ်။ ဒါနဲ့များ သူက ကိုယ့်ကို ငြင်းရတယ်တဲ့။ အံ့ဩပါများ အော်လို့တောင် ရယ်လိုက်ချင်သေးတော့တယ်။

"အောင်မာမာ ... ပြောတတ်လိုက်တာ၊ ခင်ဗျားပုံကို ခင်ဗျားလည်း ပြန်ကြည့်စမ်းပါဦး။ မျက်နှာမှာလည်း ဖြူတ်တွေချည်းပဲ၊ ရုပ်ကိုက စဉ့်အိုးပေါ် ငှက်ချေးယိုထားတဲ့ရုပ်နဲ့"

ချစ်ချစ်ချောရဲ့ပုံစံက သဲမောင်ကိုကြည့်ရင်း အခုချက်ချင်းပဲ အံထွက်တော့မယ့်ရုပ်မျိုးနဲ့ ဖြစ်သွားရကာ ဒေါသကလည်း ထွက်ဆိုတော့ ဘယ်ပြောကောင်းမလဲ။ ခါးထောက်ကာ တစ်တစ်ခွခွကို ပြောလာတော့တယ်။

"အမယ်လေးလေး ... ဒီလောက်လှတဲ့ ငါ့ရုပ်လေးကိုများ ပြောရက်လိုက်တာ၊ ပြောရက်လိုက်တာ၊ နင်ကမှ ဥသျှစ်သီး ဖွန်းမလို၊ အဲဒါကြောင့် နင့်ကို ယူမယ့်သူမရှိတာ"

"ခင်ဗျားကမှ အာဖရိက ကျွဲမကို ကစ်တိုက်ထားတဲ့ရုပ်နဲ့၊ ငါ့ကိုများ သူက ငြင်းရတယ်လို့"

"ငါ့ပုံစံတယ်လိုရှိရှိ ငါက ယောက်ျားနှစ်ခါရဖူးတဲ့အတွက် နင့်ထက်တော့ အများကြီးသာတယ်ဟဲ့၊ သိရဲ့လား။ ပြန်မယ် ... ပြန်မယ် သတင်းစာထဲမှာထည့်ထားတဲ့ပုံကို မြင်ကတည်းက ရုပ်ဆိုးမှန်းသိပေမယ့် အပြင်မှာ ဒီလောက်ရုပ်ဆိုးမယ်မှန်း မထင်လို့ လာခဲ့မိတာ မှားတာပဲ၊ ထမင်းစားတောင် တစ်ပတ်လောက် ရှောင်တော့မှာပဲ၊ ကြာကြာနေရင် အန်မိလိမ့်မယ်၊ ပြန်မယ် ... ပြန်မယ် ..."

"ပြန်ပြန် ... မြန်မြန်ပြန်"

"ပြန်မယ် ... ပြန်မယ်"

ချစ်ချစ်ချောက ထပြန်ဖို့လုပ်တော့တာမို့ ဒေါ်မေသဲက မျာမျာသလဲ တန်နဲ့ပဲ ချစ်ချစ်ချောကို ပြေးဆွဲကာ တားထားလိုက်ရတယ်။ အိမ်ထဲရောက်လာပြီးမှတော့ လက်လွှတ်ခံလို့ မရဘူးမဟုတ်လား။ ကိုယ့်သားကိုယူမယ့်သူဟာ ဒီတစ်ယောက်ရဲ့နောက်မှာ ထပ်ပေါ်လာဖို့ဆိုတာ နောက်ထပ် ဘုရားတစ်ဆူပွင့်ရင်တောင် မဖြစ်နိုင်တော့တဲ့ အနေအထားလေ။ ဒီတော့ နောက်ဆုံးမျှော်လင့်ချက် မြက်ပင်လိုဖြစ်နေတဲ့သူ့ကို ဒီအတိုင်းတော့ လက်မလွှတ်လိုက်ချင်ပါ။

"နေ ... နေပါဦး သမီးရယ်၊ အန်တီတို့က သမီးကို အန်တီတို့သားကို ယူတာနဲ့ လင်ခရှဆာတစ်စီးဝယ်ပေးထားမှာလေ သမီးရဲ့"

"အမယ်လေး ... လင်ခရှဆာမပြောနဲ့ လေယာဉ်ပျံဝယ်ပေးရင်တောင် မယူနိုင်တော့ဘူး။ သူ့ကြည့်ရတာ သေင်စိတ်,သားစိတ်ကုန်လွန်းလို့"

ကိုယ့်ကို မျက်စောင်းထိုးကာ ချိုးချိုးဖွဲ့ဖွဲ့ပြောလာတဲ့ ချစ်ချစ်ချောဆိုတဲ့ စဉ့်အိုးမည်းမကြီးကို သဲမောင်က မဲ့ရွဲ့လိုက်ရင်းက "အောင်မလေး ... ဒီကလည်း ခင်ဗျားကိုယူမယ့်အစား ကိုယ့်ဟာကိုယ်ပဲ ဖြုန်းပစ်လိုက်မယ်။





www.burmeseclassic.com

www.burmeseclassic.com



သိလား ... လည်ပင်း ... လည်ပင်း" လို့ ပြောလိုက်မိတယ်။ ဒေါ်မေသဲ ကတော့ လက်မလျှော့ချင်သေး။

"ဒီ ... ဒီလိုတော့ မလုပ်ပါနဲ့ သမီးရယ်၊ ဟို ... အန်တီတို့က သမီးကို ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နဲ့ ထားမှာလေ၊ လက်တိုလက်တောင်းခိုင်းဖို့လည်း အလုပ်သမားဆယ်ယောက် လောက် ငှားထားပေးမှာလေ"

"တော်ပါပြီ ... အလုပ်သမား အယောက်တစ်ရာ ငှားပေးရင် တောင် စိတ်မဝင်စားတော့ဘူး"

"ဟို ... တစ်လကို အသုံးစရိတ်လည်း သိန်းတစ်ရာပေးထားဦး မှာလေ"

"ဟွန်း ... သိန်းတစ်ထောင်ပေးတောင် မယူနိုင်တော့ဘူး။ ပြန်မယ် ... ပြန်မယ် ... ဘာမှထပ်မပြောနဲ့တော့"

ချစ်ချစ်ချောက ဒေါ်မေသဲလက်ထဲကနေ ရုန်းထွက်လိုက်ကာ နောက် ကိုလှည့်မကြည့်စတမ်း လိမ်ကျစ်လိမ်ကျစ်နဲ့ ထွက်သွားတော့တယ်။ ဦးသာ ခွေနဲ့ဒေါ်မေသဲတို့မှာတော့ ကိုယ့်အိမ်ထဲရောက်မှ ပြန်ထွက်သွားရတဲ့ မတော် လိုက်ရတဲ့ ချွေးမကို နှုတ်ပြောလို့မဆုံးတော့။

"သားရယ် ... မင်းပဲ မိန်းမလိုချင်တယ်ဆို"

"မိန်းမတော့လိုချင်တာပေါ့ မေမေရယ်၊ ဒါပေမဲ့ ... နည်းနည်းတော့ ကြည့်ပျော်ရှုပျော်ရှိရဦးမှာပေါ့။ ဒီလောက်ရုပ်ဆိုးဆိုးကြီးကိုတော့ မယူနိုင်ပါဘူး။ သားလိုချင်တာက လူမိန်းမပျာ၊ ဂေါ်ဇီလာမဟုတ် ဘူး"





ကဲ ... ကြည့်။ ကိုယ့်ရုပ်ကသာ နှစ်ပြားမတန်တာ၊ မှန်းတာကျတော့ တစ်ရာတန်မဟုတ်တောင်/ဆယ်ပြားတန်ရုပ်လောက်တော့ ရှိရမတဲ့။ "အံ့ဩဖို့ ကြီးသားရယ်"လို့သာ ဒေါ်မေသဲက ရေရွတ်မိတော့တယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## တောင်ပြုံးရွာ (၄)

"ခင်ရယ် . . . ကိုကျော့်အချစ်ကို ဘာလို့များ အခုထိမယုံသေးတာလဲ၊ ကိုကျော်က ခင့်ကို တကယ်ချစ်တာပါကွာ၊ ကိုကျော့်ဘဝမှာ ခင့်တစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲချစ်ခဲ့တာပါ၊ ဘာလို့များ အခုထိ ကိုကျော့်အပေါ်မှာ စိမ်းကားနေရတာလဲဟင်"

"ကျွန်မမှ ရှင့်ကို မကြိုက်တာ ကိုဗလကျော်ရယ်၊ ရှင့်ကို ကျွန်မ ဒီလောက်ပြောနေတာကို ရှင်ကမှ လက်မလျှော့တာ၊ ပြီးတော့ ကျွန်မက ရှင့်အချစ်ကို မယုံတာမဟုတ်ဘူး၊ ချစ်လို့ကို မရတာ၊ ရင်ကိုမခုန်တာ၊ ရှင့်အချစ်ကို ယုံတယ်၊မယုံဘူးဆိုတဲ့ အဆင့်ထိကို ကျွန်မဘက်က တွေးမကြည့်မိဘူး၊ ရှင့်ကို ရင်မခုန်ဘူးဆိုတဲ့နေရာမှာတင် ရှင်က ကျန်နေခဲ့ပြီးသား"





"ဘာဖြစ်လို့များလဲ ခင်ရယ်၊ ကိုကျော့်မှာ ခင့်ဘက်က ရင်မခုန်လောက်စရာ ဘာပြစ်ချက်တွေများ ရှိနေလို့လဲ၊ ပြောစမ်းပါ . . . ခင်မကြိုက်တဲ့အချက်ရှိရင် အခုပြော၊ ချက်ချင်း ပြင်လိုက်မယ်"

"ပြောရရင်တော့ ရှင့်အတွက် ဒီတစ်သက်မျှော်လင့်ချက် မရှိတော့ဘူး ကိုဗလကျော်၊ ဟိုး . . . ရှေးရာဇဝင်တွေထဲကလို နတ်ရေကန်ထဲ ခုန်ချလိုက်မှပဲ ရတော့မယ်"

"ပြောကြည့်ကြည့်လေ၊ ဘာတွေများမို့လို့လဲ၊ ကိုကြိုးစားပြင်ကြည့်မယ်"

"ကျွတ် . . . မရပါဘူးဆို"

"ရအောင်ပြင်မယ်ကွာ၊ ပြောကြည့်"

ခင်ခင်နုက စိတ်ပျက်လက်ပျက်ကိုပဲ သက်ပြင်းမောကို ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်ကာ လှမ်းလက်စ ခြေလှမ်းတွေကို ရပ်ပစ်လိုက်တယ်။ ဒီကိုဗလကျော်ဆိုတဲ့လူကို ခင်ခင်နု တော်တော့်ကိုပဲ စိတ်ကုန်နေပါပြီ၊ သူ့ကို ခင်ခင်နုဘက်က ဘယ်လောက်ပဲငြင်းငြင်း၊ အမှတ်သည်းခြေကမရှိ။ လူကို မတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့ အဖြေ၊ အဖြေဆိုတာချည်းပဲ။ ကြာတော့ ကိုယ့်မှာ သူတို့အိမ်ရှေ့ကတောင် ဖြတ်မလျှောက်ချင်တော့တဲ့ သူ့တို့အိမ်ရှေ့လမ်းကို တမင်တကာ ကွင်းကွင်းသွားနေမိတာ အတော့်ကိုပဲ ကြာခဲ့ပြီ။ ဥက္ကဋ္ဌတို့ ဥက္ကဋ္ဌကတော်တို့က ခေါ်ရင်တောင် ရှုနိုင်သလောက် အချိန်ဆွဲနေ၊ မရတော့တဲ့အဆုံး သွားရတော့မယ်ဆိုရင်တောင်မှ ကိုဗလကျော် ရှိတဲ့ အချိန်လောက်ကို ရှောင်ပြီးတော့မှ သွားရတာပါ။

ဒါပေမဲ့ . . . တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်နေကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူတွေဆိုတော့ မတွေ့ချင်လို့ကလည်း မရ။ ထင်းခွေမကြုံရင် ရေခပ်တော့ ကြုံတာပဲ။ ဒီလိုအခါမျိုးဆို ကိုယ့်မှာ စိတ်ညစ်ရပြီ။ လူကြားသူကြားထဲလည်း မရှောင်၊ သူလိုချင်တဲ့အဖြေကို ကလေးမုန့်တောင်းသလို နားပူနားဆာလုပ်ကာ တောင်းတတ်လွန်းတာ အတော့်ကိုခက်တာပါ။

ခက်တာက ကိုဗလကျော်ချည်းပဲတော့လည်းမဟုတ်။ ကိုယ်ကတော့ ရော ဘာထူးလို့လဲ။ ကိုယ်နေတဲ့ရွာမှာဆို ကိုယ်က ကွမ်းတောင်ကိုင်။ တစ်ရွာလုံးမှာတင်မဟုတ်၊ အနီးအနားက ရွာတွေထဲမှာဆိုရင်ကို ကိုယ်က အလှဆုံးလို့ပြောလို့ရတော့ ကိုယ့်ကိုယ်ကိုယ် ရွာသားတွေရော၊ တခြားရွာသားတွေရောက ချစ်ခွင့်ပန်ကြတာ မနည်းမနောရယ်ပါ။ ခက်တာက အဲဒီလောက်ရွေးစရာလူများနေရတဲ့ကြားကကိုပဲ ကိုယ်ဟာ ဘယ်တစ်ယောက်ကိုမှ ရင်မခုန်၊ ချစ်လို့မရဖြစ်နေတာလေ။

ကိုင်း ... မခက်ပေဖူးလား။

တစ်ခါတလေများ စိတ်ရှုပ်ပေါက်ပြီး ကိုယ့်နှလုံးသားက ခုန်ရောခုန်တတ်ရဲ့လားဆိုတာကို မြို့တက်ပြီး ဆရာဝန်တွေဘာတွေပြ၊ ဓါတ်မှန်တွေဘာတွေတောင် ရိုက်ကြည့်လိုက်ချင်တာပါ။

"ခက်တော့နေပြီ၊ ဒီလောက်မှသိချင်နေရင်လည်း ပြောပြမယ်၊ နားထောင်၊ နံပါတ်တစ်အချက်၊ ရှင့်အသက်က သေကာနီးနေလို့"

"ဟင် ... မနီးသေးပါဘူး ခင်ရယ်၊ ကိုယ့်အသက်က အခုမှ လေးဆယ်တောင် မပြည့်သေးဘူး။ သုံးဆယ့်ငါးကိုမှ နှစ်နှစ်လေးပဲ ရှိန်းသေးတာပါ"

"အို ... သုံးဆယ့်ခုနှစ်နှစ်ဆိုတာ ငယ်တော့တဲ့အရွယ်လားတော့၊





ကျွန်မနဲ့စာရင်တော့ သေဖို့ပိုနီးနေပြီပဲ မဟုတ်လား။ အသက်ချင်းက ဆယ့်ငါးနှစ်ကြီးများတောင် ကွာတာလေ၊ ပြီးတော့ ... ကျွန်မက ယောက်ျားယူရင် ကိုယ့်ထက်အသက်ကြီးတဲ့သူကို ဘယ်တော့မှ မယူဘူးလို့ ဆုံးဖြတ်ထားတာ၊ ရွယ်တူတန်းတူထဲကပဲ ယူမှာ"

"ဒါဆို ခင်က ကြီးတာ မကြိုက်ဘူးပေါ့"

"ဟုတ်တယ်၊ ငယ်တာပဲ ကြိုက် ... အင် ... ရှင်ဘာပြောတာလဲ"

"အသက်ကိုပြောတာလေ၊ အသက်ကိုငယ်တာမှ ကြိုက်တာလား ပြောတာ"

"ဟုတ်တယ်"

"ကြီးရင်မို ... ငယ်ရင်ချိုတဲ့၊ အေးအေးဆေးဆေး ကိုယ့်ပခုံးကိုပဲ မှီနေလိုက်ပါလား ခင်ရယ်၊ ဘာလို့များ ငယ်တာကို ကြိုက်ရတာလဲ"

"အို ... ဒါကတော့ ကိုယ့်ခံယူချက်နဲ့ကိုယ်ပဲဟာ၊ ဆက်ပြောမယ် နားထောင်၊ နံပါတ်နှစ်အချက်က ရှင်က နှုတ်ခမ်းမွှေးပြောင်လို့"

"အင် ..."

"နံပါတ်သုံးအချက်က ရှင့်ဗိုက်ကြီးက ကိုယ်ဝန်ဆောင် နေ့စေ့လစေ့ဗိုက်ကြီးလို ပူထွက်နေလို့"

"ဟောဗျာ ..."

"အို ... ပြောရရင်တော့ ရှင့်မှာရှိတဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေ တစ်ခုမှကို မကြိုက်ဘူးရှင်၊ ကျွန်မက ကိုရီးယားမင်းသားလေးတွေလို နုနုငယ်ငယ် တောင့်တောင့်ဖြောင့်ဖြောင့်လေးတွေမှ သဘောကျတာ၊ အဲဒါကြောင့် ရှင့်ကို နတ်ရေကန်ထဲ ခုန်ချခိုင်း ရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ၊ ရှင်းလား"

ပြောတာပြောတာဆိုတာများ ကိုဗလကျော့်ခမျာ နေရာမှာတင် လဲသေသွားလို့ရတယ်။ ရုပ်ရည်ကတော့ ထားပါတော့။ ဥက္ကဋ္ဌရဲ့သားဆိုတဲ့ မျက်နှာလေးကိုတောင်မထောက်။ အခုခေတ်မှာ အဲဒီနောက်ခံ ဘက်ဂရောင်း တွေက ဆိုတာတွေကလည်း အသုံးမဝင်တော့လေပြီလား မသိ။

ယောက်ျားကြီးတန်မဲ့ မျက်ရည်တွေ ဘာတွေတောင် ဝဲသွားရကာ အနားကနေ ထွက်သွားတဲ့ ခင်ခင်နုနောက်ကို ဆက်လိုက်ဖို့တောင် ခြေ ထောက်တွေက ယိုင်နေလို့ ဒီအတိုင်း ရပ်ကျန်နေခဲ့လိုက်ရတယ်။

ဒါပေမဲ့ … ကိုယ့်ဟာကိုယ်ဆွေးတာတွေကောင် ရင်ထဲထိအောင် ကောင်းကောင်းဆွေးခွင့်မရ။ ဘယ်နေရာကနေ ဘယ်လိုချောင်းကာ နား ထောင်နေခဲ့မှန်းမသိတဲ့ ဖွေးတုတ်က အပြေးရောက်လာတော့ကာ …

"အမယ်လေးလေး … ပြောသွားလိုက်တာ၊ ပြောသွားလိုက်တာ ကိုကိုဗလကိုများ နှစ်ပြားကိုမတန်တော့သလိုပဲ၊ အဲဒါ သူ့အပြစ် မဟုတ်ဘူး။ ကိုကိုဗလအပြစ် … သိလား"

စိတ်မကြည်ရတဲ့ကြားထဲ ကိုယ့်ကို မဲ့ကာရွဲ့ကာနဲ့ ခင်အေးဟန်အိုက် တင် လာချိုးလာပြနေတဲ့ ဖွေးတုတ်ကို ဘုရှိန်း ရှိန်းလိုက်မိတယ်။

"ဟ … ငါလည်း ကိုယ့်ကိုယ်ကိုယ်တော့ ချောချောလေး ဖြစ်ချင် တာပေါ့ဟ၊ ဒါပေမဲ့ … ဘဝပေးကံသိလ်ကံပဲဟာ၊ ဘယ်လိုလုပ် တတ်နိုင်မှာလဲ၊ သူ့ထက်အသက်ကြီးတာကိုရော ငါက ပြန်ငယ် ချင်လို့မှမရတာ၊ အပြစ်ရှိချင်းရှိရင် ငါ့ကို စောစောစီးစီးမွေးပစ်တဲ့ ငါ့အမေရဲ့အပြစ်ပဲ"





"အို … ဖွေးတုတ်ပြောနေတာက အဲဒါကိုပြောနေတာ မဟုတ်ပါ ဘူး။ ဘယ်သူတွေက ကိုကိုဗလကို ရုပ်ဆိုးတယ်ပြောပြော၊ ဖွေးတုတ် မျက်လုံးထဲမှာ ကိုကိုဗလလောက်လှတဲ့လူ ဒီကမ္ဘာမှာ ရှိတောင် မရှိဘူး"

"အဲဒါဆို နင်က ဘာကိုပြောတာလဲ"

"ဖွေးတုတ်ပြောတာက ကိုယ့်ကိုမချစ်တဲ့ မိန်းမတစ်ယောက်ဆီမှာ အပြောအဆိုခံနေတဲ့ ကိုကိုဗလရဲ့အပြစ်ကို ပြောနေတာ၊ ဖွေးတုတ် ရင်ဘတ်ထဲကိုကျတော့ မြင်အောင်မကြည့်ဘူး"

ရင်ဘတ်ကို တဘုန်းဘုန်းထုကာပြောလာတဲ့ ဖွေးတုတ်စကား ကြောင့် ကိုဗလကျော်က ဖွေးတုတ်ရဲ့ရင်ဘတ်ဆီကို တစ်ချက်ကြည့်လိုက် ကာ …

"နင်က အင်္ကျီဝတ်ထားတာကိုဟ၊ ဘယ်လိုလုပ် မြင်အောင်ကြည့် လို့ ရမှာလဲ"

"ဒါဆို … ဖွေးတုတ် ချွတ်ပြမယ်လေ"

"အာ … နင်ကလဲ၊ လမ်းမကြီးမှာ …"

"ဒါဆို ဟိုနားက ချုံထဲသွားမယ်လေ … အင် … ဘာတွေ ပြောနေတာလဲ"

"နင်ပဲ နင့်ရင်ဘတ်ထဲကို မြင်အောင်မကြည့်ဘူးဆို"

"ဖွေးတုတ်ပြောတာက ဖွေးတုတ်ရဲ့ခံစားချက်ကိုကျတော့ မျက်ကွယ် ပြုနေတယ်လို့၊ အဲဒါကို ပြောတာ …"

"ဩော် … မသိဘူးလေဟာ၊ နင်ကလဲ …"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးတုတ်က အမှုံပိုပိုနဲ့ ရုပ်ရှင်မင်းသမီးအိုက်တင်မျိုးချိုးကာ မျက်ရည်တွေ ဘာတွေတောင် ဝဲပြလိုက်တယ်။ တကယ်တမ်းတော့ ဒီလောက်ကြီး ခံစားရတယ်လည်း မဟုတ်ပါဘူး။ သူ့ကို ဖွေးတုတ်က ချစ်တာတော့ ဘယ်သူနဲ့မှ မတူအောင် ချစ်တာပါ။ ဒါပေမဲ့ ... သူကကျတော့ ခင်ခင်နုမှ ခင်ခင်နုဖြစ်နေတာကိုး။ ဒီတော့ ကိုယ့်ဘက်ကိုများ သနားစိတ်လေးဝင်ပြီး နည်းနည်းလေးလောက်ပဲဖြစ်ဖြစ် ယိုင်လာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ မျက်ရည်လေးဘာလေး ကျပြရတာပေါ့။

အဲဒီလို မျက်ရည်လေး စမ်းစမ်း,စမ်းစမ်းနဲ့ ကိုဗလကျော်ကို ချူနေတုန်းမှာပဲ သာသနာဖျက်မ ဥမ္မာဒန္တီက ရောက်လာပြန်တယ်။ သီချင်းတစ်ပုဒ်ကို ကဘောက်တီ ကဘောက်ချာဆိုလာပြီး အနားကိုအရောက်၊ ဖွေးတုတ်ရဲ့ပါးပေါ်က မျက်ရည်တွေကိုလည်း မြင်ရော ဥမ္မာဒန္တီက အံ့သြတကြီးနဲ့ ...

"ဟဲ့ ... ဒါက ဘာတွေလုပ်နေကြတာလဲ၊ ဟယ် ... နင် မျက်ရည်တွေ ကျနေတယ်၊ မျက်လုံးထဲ ဖေါ်ဇီလာဝင်သွားလို့လား"

"အင်း ... သုံးကောင်တောင် ... အင် ... ယောင်ပြန်ပြီ၊ ငိုနေတာဟဲ့၊ ဒီမှာခံစားနေရတာ၊ ရင်ထဲမှာ ပန်းတွေပွင့်နေတာ မဟုတ်ဘူးနော်၊ ဒူးရင်းသီးတွေ သီးနေတာ အရူးမရဲ့"

ခါတိုင်းဆိုရင်တော့ သည်းခံနေလိုက်မှာဖြစ်ပေမယ့် အခု တစ်ခါမှာတော့ စိတ်ပျက်သွားရတဲ့ ဖွေးတုတ်က အရူးမကို တစ်တစ်ခွခွကို ဆဲလိုက်မိတယ်။ ဟုတ်တယ်လေ။ အရူး ... အရူးနဲ့ အိမ်ဦးခန်း ချေးတက်တက်ပါနေတာ များပြီမဟုတ်လား။ ပြီးတော့ ... ကျန်တာဆိုရင် ဖွေးတုတ်





သည်းခံနိုင်ပါတယ်။ နှလုံးသားရေးမှာကတော့ အထိအရှတွေ များလွန်းလို့ တော်တန်ရုံဆို သည်းမခံချင်တော့ဘူး။

အရူးမ ဥမ္မာဒန္တီကလည်း ရူးမယ့်သာရူးနေတာ။ သူ့ကို ရူးတယ်ပြောတော့ ဆတ်ဆတ်ခါနာသွားကာ ခါးကိုထောက်လိုက်ရင်းက ပြန်ရန်တွေ့တယ်။

"အောင်မာ ... ဘာအရူးမ,လဲ၊ နင်သာ အရူး၊ လင်တရူး၊ စုန်းပူး ...၊ နင် ... ငါ့ယောက်ျားကို ကြဲနေတာ မသိဘူးများ မှတ်နေလား"

"ကြဲကြီးစည်ရာ ... ဘယ်မှာလဲ နင့်ယောက်ျားက"

"ဒီမှာလေ ... ဒီမှာ၊ ဒါ ... ငါ့ယောက်ျားပဲ"

ဥမ္မာဒန္တီက အနားမှာရှိနေတဲ့ ကိုဗလကျော်ရဲ့လက်တစ်ဖက်ကို လက်တစ်ဖက်နဲ့ ကောက်ချိတ်တွဲလိုက်ပြီးတော့ ကျန်တဲ့လက်တစ်ဖက်နဲ့ ကိုဗလကျော်ရဲ့ ရင်ဘတ်ကို တဘုန်းဘုန်း ပုတ်ပြလိုက်တယ်။

"အမယ်လေး ... ရယ်ရတယ်၊ အရူးပါးစပ်က နတ်စကား ထွက်လို့၊ ဒါ ... ငါယူမယ့် ငါ့ရဲ့ခင်ပွန်းလောင်းဟဲ့"

"ဘာပြောတယ်၊ လျှောက်ပြောမနေနဲ့၊ ငါကမှ သူ့ရဲ့မိန်းမဟဲ့၊ သူနဲ့ငါက ခဏခဏတောင် အိပ်ထားတာ၊ ရွာပြင်က ကောက်ရိုးပုံကြီးပေါ်မှာ လေးခါ၊ ပြောင်းဖူးခင်းထဲမှာက ခြောက်ခါ၊ လက်ပံပင်ကြီးအောက်မှာက ရှစ်ခါလား၊ ဆယ်ခါလားပဲ"

ဥမ္မာဒန္တီက တကယ်ပဲ ဟုတ်ခဲ့သလိုလိုနဲ့ ပြန်တောင်စဉ်းစားနေလိုက်သေးတယ်။ ဖွေးတုတ်ကတော့ လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ထားလိုက်ကာ ခုန်ဆွခုန်ဆွနဲ့ ဒေါသတွေ တအားထွက်လာပြီး အော်တယ်။

"ကိုကိုဗလ ... သူပြောနေတာ တကယ်လား"

"အင်း ... တကယ်ပေါ့ ..."

"ရှင် ..."

"အာ ... မဟုတ်ပါဘူးဟာ၊ နင်ကလည်း သူ့အကြောင်း သိရဲ့သားနဲ့၊ တွေ့ကတရာလူကို ဒီလိုပဲ ပြောနေကြဟာပဲကို"

ကိုဗလကျော်ရဲ့စကားလည်းဆုံးရော ဥမ္မာဒန္တီက ခါးကို ထောက်လိုက်ကာ သံဝေဂရတယ်ဆိုတဲ့အထာနဲ့ ဝင်ပြောတယ်။

"ဩော် ... တော်က အခုတော့ ဒီစကားပြောပြီပေါ့၊ ယောကျ်ားတွေများ စားပြီး နားမလည် သိပ်လုပ်တာပဲ၊ ရှင်နဲ့ကျွန်မ ကောက်ရိုးပုံပေါ်မှာ အိပ်တုန်းက ရှင့်မျက်နှာက ဒီလိုအချိုးမျိုးလား"

"ဟင်"

"ကျွန်မမှာတော့ ရှင့်ကိုချစ်လိုက်ရတာ၊ အခုတော့ ရှင်က ဒီဝက်မကြီးအတွက်နဲ့ ဒီကအချောအလှလေးကို အကန်တွေ ပြောနေပြီပေါ့လေ"

ဝက်မဆိုတဲ့ အသုံးအနှုန်းကြောင့် ဖွေးတုတ်က ဆွေ့ဆွေ့ခုန်သွားရင်း ...

"ဘာပြောတယ်၊ ငါ့ကို ဝက်မ,ဟုတ်လား။ အရူးမ ... အရူးပါးမဝနဲ့ အရူး အရူးဆိုပြီး ငါ့ခေါင်းပေါ်ချေးတက်ပါဖို့တော့ စိတ်မကူးနဲ့နော်၊ ဒီက ဒေါသထွက်လာရင် အရူးတွေ, ဘာတွေလည်း မြင်တာ





မဟုတ်ဘူးနော်"

"အောင်မာ ... ဝက်မနဲ့တူလို့ ဝက်မလို့ပြောတာ၊ ဘာဖြစ်လဲ"

"လင်တရူးမ ... ငါ ဒေါသထွက်လာပြီနော်၊ လုပ်မိတော့မယ်"

"အမယ်လေး ... လုပ်လိုက်စမ်းပါ ... သတ္တိရှိရင် ..."

"ဩော် ... ဒီလောက်တောင် ဖြစ်လှတာ၊ ကဲဟယ် ..."

ဒေါသကို မထိန်းနိုင်တော့တဲ့အဆုံး ဖွေးတုတ်က ဥမ္မာဒန္တီကို ပါးရိုက်ပစ်လိုက်တယ်။ ရိုက်ချက်က အားပါလွန်းတော့ ဥမ္မာဒန္တီခမျာ နောက်ကိုတောင် ယိုင်သွားရကာ ငယ်သံပါအောင် အော်တယ်။

"အား ... ညည်း ... ညည်း ငါ့ကို ပါးချတယ်"

"ဟုတ်တယ် ... ချတယ်၊ ဘာဖြစ်လဲ"

"ဒါဖြစ်ချင်တယ်ဟယ် ..."

ဥမ္မာဒန္တီက ပြောလည်းပြော ဖွေးတုတ်ဆီကိုလည်း ပြေးဝင်ပူးကပ်လိုက်ကာ ဖွေးတုတ်ရဲ့ဆံပင်ကို လက်နှစ်ဖက်နဲ့ ခြေစုံကန်ပြီးတော့ ဆွဲထားတယ်။

"အား ... အရူးမ ... လွှတ်စမ်း ... လွှတ်စမ်း ငါ့ဆံပင်ကို"

ဖွေးတုတ်က တအားနာတော့ ခုန်ဆွခုန်ဆွလုပ်နေရင်းကနေ ဥမ္မာဒန္တီရဲ့လက်ထဲကနေ သူ့မဆံပင်တွေ လွှတ်ထွက်လာအောင် လက်တွေကို ဆွယမ်းကာ လုပ်တယ်။ ဒါပေမဲ့ ... ဥမ္မာဒန္တီက အံကြိတ်ဆွဲထားကာ လုံးဝလွှတ်မပေး။

"မလွှတ်ဘူး။ လုံးဝမလွှတ်ဘူး"

"အာ ... မလွှတ်ရင် ငါလည်း ဆွဲတယ်ဟယ် ... ဆွဲတယ်၊ ကဲ"



www.burmeseclassic.com

www.burmeseclassic.com



သည်းမခံနိုင်တဲ့အဆုံးမှာတော့ ဖွေးတုတ်ကလည်း ဥမ္မာဒန္တီ
ဆံပင်ကို ပြန်ဆွဲတော့တယ်။

"အား ..."

နှစ်ယောက်သားက တစ်ယောက်ဆံပင်မွှေးကို တစ်ယောက် မလွှ
တမ်းဆွဲထားပြီးနောက် လက်တွေက မအားတဲ့အခါမှာတော့ တစ်ယော
ကိုတစ်ယောက် လွတ်နေတဲ့ ခြေထောက်တွေနဲ့ ကန်ကြပြန်တယ်။

"ကောင်မ ... ငါ့လင်ကိုနိုးတဲ့ ကောင်မ ... သေစမ်း"

"အောင်မာ .. နင်သာ ငါ့ကိုကိုဗလကို နှိုက်ပြည်းချင်နေတဲ့ အ
... အရှုးလက်နဲ့ ကိုကို့ကို နှိုက်ချင်နေတဲ့ မသာမ၊ သေစမ်း ...
..."

မတ်တတ်ရပ်ကာ ပူးသတ်နေရာကနေ ရန်ပွဲရဲ့အရှိန်က တက်လ
တဲ့အဆုံးမှာတော့ နှစ်ယောက်သားက ရွှံလမ်းဖုံးတောထဲမှာ အပူးလိုက်
လူးလိမ့်ကာ နပန်းလုံးကြပြန်တယ်။ ဘယ်သူကမှ အညံ့မခံ။ အရှုံးမပေ
ဖုံတွေတထောင်းထောင်းထနေတဲ့ကြားမှာ သည်းကြီးမည်းကြီး သတ်နေ
တာများ ကျွဲနှစ်ကောင်ခတ်နေတဲ့အတိုင်းပဲ။

"ကဲဟယ်"

"အား ..."

"လာစမ်း ... သေပေတော့ ..."

"အင်း ..."

အစတော့ ကိုဗလကျော်က ရန်ပွဲကို ကြည့်ကောင်းကောင်းနဲ့ ကြ
နေမိတာ နောက်တော့မှ ဖျန်ဖြေပေးရမှာကို သတိရသွားကာ ...





"ဟဲ့ ... ဟဲ့ ... တော်ကြတော့လေ၊ သေကုန်ကြလိမ့်မယ်၊ ဟဲ့
..."

နဲ့ ... ရန်ပွဲကို ရပ်ဖို့ပြောပေမယ့် ဘယ်သူကမှ ကိုဗလကျော်ရဲ့
စကားကို နားမယောင်ကြဘူး။ နှစ်ယောက်စလုံးက စမတ်ချိုးဒေါင်းဆွဲသလို
တစ်ယောက်အပေါ်တစ်ယောက်ဖိကာ အသာစီးရဖို့ကိုပဲ အာရုံစိုက်နေကြ
တာ။ တစ်ယောက်က အပေါ်ရောက်သွားလိုက်။ ခဏနေတော့ နောက်တစ်
ယောက်က အပေါ်ရောက်သွားလိုက်နဲ့။

ကိုဗလကျော် မနေသာတော့။ ပါးစပ်က တားမရတဲ့အဆုံးမှာ
ဝင်ဆွဲဖို့လုပ်ရတော့တယ်။

"ဩော် ... တော်ကြပါတော့ဆို။ ပြောလို့မရဘူး"

ပြောလည်းပြော ရန်ပွဲပြီးဖို့အတွက် လောလောဆယ်မှာ အပေါ်
ကရောက်နေတဲ့ လူကိုလည်း ဝင်ဆွဲဖို့လုပ်ရတယ်။ ဒါပေမဲ့ ... အပေါ်မှာ
ရောက်နေတဲ့ အရှုးမဥမ္မာဒန္တီက ဒေါသထွက်နေတာဆိုတော့ အရှုးဒေါသက
လူမရွေးတော့ဘူး။ ဒီမှာတင်ပဲ သူ့နောက်နားကို လှစ်ခနဲပြေးကပ်လာတဲ့
ကိုဗလကျော်ကို ဖွေးတုတ်အ အပေါ်မှာ ကုန်းကုန်းကွကွနဲ့ တက်ဖိထားရင်း
ကနေပဲ နောက်ပြန်ကန်ချက်နဲ့ နွားမကန် ကန်ထည့်လိုက်တဲ့အခါမှာတော့
...။

ကန်ချက်က ကိုဗလကျော်ရဲ့ပေါင်ကြားကို ဇွတ်ခနဲ ပြေးဝင်သွား
တယ်။

"အု ..."

အဲဒီလောက်သာ အသံထွက်လိုက်နိုင်ပြီးနောက် ကိုဗလကျော်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖုံတောထဲမှာ ဆန့်ငင်ဆန့်ငင်နဲ့ အကြောတွေဆွဲကာ လူးလိမ့်နေတော့တယ်။

❑

ချက်ညိုနဲ့ခွေးဖြူတို့က ပုဆိုးတစ်ထည်ကို ထမ်းစင်လုပ်ကာ ချက်ကောင်းကိုထိလို့ လမ်းမလျှောက်နိုင်တဲ့ ကိုဗလကျော်ကို ထမ်းလာကြတယ်။

"ဥက္ကဋ္ဌရေ ... ဥက္ကဋ္ဌ ... ဗိုလ်ဥက္ကဋ္ဌ ..."

"အရိုးစာဥရေ ... အရိုးစာဥ ..."

ခြံပေါက်ဝကတည်းက တစ်ယောက်တစ်ခွန်းနဲ့ တစ်ရွာလုံး ကြားရလောက်အောင် အော်လာတဲ့ ချက်ညိုတို့နှစ်ယောက်အသံကြောင့် ဥက္ကဋ္ဌဦးသာအေးနဲ့ဒေါ်စာဥတို့က အိမ်ထဲကနေ အပြေးအလွှားပဲ ထွက်လာကြတယ်။

"ဟ ... အော်ကြီးဟစ်ကျယ်နဲ့ ဘာဖြစ်လာကြတာတုန်း။ ဟင် ..."

"ဟယ် ... သား ... ဗလကျော် ... အထမ်းစင်ကြီးနဲ့ပါလား ... ဘာဖြစ်လာကြတာလဲ"

လင်မယားနှစ်ယောက်က သားဖြစ်သူ ဗလကျော်ကိုလည်း တွေ့ရော မျက်လုံးပြူး မျက်ဆန်ပြူးတွေ ဖြစ်ကုန်ကြကာ အမေးတကော မေးကြတယ်။ ဒါပေမဲ့ ... ချက်ညိုနဲ့ ခွေးဖြူတို့နှစ်ယောက်က မေးတာကို မဖြေနိုင်





သေး။ မောဟိုက်ကာ လျှာထွက်နေပြီမို့ ထမ်းထားရတာကြီးကိုသာ ချနိုင်ဖို့ စိတ်လောနေကြတော့ကာ ...

"နောက်မှမေး ... နောက်မှ ... အခုလောလောဆယ် ကိုဗလကျော့်ကို ဘယ်နားမှာချရမှာလဲဗျာ့ ... နေရာပြဦး။ ဒီမှာ အလေးကြီးကို ထမ်းလာရတာ မောနေပြီဗျာ့"

ဆိုတော့မှ ဒေါ်စာဥက ခေါင်းတညိတ်ညိတ်နဲ့ အိမ်ထဲဘက်ကို ဦးဆောင်ဝင်သွားရင်း ...

"ဪ ... လာလာ ... လာ ... အိမ်ထဲကိုထမ်းခဲ့"

အိမ်ထဲရောက်တော့ ဗလကျော်ကို ဘုရားစင်အောက်နားမှာပဲ စောင်ခင်းကာ ချခိုင်းရတယ်။

"လာလာ ... ဒီမှာချ ... ဒီမှာချ ..."

ခွေးဖြူနဲ့ချက်ညိုတို့က ကိုဗလကျော့်ကို ဒေါ်စာဥပြတဲ့နေရာမှာ အသာထိန်းချလိုက်ကြပြီးနောက် နဖူးကချွေးတွေကို ပုဆိုးစနဲ့ပဲ နှစ်ယောက်သား သုတ်လိုက်ကြတယ်။

"သား ... သား ... ဗလကျော် ..."

"ဘာဖြစ်လာတာလဲကွာ ... မြွေများ ကိုက်လာတာလား။ ဟမ် ... ဗလကျော် ... ဟော့ကောင် ဗလကျော် ..."

ဗလကျော်က သတိလစ်နေတာတော့ မဟုတ်ဘူး။ မျက်လုံးကြီးပြူးကြောင်ကြည့်ကာ အသံမထွက်နိုင်ဘဲဖြစ်နေတာ။ ဒီတော့ ဦးသာအေးနဲ့ ဒေါ်စာဥ ဘယ်လောက်မေးမေး ပြန်မဖြေနိုင်ဘူး။ မျက်လုံးကြီးပြူးပြူးတော့ပဲ ပြူးကြောင်ကြည့်နေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မိဘဖြစ်တဲ့သူတွေက ပိုပြီး စိတ်ပူကုန်ကြတော့တာပေါ့။

"ဟဲ့ . . . ခေါ်လို့လည်း မရပါလား။ ဘာဖြစ်လာတာလဲ ပြောကြဝင်းပါဦး"

"ဘာဖြစ်လာတာလဲဆိုတော့ အရှေ့မဉ္ဇူသာဒေ္ဒီနဲ့ အပျိုကြီးဖွေးတုတ်ရန်ဖြစ်တာကို ကိုလေးကျော်က ဝင်ဖျန်ဖြေတယ်လေ၊ အဲဒီမှာ ဉမ္မာဒေ္ဒီက နွားမကာန် ကန်ထည့်လိုက်တာ ချက်ကောင်းကိုထိလာလို့ . . ."

ခွေးဖြူရဲ့ စကားကြောင့် ဦးသာအေးက ဖြစ်ကြောင်းကုန်စင်ကို သိသွားပေမယ့် ဒေါ်စာဥကတော့ မျက်မှောင်ကုတ်သွားမှာယ်။ ချက်ကောင်းဆိုတာကို ရုတ်တရက်ဆိုတော့ နားမလည်ဘူး။

"ဩော် . . . ဖြစ်ရမယ်၊ သူတို့ဘာသာရန်ဖြစ်တာကို သူက ဘာကိစ္စဝင်ပါရတာတုန်း။ ဖြစ်တာတောင် နည်းသေးတယ်၊ ဒါနဲ့ ချက်ကောင်းဆိုတာ . . . ဘာကိုပြောတာလဲ"

"ဩော် . . . အရီးလေးကလည်း ချက်ကောင်းပါဆိုမှ ချက်ကောင်းပေါ့ဗျာ . . ."

ဒီအချိန်မှာပဲ ခြံထဲကို ဒေါ်ရွှေမိက အုန်းသီးတစ်လုံးကိုင်ကာ ရောက်လာတယ်။

"ဒေါ်စာဥရဲ့ရေ . . . ဒေါ်စာဥ . . ."

အပြင်ဘက်က ခေါ်သံကြောင့် ဒေါ်စာဥရဲ့အာရုံက ချက်ကောင်းဆီကနေ အပြင်ကိုရောက်သွားရရင်း ပြန်အော်တယ်။

"အိမ်ထဲမှာတော်ရေ . . . ဘယ်သူတုန်း"





"ရွှေမိပါတော် . . . ဒီမှာ နုတ်အုန်းလိုချင်တယ်ဆိုလို့ လာပို့ပေးတာ"

"အိမ်ထဲကိုသာ ဝင်ခဲ့တော် . . . ဒီမှာ အရေးကြီးကိစ္စပေါ်နေလို့"

အပြင်ကို အဲဒီလို ပြန်အော်အပြီးမှာတော့ ဒေါ်စာဥရဲ့အာရုံက ချက်ကောင်းဆိုတာဆီကို ပြန်ရောက်လာတယ်။

"ဟဲ့ . . . မေးနေတာ ဖြေကြဦးလေ . . . ချက်ကောင်းဆိုတာ ဘာလဲလို့"

"ချက်ကောင်းဆိုတာလား။ ဟို . . . ဟိုနေရာဗျာ . . . ဟိုနေရာ"

"ဘယ်နေရာလဲ . . ."

"ဟိုနေရာပါဆို . . . အရီးလေးရာ . . . ကျွတ်"

"အေးလေ . . . အဲဒီ ဟိုနေရာကိုပဲ မေးနေတာ"

ခွေးဖြူနဲ့ ချက်ညို့တို့ ဖြေရခက်သွားကြတယ်။ ဒေါ်စာဥကလည်း အရိပ်ပြလို့ အကောင်မထင်။ ဒီတော့ ဦးသာအေးက ဝင်ပြောရတော့တယ်။

"မိန်းမ . . . အဲဒီနေရာကို ငါသိတယ် သိလား။ ပြီးမှ ငါပြောပြမယ်"

ဒေါ်စာဥက စိတ်မရှည်။ သူက ချက်ကောင်းဆိုတာကို အခုမှ သိချင်နေပြီ။ ဒါကို ပြီးမှပြောပြမယ်ဆိုတော့ မချင့်မရဲ ဖြစ်သွားတော့တာပေါ့။

"ဩော် . . . တော်ကလည်းတော် . . . သိချင်ပါတယ်ဆိုမှပဲ၊ အခုပြောပြလိုက်တော့ ဘာဖြစ်မှာမို့လို့တုန်း"

"ပြီးမှ ပြောပြပါမယ်ဆိုကွာ"

ဒီအချိန်မှာပဲ အုန်းသီးလာပေးတဲ့ ဒေါ်ရွှေမိက အိမ်ထဲဝင်လာတယ်။ ခွေးဖြူနဲ့ ချက်ညို့တို့ပါရောက်နေတာကိုတွေ့တော့ အံ့သြသွားကာ . . .

"ဩော် . . . ခွေးဖြူတို့ပါ ရောက်နေတာကိုး။ ဘာတွေလုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ကြတာတုန်း"

"ဒီမှာ ကျွန်မသား ဘာဖြစ်လာမှန်းမသိလို့တော်ရေ . . ."

"ဟင် . . . ဟုတ်လား . . ."

ဒေါ်စာဥရဲ့စကားကိုလည်း ကြားရော ဒေါ်ရွှေမိက စိတ်ဝင်စားသွားရကာ သူတို့အနားကို ခပ်မြန်မြန်ပဲ အပြေးတိုးလျှောက်လာတယ်။ ဒါပေမဲ့ ဝတ်လာတဲ့ထဘီက အောက်ကိုမတိုက်ရုံတမယ် ရှည်နေတော့ ခြေထောက်တွေကို တုပ်နေတော့ကာ ဟန်ချက်ပျက်ပြီး မှောက်ရက်လဲပါရောလား။ ဒီမှာတင်ပဲ ဒေါ်ရွှေမိလက်ထဲမှာ ကိုင်လာတဲ့ အုန်းသီးကြီးက ဒေါ်စာမိလက်ထဲကနေ မက်လက်လှန်နေနဲ့ ကိုဗလကျော်ရဲ့ပေါင်ကြားထဲကို တန်းခနဲ ပြေးဝင်သွားတယ်။

"အမယ်လေး . . ."

"အူး . . ."

ဒေါ်ရွှေမိရဲ့အာမေဍိတ်သံနဲ့ ကိုဗလကျော်ရဲ့ နာနာကျင်ကျင်အော်လိုက်သံက ရှေ့ဆင့်နောက်ဆင့်။ ဒါပေမဲ့ . . . ချက်ညိုကတော့ ဝမ်းသာအားရဖြစ်သွားရကာ အုန်းသီးမှန်သွားတဲ့နေရာကို လက်ညှိုးထိုးပြရင်း ဆိုတယ်။

"ဟား . . . အဲဒီနေရာပဲ၊ ချက်ကောင်းဆိုတာ အဲဒီနေရာပဲ အရီးလေးရဲ့ . . ."

❑❑❑



## ရန်ကုန်မြို့ (၁)

ဂျူးဂျူးမြင့်သိန်းနဲ့ မေမိခင်မောင်ဝင်းတို့က အိမ်ချင်းကပ်လျက်နေကြတာ။ ဝန်ကြီးတွေရဲ့သမီးတွေပီပီ အိမ်ကြီးတွေကလည်း ဟီးထနေတယ်။ ပြီးတော့ . . . သူမတို့နှစ်ယောက်က ကိုယ်စီကိုယ်စီ "ဖ" လေးတွေကလည်း ရှိဆိုတော့ ပါပါရာဇီတွေရဲ့အကြိုက်ပေါ့။ သူမတို့တွေ တစ်ခုခုမလုပ်လိုက်နဲ့၊ ထစ်ခနဲဆို ဂျာနယ်တွေ၊ အင်တာနက်တွေပေါ် ရောက်သွားပြီမှတ်။

သူမတို့လမ်းထဲနဲ့ အိမ်တွေနားတစ်ဝိုက်မှာဆိုရင်လည်း ပါပါရာဇီတွေက ပုန်းလျှိုးကွယ်လျှိုးတစ်မျိုး၊ ပြောင်ပြောင်တင်းတင်းတစ်ဖုံ အမြဲရှိနေတတ်တယ်။ ဒီဇတ်ကာ သူမတို့နှစ်ယောက်ကလည်း ဘယ်တော့မှ သတိလက်လွှတ်မနေဘူး။ အမြဲတမ်း မျက်စိဖွင့်နားစွင့်ကာ ပါပါရာဇီတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com

အမြင်မှာ အမှတ်ပေးချင်စရာဖြစ်အောင် ဖန်တီးလေ့ရှိကြတယ်။

ဒါမှသာ ဦးမြင့်သိန်းရဲ့သမီးက ဘယ်လိုလိမ္မာတာ၊ ဦးခင်မောင်ဝင်းရဲ့ သမီးက ဘယ်လိုပရဟိတလုပ်တာ … ဆိုပြီး သတင်းစာတွေ၊ ဂျာနယ်တွေမှာ ခန့်ခန့်ကြီးပါလာပြီး ဂုဏ်တက်မှာ မဟုတ်လား။ အဲဒီလို ဂုဏ်တက်မှုလည်း ဖခင်ဖြစ်သူတွေရဲ့အရေးပေးမှုကို ပိုရပြီး ကွယ်ရာမှာ သောင်းကျန်းချင်တိုင်း သောင်းကျန်းလို့ ရနိုင်မှာကိုး။ သူမတို့ဘက်က ဒီလောက် သတိထားတာ အမှတ်ယူတာတောင်မှ သူမတို့ရဲ့သောင်းကျန်းမှုကို သူမတို့ရဲ့ကောင်းမှုပြုမှုက လုံအောင်မဖုံးနိုင်ရှာ။

အခုလည်း ကြည့်လေ။ နှစ်ယောက်သားက ကိုယ့်အိမ်အသီးသီးရဲ့ ကိုယ့်အခန်းအသီးသီးကနေ ပြတင်းပေါက်လိုက်ကာစလေးကို အသာမ,ကာ မှန်ပြောင်းတစ်လက်စီနဲ့ လမ်းထဲကို ချောင်းမြောင်းနေကြတယ်။

ပါပါရာဇီတွေက ဟိုနားတစ်ယောက်၊ ဒီနားတစ်ယောက်နဲ့ အိမ်တွေဘက်ကို ချောင်းနေကြတာကို တွေ့တယ်။ ဒီတော့ နှစ်ယောက်သားက ပါပါရာဇီတွေရဲ့ရှေ့မှာ ဘယ်လိုများ အမှတ်ယူရပါ့မလဲဆိုတာကို အသေအလဲစဉ်းစားကြတယ်။

အဲဒီလိုစဉ်းစားနေတုန်းမှာပဲ နှစ်ယောက်သားက သူမတို့အိမ်တွေရှေ့ကနေ ဖြတ်သွားတဲ့ သူတောင်းစားတစ်ယောက်ကို မြင်လိုက်မိကြတဲ့အခါမှာတော့ အသီးသီး ခေါင်းထဲမှာ မီးတွေလင်းသွားကြတယ်။

နောက်တော့ နှစ်ယောက်သားက ကိုယ့်အိမ်ထဲအသီးသီးကနေ ပြေးထွက်လာကြတယ်။ နောက်မှာလည်း အိမ်တော်ထိန်းနဲ့ ဘော်ဒီဂတ်နှစ်ယောက်က ကိုယ်စီပါလာကြတယ်။





သူတောင်းစားက မေမီခင်မောင်ဝင်းရဲ့အိမ်ကိုကျော်ပြီးတော့ ဂျူးဂျူးမြင့်သိန်းတို့အိမ်ဘက်ကို ခြေလှမ်းနေပါပြီ။ ဒါကိုမြင်လိုက်တော့ မေမီခင်မောင်ဝင်းက သူတောင်းစားကို နောက်ကနေ ဦးအောင် လှမ်းခေါ်တယ်။

"ဒီမှာ … ဒီမှာ …"

မေမီခင်မောင်ဝင်းက ပါပါရာဇီတွေကြားအောင် အသံကို လိုတာထက် ပိုပြီးတော့ အကျယ်ကြီး အော်ပြောတယ်။

"ပိုက်ဆံထည့်ချင်လို့ …"

ဆိုတော့ အသက်သုံးဆယ်ခန့်ရှိပြီး ခန္ဓာကိုယ်အနံ့ ပတ်တီးအဖွေးသား စည်းထားသလို ခြေထောက်တစ်ဖက်ကလည်း ထော့ကျိုးထော့ကျိုးဖြစ်နေတဲ့ သူတောင်းစားက နောက်ပြန်လှည့်ကာ မေမီခင်မောင်ဝင်းဆီကို သွားဖို့လုပ်တယ်။

ဒါပေမဲ့ … တစ်ဖက်ကလည်း ဂျူးဂျူးမြင့်သိန်းပဲဟာ။ ဘယ်လျှော့ပေးပါ့မလဲ။ ခြံထဲကနေ ခပ်မြန်မြန်ပဲထွက်လိုက်ကာ ကိုယ့်ခြံရှေ့နားထဲ ပိုရောက်နေတဲ့ သူတောင်းစားကို မေမီခင်မောင်ဝင်းရဲ့အသံထက် မိုးတဲ့ ကီးမျိုးနဲ့ လှမ်းအော်တယ်။

"ဒီမှာ … ဒီမှာ … ကျွန်မကလည်း ပိုက်ဆံထည့်ချင်လို့၊ ဒီဘက်ကိုရောက်နေတာပဲ၊ ဒီဘက်ကို အရင်လာလိုက်ပါနော်"

"ဩော် … ဟုတ် … ဟုတ်ကဲ့ …"

သူတောင်းစားက ဂျူးဂျူးမြင့်သိန်းနဲ့ ပိုနီးနေတာမို့ ဂျူးဂျူးမြင့်သိန်းဆီကို အရင်သွားဖို့လုပ်တယ်။ ဒါပေမဲ့ … မေမီခင်မောင်ဝင်းက ဘယ်လျှော့ခံပါ့မလဲ။ ပြန်အော်ခေါ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အို . . . မဟုတ်သေးဘူးလေ၊ ဒီက အရင်ခေါ်တာ . . . ဒီ
အရင်လာရမှာပေါ့"

"ခြေဒ် . . . ဟုတ် . . . ဟုတ် . . ."

သူတောင်းစားက မေမိခင်မောင်ဝင်းဆီ ခြေဦးလှည့်ပြန်တယ်။

"ဒီကပိုနီးတာလေရှင်၊ ဒီကိုပဲ အရင်လာလိုက်ပါ"

"အို . . . နီးတာတွေ ဝေးတာတွေ၊ နောက်ထား၊ ဒီက အရင်ခေါ်
တာ၊ ဒီကို အရင်လာနော်၊ ကျွန်မက သူ့ကို ရာတန်တစ်ရွက်
လောက်ပဲ ထည့်မှာမဟုတ်ပါဘူးရှင်၊ အများကြီး ထည့်မှာပါ၊ ဒီ
လာလိုက်နော် . . ."

နှစ်ယောက်သားက သူ့ဆီ အရင်လာပါချည်း လုပ်နေကြတော့
သူတောင်းစားခမျာ ဟိုဘက်သွားရမလို ဒီဘက်သွားရမလိုနဲ့ ယောင်ချာချာ
ဖြစ်နေတော့တယ်။ နဂိုကတည်းက ခြေထောက်က ထော့ကျိုးပါဆို သူ
တို့လုပ်မှ ဗုံးဗုံးလဲတော့မလို ဖြစ်လာတယ်။

"ဒီမှာ . . . ကျွန်မက ဦးမြင့်သိန်းရဲ့သမီးနော်၊ အဲဒီလောက် ဆိုရင်
သိလိုက်တော့၊ ဦးမြင့်သိန်းရဲ့သမီးက ရာတန်ကို မကိုင်တာ၊ တချို့
တချို့တွေတော့ မပြောတတ်ဘူးပေါ့"

အဲဒီစကားကို ဂျူးဂျူးမြင့်သိန်းက မျက်နှာကိုမဲ့ကာရွဲ့ကာလုပ်
မေမိခင်မောင်ဝင်းဘက်ကိုလည်း မျက်လုံးစွေကြည့်ကာ ပြောလိုက်တာယ်။
စကားအဆုံး မေမိခင်မောင်ဝင်းမျက်နှာက တင်းမာသွားရပေမယ့်လို့ အများ
ကြီးထည့်မှာဆိုတဲ့စကားကြောင့် သူတောင်းစားဖြစ်သူရဲ့မျက်လုံးတွေကတော့
အရောင်တွေလက်သွားကာ မေမိခင်မောင်ဝင်းဆီကိုပဲ သွားဖို့လုပ်တယ်။





ပါပါရာဇီတွေကလည်း အဖြစ်အပျက်ကို အကွယ်တွေကနေ ဓါတ်ပုံ
တဖျပ်ဖျပ်ရိုက်ယူကုန်ကြပြီ။ ဒါကို မေမိခင်မောင်ဝင်းနဲ့ဂျူးဂျူးမြင့်သိန်းတို့က
လှည့်မကြည့်ကြပေမယ့်လို့ ဒီလိုရှုပ်ရှင်ရိုက်လာတာကြာနေပြီဆိုတော့ သိနေ
ပြီ။ ဒီတော့ ဘယ်လိုနည်းနဲ့မှ အညံ့မခံနိုင်ကြ။

"ဒီမှာ . . . ကျွန်မကလည်း ဦးခင်မောင်ဝင်းရဲ့သမီးနော်၊ မွေးက
တည်းက ရာတန်ကို မမြင်ဖူးတာ၊ အဲဒီလောက်ဆိုရင် သိလိုက်တော့
ပေါ့ရှင်၊ ဒီကိုပဲ လာခဲ့လိုက်တာ ရှင့်အတွက် အကောင်းဆုံးပဲ"

သူတောင်းစားက မေမိခင်မောင်ဝင်းဘက်ကို အရင်သွားဖို့ လှည့်
ပြန်တယ်။

"ဟာ . . . ကျွန်မက ပိုထည့်မှာပါဆိုနေ . . . ဒီကိုအရင်လာလေ"

ခြေဦးတည်ရာက ဂျူးဂျူးမြင့်သိန်းဘက် ပြောင်းသွားပြန်တယ်။

"မသွားနဲ့ . . . ကျွန်မက သူ့ထက် ပိုထည့်နိုင်တယ်၊ ရှင့်ဘဝကြီး
တောင် ပြောင်းသွားအောင် ထည့်ပေးလိုက်လို့ရတယ်နော် . . .
သိလား၊ ဒီကိုလာခဲ့ . . ."

"မှားမယ်နော် . . . သေချာစဉ်းစားဦး၊ ဒီလိုအချိန်မှာ ခြေတစ်လှမ်း
မှားလိုက်တာနဲ့ ကုဋေတစ်သန်းလောက် ရှင့်အတွက် နစ်နာသွား
မှာနော်၊ ဒီကိုပဲ အရင်လာခဲ့လိုက်ပါရှင်"

ကြာတော့ သူတောင်းစားခမျာ ဟိုဘက်သွားရမလို ဒီဘက်သွား
ရမလိုနဲ့ ဒုက္ခိတဘဝကနေ ရူးတောင်ရူးချင်သွားတော့ကာ မျက်ရည်တွေပင်
ဝဲလာတော့ကာ . . .

"အာ . . . ခင်ဗျားတို့နဲ့ ငိုတောင်ငိုချင်လာပြီဗျာ . . . ရှုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အလည်မှာပဲ ရပ်နေမယ်၊ ခင်ဗျားတို့ စေတနာရှိရင် ဒီကိုပဲ လာထည့်ကြ ...''

ကိုင်း ... သူတောင်းစားကလည်း ပြတ်တယ်။ ပြောပြီးတာနဲ့ သူမတို့နှစ်အိမ်ကို ခြားထားတဲ့ ခြံစည်းရိုးအုတ်တံတိုင်းနဲ့တန်းတန်းမှာ သွားရပ်နေတော့တယ်။ တကယ်တမ်းကျတော့ မရှိလို့ တောင်းစားတယ်လည်းဆိုသေး။

အကြောကလည်း တင်းနေပြန်သေးတဲ့ သူတောင်းစားကို မေမီခင်မောင်ဝင်းရော၊ ဂျူးဂျူးမြင့်သိန်းကပါ အမြင်ကတ်ပါတယ်။ ဒါပေမဲ့ ပါပါရာဇီတွေရဲ့ မျက်လုံးအောက်မှာဆိုတော့ အဲဒီလိုဖြစ်နေတာကို မျက်နှာတွေမှာ လုံးဝအပေါ်မခံဘဲ အချိုမြဆုံးပြုံးထားကြကာ သူတောင်းစားရပ်နေတဲ့ နေရာကိုပဲ အပြေးအလွှားရောက်သွားကြတယ်။ သူမတို့က သွားတော့ သူမတို့ရဲ့နောက်ကို သူမတို့ရဲ့အိမ်တော်ထိန်းတွေနဲ့ ဘော်ဒီဂတ်တွေကလည်း အော်တိုမက်တစ်ပါလာတယ်။

မေမီခင်မောင်ဝင်းက စပြီးတော့ သူတောင်းစားရဲ့ခွက်ထဲကို ငါးထောင်တန်တစ်ရွက် ထည့်လိုက်ရင်း ...

''ကျွန်မ ငါးထောင်ထည့်တယ် ...''

လို့ဆိုတော့ ဂျူးဂျူးမြင့်သိန်းက သရော်တော်တော်ဟန်နဲ့ တစ်ချက်ရယ်လိုက်ကာ ...

''ဟာက် ... အိမ်တော်ထိန်း ... ကျွန်မကို တစ်သောင်းတန် ငါးရွက် ထောက်ပေးစမ်းပါ''

ဆိုပြီးတော့ ပိုက်ဆံတစ်သောင်းတန် ငါးရွက်ကို ယူလိုက်ကာ ...





''ဒီမှာ ကျွန်မက သူ့ထက် ဆယ်ဆ ... ငါးသောင်းထည့်တယ်''

သူတောင်းစားရဲ့မျက်လုံးတွေက အရောင်တွေ တလက်လက်တောက်ပသွားတယ်။ ပါပါရာဇီတွေကလည်း ဓါတ်ပုံတွေ တဖျပ်ဖျပ်အမိအရရိုက်ယူကြတယ်။ ဒီတော့ မေမီခင်မောင်ဝင်းက ဘယ်ငြိမ်နေတော့မလဲ။

''ဒီမှာ ကျွန်မက တစ်သိန်းထည့်တယ် ...''

ဆိုတော့ ဂျူးဂျူးမြင့်သိန်းကလည်း နောက်ထပ်ပိုက်ဆံတစ်ထောင်တန်နှစ်အုပ်ကို ယူလိုက်ရင်း ...

''ကျွန်မက နှစ်သိန်းထည့်တယ်ရှင် ...''

သူတောင်းစားက ဝမ်းသာလုံးတွေ ဆို့နေပြီ။ ဒါပေမဲ့ သူမတို့နှစ်ယောက်ကတော့ တစ်ယောက်နဲ့တစ်ယောက် အကျောမခံကြသေးဘူး။

''ကျွန်မက သုံးသိန်း ...''

''ကျွန်မက လေးသိန်း ...''

''ကျွန်မက ငါးသိန်းရှင် ...''

မေမီခင်မောင်ဝင်းရဲ့ စကားအဆုံး ဂျူးဂျူးမြင့်သိန်းကလည်း ''ကျွန်မက ခြောက်သိန်း'' ဆိုပြီး ထပ်ထည့်မလို့ လုပ်တယ်။ ဒါပေမဲ့ ... ''ကျွန်မက'' ဆိုတဲ့ အဆင့်ထိပဲ ရှိသေးတယ်။ တစ်ယောက်ထက်တစ်ယောက် မြှင့်အောင် ထည့်နေရင်းက ကြာရင် ရှိသမျှစည်းစိမ်ပြုတ်ပြီး သူတောင်းစားနဲ့ နေရာချိန်းရတော့မှာကို မြင်ယောင်လာတဲ့ ဂျူးဂျူးမြင့်သိန်းရဲ့အိမ်တော်ထိန်းက ဝင်တားရတော့တယ်။

''မမ ... မမလေး ... တော် ... တော်လောက်ပြီ ထင်တယ်နော် ကြာရင် ရှိသမျှ အကုန်ပြုတ်လိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဂျူးဂျူးမြင့်သိန်းက တစ်ချက်တော့ ဓွေခနဲဖြစ်သွားတယ်။ ဒါပေမဲ့ . . . ရှေ့နေတဲ့ မေမိခင်မောင်ဝင်းရဲ့မျက်နှာကိုလည်း အမြင်ကတ်စိတ်က ရှိနေသေးမြန်ရာ သူတောင်းစားကို စေ့စေ့ကြည့်လိုက်ရင်းက . . .

"အို . . . ရှုပ်ပါတယ်၊ ကဲ . . . ပြော . . . ရှင်ဘာလိုချင်လဲ၊ ရှင်လိုချင်တာကို ကျွန်မ ဝယ်ပေးမယ်၊ နောက်ဆုံးအနေနဲ့ ကြိုက်တာသာ တောင်းတော့ . . ."

သူတောင်းစားက မဝံ့မရဲဟန်လေးနဲ့ ဂျူးဂျူးမြင့်သိန်းကို ကြည့်တယ်။ အကြည့်က တကယ်တောင်းရမှာလားဆိုတဲ့ အကြည့်။

"ဗျာ . . . တ . . . တကယ်လားဟင် . . ."

"တကယ်ပြောတာပေါ့၊ ကြိုက်တာသာတောင်း။ ကျွန်မ ဝယ်ပေးမယ်"

"ကျွန်တော် တကယ်တောင်းမှာနော် . . ."

"ဩော် . . . တောင်းပါဆိုမှ၊ ပြော . . . ဘာလိုချင်လဲ"

"အဲ . . . အဲဒါဆိုရင်လေ . . . ကျွန်တော့်ကို i phone 6+ လေးတစ်လုံးလောက် ဝယ်ပေးပါလားဟင်"

ဂျူးဂျူးမြင့်သိန်း မျက်လုံးပြူးသွားတယ်။ ကြည့်စမ်းပါဦး။ သူတောင်းစားပါးစပ်က တောင်းလိုက်တာကလည်း i phone 6+ တဲ့။ ဂျူးဂျူးမြင့်သိန်းက . . .

"ဟင် . . . အိုင် . . . အိုင် . . ."

ဆိုပြီး ထစ်နေတယ်။ ဒါကို သူတောင်းစားက မျှော်လင့်တကြီးပုံစံနဲ့ ခေါင်းတစ်ချက်ညိတ်လိုက်ရင်း . . .





"ဟုတ်တယ်လေ . . . အိုင် . . . i phone 6+ . . . ကျွန်တော်တသူတောင်းစားပေမယ့် ခေတ်မီတဲ့သူတောင်းစားဆိုတော့ Facebook သုံးတယ်လေ၊ ဒါပေမဲ့ . . . သူတောင်းစားဆိုတော့ ဟန်းဆက်ကောင်းကောင်း ဘယ်ကိုင်နိုင်ပါ့မလဲဗျာ၊ အဲဒီတော့ Facebook မှာ selfie ရိုက်ပြီးတင်ရင် ပုံထွက်က ဘယ်လှပါ့မလဲ၊ ဖြစ်နိုင်ရင် ကျွန်တော်လည်း ဘဝမှာ တစ်ကြိမ်တစ်ခါလောက်တော့ သူများတွေလို i phone 6+ ဆိုတာကြီးနဲ့ ပုံထွက်ကောင်းကောင်းလေး selfie ရိုက်ပြီးတော့ Facebook မှာ တင်ချင်သေးတာပေါ့၊ ကျွန်တော့်ဆန္ဒလေးကို မဖြည့်ဆည်းပေးနိုင်ဘူးလားဟင် . . . အဟင့် . . . ရှုတ် . . ."

သူတောင်းစားက ဝမ်းနည်းပက်လက်ဟန်နဲ့ မျက်ရည်တွေ ဘာသူတောင် ဘူးသီးလုံးလောက်ကျပြီး ငိုပြလိုက်သေးတယ်။ ဒါကို ကြည့်ပြီးတော့ ဂျူးဂျူးမြင့်သိန်းခမျာ အတော့်ကိုပဲ သနားသွားရတော့တယ်။

"ရ . . . ရပြီ . . . တိတ် . . . တိတ်ပါတော့ရှင့်၊ ဒီမှာကြည့်"

ဂျူးဂျူးမြင့်သိန်းက ပြောပြောဆိုဆို သူမရဲ့ဘောင်းဘီအိတ်ကပ်ထဲက သူမသုံးနေတဲ့ i phone 6+ ကြီးကို ထုတ်ယူလိုက်ကာ . . .

"ဒါ . . . ကျွန်မကိုင်နေတဲ့ i phone 6+ အစစ်၊ သူများတွေလို အင်တွေ ကိုင်နေတာမဟုတ်ဘူး၊ သိတယ်မလား၊ ကျွန်မအဆင့်ကို၊ ရော့ . . . ယူသွားလိုက်၊ ဆင်းနိုကတ်ပါ . . . ပါပြီးသား၊ ရေမီးအစုံနဲ့ လေထီးခုန်လို့ရတယ်"

"ဟား . . . ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားက i phone 6+ ကြီးကိုယူကာ ဝမ်းသာအား
ခုန်ပေါက်နေတော့တယ်။ ဂျူးဂျူးမြင့်သိန်းကတော့ မေမီခင်မောင်ဝင်းကို "
... အခုတော့ နင်ဘာတတ်နိုင်သေးလဲ" ဆိုတဲ့အထာနဲ့ ကြည့်ပေးလိုက်
တယ်။ ဒီတော့ မေမီခင်မောင်ဝင်းကလည်း သူမသုံးနေတဲ့ i phone
ကြီးကို အိတ်ကပ်တစ်ခုထဲကနေ ဆွဲထုတ်ယူလိုက်ကာ အားလုံးမြင်သာအော
ထောင်ပြလိုက်ရင်းက ...

"ဒီမှာ ... ဒီမှာ ... ဒါကလည်း ကျွန်မကိုင်နေတဲ့ i phone
အစစ်ပဲ၊ ကျွန်မလည်း ရှင့်ကို ကုသိုလ်ယူတဲ့အနေနဲ့ ဒီဖုန်းကို
လိုက်မယ်၊ ရော့ ... ယူသွားလိုက်"

ဆိုပြီး သူတောင်းစားရဲ့ခွက်ထဲကို ထည့်ပေးလိုက်တယ်။ သူတော
စားခမျာ တက်မတတ်၊ ချက်မတတ် ဖြစ်သွားတဲ့အထိ ဝမ်းသာလုံး
ဆို့သွားတယ်။ ပါပါရာဇီတွေကလည်း ဒါကို အမိအရ ဓါတ်ပုံရိုက်ယူ
တယ်။

"ဟား ... ဝမ်းသာလိုက်တာ ... ကျေးဇူးတင်ပါတယ်၊ ကျေ
တင်ပါတယ် ..."

သူတောင်းစားရဲ့ကျေးဇူးတင်စကားအဆုံးမှာတော့ မေမီခင်မေ
ဝင်းနဲ့ဂျူးဂျူးမြင့်သိန်းတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မျ
တောင်းကိုယ်စီ ထိုးလိုက်ကြကာ ...

"တွန်း ..."

"တွန်း ..."

ဆိုပြီး မဲ့ကာရွဲ့ကာနဲ့ ခြံထဲကို အသီးသီးပြန်ဝင်သွားကြတ





သူတောင်းစားကတော့ i phone 6+ တစ်လုံးကို ခါးမှာချိတ်ကာ ကျန်တစ်လုံး
နဲ့ သူ့ကိုယ်သူ နေရာမှာတင်ပဲ selfie ရိုက်လိုက်တယ်။

နောက်ထပ် မိနစ်အနည်းငယ် အကြာမှာတော့ သူ့ရဲ့ "Saw Kyi Bal " ဆိုတဲ့ အကောင့်မှာ သူ့ရဲ့ဓါတ်ပုံတစ်ပုံနဲ့အတူ အောက်ပါ status
တစ်ခု တက်လာတော့တယ်။

*"ပေး ... စေ့ငှ တို့ ဒီပုံက i phone 6+ နဲ့ရိုက်ထားတာ သိလား ... ခ်ိခ်ိ အဆင်ပြေရင် like ပေးဦးနော်၊ အားလုံးကို ချစ်တယ် သိလား ... အာဘွား။ မွချိ ... မွချိ"*

❑

"ဟယ် ... စင်လိုက်တာဟယ် ... ကြည့်စမ်းပါဦး၊ နီနီခင်ဇော်ရဲ့
သီချင်းထဲကလို သိကြားမင်းတွန်းချလို့ ပြုတ်ကျလာတဲ့ နတ်သား
လေးကျနေတာပဲ"

ဆိုင်ထဲကို ဝင်လာတဲ့ ကောင်လေးတစ်ယောက်ကိုကြည့်ပြီး ပြော
လိုက်တဲ့ ချောချောစကားကြောင့် ဖြူဖြူရဲ့အကြည့်တွေကလည်း ကောင်
လေးဆီကို အခြောက်လည်ပြန်လေးရောက်သွားရတယ်။ ကောင်လေး
အတွေ့မှာတော့ ဖြူဖြူလည်း ငေးခနဲဖြစ်ကာ ပါးစပ်အဟောင်းသား
သွားရရင်း ...

"ဟယ် ... ဟုတ်ပါရဲ့၊ ဂယ်ဘဲ ... ဂယ်ဘဲ ... 



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ချောနေပါလိမ့်၊ သူ့အမေ ဘာတွေများ စားပြီး မွေးထား လဲ မသိဘူးနော် ..."

နှစ်ယောက်သားရဲ့အကြည့်တွေက ကောင်လေးဆီက မခွာတော့ဘူး။ ကောင်လေး စားစရာမှာနေတာကိုပဲ မေးထောက်ကာ ငေးနေကြတော့တယ်။

ကောင်လေးကလည်း အခြောက်မနှစ်ယောက်ငေးမယ်ဆို ငေးချင်စရာပါ။ အရပ်ရှည်ရှည်မှာ အသားက ဝင်းဝါနေပြီးတော့ ဘော်ဒီကလည်း တစားထားမှန်းသိသာစွာ တောင့်ဖြောင့်နေပြီး အဲဒီဘော်ဒီအချိုးအစားကို ပေါ်လွင်စေမယ့် ဂျင်းပန်အနက်အကျုပ်ကို အပေါ်က ဘော်ဒီဖစ်အကျီ အနက်ရောင်နဲ့ တွဲဝတ်ထားတာဆိုတော့ အခြောက်မနှစ်ယောက် ပါးစပ် မပိတ်နိုင်ဘူး။

အဲဒီလိုဖြစ်နေတဲ့အချိန်မှာပဲ ကိုယ်တော်ချောရဲ့အကြည့်က အခြောက်မနှစ်ယောက်ဆီကိုရောက်လာပြီး အခြောက်မတွေက သူ့ကိုကြည့်နေတာကို အတွေ့မှာတော့ ကောင်လေးက တစ်ချက်ပြုံးပြလာတယ်။

ချောချောရဲ့မျက်လုံးတွေက မာကျူရီမီးသီးတစ်လုံးကို ခလုတ်ဖွင့်လိုက်သလို ဝင်းလက်လာပြီးနောက် ...

"ဟဲ့ ... ဟဲ့ ... သူက ငါ့ကိုပြုံးပြတယ်တော့၊ ကျန်း (ကြည့်စမ်း) ... ကျန်း ..."

လို့ဆိုတော့ ဖြူဖြူကလည်း ကောင်လေးဆီက အကြည့်ကို မခွာဘဲ ကြည့်မိကြည့်ငြ ရင်းကနေ ခေါင်းကိုခပ်လေးလေး ရမ်းခါလိုက်ကာ ...

"ဘယ်ကလာ ... ညည်းကို ပြုံးပြရမှာလဲ၊ ငါ့ကိုပြုံးပြတာပါ"





"ဆုတောင်းလေဟယ် ... ညည်းအဆင်နဲ့ ပြုံးပြစရာလား။ ဒါတို့ ထိုင်နေတဲ့နေရာက နည်းနည်းအမှောင်ကျတယ်လေဟယ်၊ ညည်းက အသားမည်းတော့ သူလေးက ညည်းကို မမြင်လောက်ပါဘူး။ ပျောက်နေမှာ၊ ငါ့တစ်ယောက်တည်းကိုပဲ မြင်ပြီး ပြုံးပြတာပါဟယ်"

အသားမည်းတဲ့ကိစ္စ ပါလာစဉ်မှာတော့ ဖြူဖြူ့မျက်နှာက ရှုံ့မဲ့သွားရတယ်။ ပြောရက်လိုက်တာ ကြည့်စမ်းပါဦး။ ခင်းကမှ ဉသျှစ်သီး ဖွန်း မလိုတဲ့ကောင်မ။ သွား ... အဖီထုတ်ထားတဲ့ ပေါက်ခေါ်မ။

"ကောင်မ ... ညည်း ငါ့အသားမည်းတာကို ထည့်ထည့်မပြော နဲ့လို့ ပြောထားတယ်နော်"

"ပြောတော့ ဘာဖြစ်လဲအေ့၊ မှန်တာပြောတာပဲကို၊ ကျီးကန်းက ကျီးကန်းပဲဟာ"

"နင်သာ ပေါက်ခေါ်မ၊ ငါက အသားမည်းပေမယ့် ပတ္တမြားခဲဟဲ့၊ နင်သာ ခြောက်တောက ပေါက်ခေါ်မ"

"ဟဲ့ ... အဲဒီခြောက်တောက ငါငယ်ငယ်က နေလာတာပါနော်။ အခု ရန်ကုန်သူဖြစ်နေပြီ၊ ညည်းသာ ရန်ကုန်မှာမွေးပြီး အရောင် မတွက်တာ"

"အမယ်လေးလေး ... ပြောရဲတယ်နော်၊ သူ့ကိုယ်သူများ ရန်ကုန် သူဖြစ်နေပြီတဲ့၊ ဘောင်းဘီချွတ်ကြည့်လိုက်ရင် ဖင်ထဲမှာ ကျွဲတွယ်ရာတွေရှုည်းပဲ"

"အိုင်းစ် ... အသားမည်းမ၊ ညည်းငါ့ကို ဝုန်းတယ်ပေါ့လေ၊ ညည်း သာ ကပ္ပလီမ၊ အိုဘားမားအိမ်က အိမ်သာဆေးတဲ့ လူမည်းမ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... အိုဘားမားအိမ်မှာ အိမ်သာဆေးရတာ နည်းတဲ့ ဂုဏ်လား။ ညည်းသာ ဆိုမာလီမိန်းပြဲဆယ်ယောက်လောက်က မုဒိန်းကျင့်လိုက်လို့ သွားခေါ်လာတဲ့ကောင်မ"

"အင် ... ဆိုမာလီမိန်းပြဲတွေမုဒိန်းကျင့်တာနဲ့ သွားခေါ်တာ ဘာဆိုင်လို့လဲ"

"အို ... ဘယ်လိုဆိုင်လဲ သိချင်၊ ကိုယ့်ဘာသာ စဉ်းစားပေါ့၊ တော်တော့ပယ် ... ဒီမှာ သူငယ်တော်အက က,မလို့ဟာ၊ အာရုံနောက်တယ်"

"အမယ်လေး ... ဒီသူငယ်ကိုများ ညည်းက မှန်းရတယ်လို့၊ ညည်းလို အသားမည်းကို ဟိုက စဉ်းစားမလားဟဲ့၊ ငါလို့ ဖြူဖြူချော ချောလေးဆို တော်သေး"

"'ညည်းက ဖြူဖြူခေါ်ခေါ်ပါအေ၊ ဒီသူငယ်က ငါ့ကို ကြွေသွားတာပါ"

"ဒါဆို ... ညည်းနဲ့ငါ သူ့ကို ဘယ်သူမြူဆွယ်နိုင်မလဲဆိုတာ ပြိုင်မလား"

"ဟက်ဟက် ... လုပ်လိုက်လေ၊ ကြာသလားလို့၊ ဘယ်လိုပြိုင်မှာလဲ ပြောလိုက်"

"*သူ့ကို အပြင်ခေါ်ထုတ်နိုင်တဲ့လူက အနိုင်အေ၊ ပြိုင်မလား*"

"**ခိန်း**လိုက်လေ၊ ဖြူဖြူတို့က စင်ပေါ်ကပဲ"

**ဒီလိုနဲ့** နှစ်ယောက်သားက သူတို့ထိုင်နေတဲ့ဝိုင်းကနေ ထကာ **ကောင်လေးထိုင်နေ**တဲ့ ဝိုင်းဆီကို ထသွားကြတယ်။ ဟိုရောက်တော့ ဖြူဖြူက





ချွောကိုယ်ကို ကန့်ကလျလုပ်ကာ ရပ်ရင်း ...

"ဟို ... ဒီ ... ဒီမှာ ခဏထိုင်လို့ရမလားဟင် ..."

ဆိုတော့ ကောင်လေးက ဖုန်းထဲကို ငုံ့ကြည့်နေရင်းကနေ ခေါင်းမော့ကြည့်လာပြီးနောက် သူတို့ကို အတွေ့မှာတော့ မျက်နှာက ပြုံးမြသွားရကာ ...

"သြော် ... ဟုတ်ကဲ့၊ ထိုင်ပါခင်ဗျာ"

နှစ်ယောက်သားက ထည့်ထားတဲ့စီလီကွန်တွေ တင်းပြီး ပေါက်ထွက်သွားမတတ် ရင်တွေကို ကော့ချီထားတဲ့ပုံနဲ့ ဝင်ထိုင်လိုက်ကြတယ်။

"ဟို ... တို့နာမည်က ဖြူဖြူပါ"

"တို့နာမည်ကတော့ ချောချော၊ မှတ်ထားနော်"

သူ့စကားမဆုံးခင်ဖြတ်ပြောလိုက်တဲ့ ချောချောကြောင့် ဖြူဖြူက ချောချောကို မျက်စောင်းတစ်ချက် ပိတ်ထိုးလိုက်တယ်။

"သြော် ... ဟုတ်"

"ဒါနဲ့ ယူ့နာမည်ကရော ..."

"သြော် ... ကျွန်တော့်နာမည်က မိုးစက်ပါ ..."

"ဟယ် ... နာမည်လေးက ချစ်စရာလေး"

နှုတ်ခမ်းကို ရှေ့ဘက်စုချွန်ထော်ကာ လုပ်သံကြီးနဲ့ ပြောလိုက်တဲ့ ချောချောစကားကြောင့် ဖြူဖြူကလည်း အားကျမခံဝင် ပြောတယ်။

"လူလေးက ပိုပြီးတော့ ချစ်စရာကောင်းတာပါဟယ် ... အဟီး ... ဟီး..."

"ကျေးဇူးပါဗျာ ... ဒါနဲ့ ဘာကိစ္စများရှိလို့လည်း မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးဘက်က စကားဖွင့်ပေးလာတယ်ဆိုရင်ပဲ ဖြူဖြူက သူမ အရင်ဦးအောင်ပြောရဖို့အတွက် "သြော် … ကိစ္စကလေ၊ ဒီလိုသားရဲ့" ဆိုပြီး စကားအစပျိုးမယ်ကြံကာရှိသေး၊ စကားက အဆုံးထိမရောက်လိုက်။ "ကိစ္စကလေ … ဒီလို" ဆိုတဲ့အဆင့်မှာပဲ ရှိတုန်းမှာတင် ချောချောက ဆတ်ခနဲလှည့်ကြည့်လိုက်ရင်း …

"ဟဲ့ … ငါ အရင်ပြောမယ်"

"အောင်မာ … ဒီလိုတော့ ဘယ်ရမလဲ၊ ငါ အရင်ပြောမှာပေါ့"

"မရပါဘူး၊ ငါပဲ အရင်ပြောမယ်"

နှစ်ယောက်သား ငြင်းနေတုန်းမှာပဲ အနားကိုလာရပ်တဲ့ နောက်ထပ် ကောင်လေးတစ်ယောက်ကြောင့် ချောချောနဲ့ဖြူဖြူတို့က "အင်း"၊ "အဲ" နဲ့ဖြစ်ကုန်ကြပြီး ငြင်းခုန်နေတာတွေ ရပ်သွားကြကာ ငေးသွားကြပြန်တယ်။ မငေး ရှိမလား။ ဒီတစ်ယောက်ကလည်း မိုးစက်လိုပဲ အကိတ်လေးကိုး။

မိုးစက်က အနားကိုရောက်လာတဲ့ ကောင်လေးကို ကြည့်လိုက်ရင်းက …

"သြော် … ရောက်လာပြီလား၊ နောက်ကျလိုက်တာ၊ ထိုင်လေ"

ဆိုတော့ ကောင်လေးက ဝင်ထိုင်လိုက်တယ်။ အခြောက်မ နှစ်ယောက်ကတော့ ထုံးစံအတိုင်း အသစ်ကလေးကို ငေးလို့။ ဒါကို သတိထားမိတဲ့ မိုးစက်က ချောင်းတစ်ချက်ဟန့်လိုက်တော့မှ အခြောက်မနှစ်ယောက်က ကိုယ်ရှိန်သတ်သွားကြပြီးနောက် မိုးစက်က အားလုံးကို ပြန်မိတ်ဆက်ပေးလိုက်တယ်။

"မိတ်ဆက်ပေးဦးမယ်၊ သူ့နာမည်က ဇော်ဇော်တဲ့၊ ဇော် … သူ က ချောချောတဲ့၊ သူကတော့ ဖြူဖြူတဲ့"

"ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ်"

ဇော်ဇော်ရဲ့စကားအဆုံးမှာတော့ ချောချောက သိန်းထီပေါက်တာ ထက်တောင် ပျော်သွားတဲ့ မျက်နှာထားမျိုးနဲ့ …

"သာတယ် … သာတယ်၊ အရမ်းဝမ်းသာတာပဲ"

"ဟုတ်တယ်၊ ဒီမှာ အဝေမတည့်ဖြစ်နေတာ၊ အခုမှ အကိုက် ဖြစ်သွားတယ်"

"ဗျာ … ဘာ … ဘာပြောတာလဲ မသိဘူး"

ဇော်ဇော်က ကြောင်တောင်တောင်ဖြစ်သွားတယ်။ သူက အခုမှ ရောက်လာတာဆိုတော့ နားမလည်ဘူးလေ။ ဒါပေမဲ့ … မိုးစက်ကတော့ မျက်နှာပျက်လာတယ်။ ဒါပေမဲ့ … အဲဒီလို မိုးစက် မျက်နှာပျက်နေတာကို ဖြူဖြူနဲ့ချောချောက မသိကြဘူး။ သူတို့အာရုံက လောလောဆယ် ဇော်ဇော့် ဘက်မှာ ရောက်နေကြတာကိုး။

"ဘာ … ဘာမှမဟုတ်ပါဘူး၊ အဟီးဟီး …"

"အဟင်းဟင်း … ဟင်း …"

နှစ်ယောက်သား မယားငယ် တုံးညှပ်တဲ့အသံနဲ့ တဟီးဟီး မြင်းဟီ သလိုရယ်နေတာကို မိုးစက်က အမြင်ကတ်လာပြီး သည်းမခံနိုင်တော့တဲ့ အဆုံးမှာတော့ မိုးစက်က စားပွဲခုံကို လက်ဝါးနဲ့ ဘုန်းခနဲမြည်အောင် ရိုက်ချ လိုက်ရင်း …

"ဒီမှာ …"

ဆိုတော့ အခြောက်မနှစ်ယောက်သား ဇီးလိမ်တွေ







www.burmeseclassic.com

www.burmeseclassic.com



သွားကြတယ်။

"အမယ်လေး"

"အိုး ..."

"သူငယ်ထောင်ချင်ရင် ဒီမှာလာမလုပ်နဲ့နော်၊ ကြို့ပြောထားလိုက်မယ်၊ ဒါ ... တို့သူငယ် ..."

မျက်စောင်းထိုးကာ ခွဲပစ်ပစ်အသံကြီးနဲ့ မူနွဲ့နွဲ့လုပ်ကာ ပြောလာတဲ့ မိုးစက်ရဲ့စကားကြောင့် အခြောက်မနှစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားကြပြန်တယ်။

"ဟယ် ..."

"အို ... ဘယ်လို"

"မကြားဘူးလား၊ ဒါ ... တို့သူငယ်လို့ပြောတာ"

မိုးစက်က ပြောလည်းပြော၊ ဇော်ဇော့်လက်တစ်ဖက်ကိုလည်း ဖျတ်ခနဲ လှမ်းဆုပ်ကိုင်ထားလိုက်တယ်။ လက်ဆုပ်လက်ကိုင် ဘယ်လောက်ပိုင်တယ်ဆိုတာကို ပြလိုက်တဲ့သဘော။ အခုတော့ ချောချောနဲ့ ဖြူဖြူရဲ့အာရုံက ဇော်ဇော့်ဆီမှာ မရှိတော့ဘူး။ ဘဝတူတွေဖြစ်နေတဲ့ မိုးစက်ဆီကို ရောက်သွားကြပြီ။

"ဟို ... ဘယ် ... ဘယ်လိုဖြစ်သွားတာလဲဟင်"

"အင်းလေ ... စောစောကတော့ ကျားကျားယားယားကြီးပါ"

မိုးစက်က "အ,ရန်ကော ..." ဆိုတဲ့ စတိုင်လ်နဲ့ ခြေထောက်တို့ချိတ်၊ လက်ချောင်းကို ပိုက်ပစ်လိုက်ရင်းကနေ ...

"အို ... အဲဒါကတော့ လူမြင်ကောင်းအောင် ဖွတ်ကျားပြထား





တာလေ၊ အခုတော့ ရှင်တို့က သူများပစ္စည်းကို လာလုဖို့ ပြင်နေတာကိုး၊ အဲဒါကြောင့် ပိုင်ရှင်ဖြစ်ကြောင်း ပြလိုက်တာ"

အခုမှ ချောချောနဲ့ဖြူဖြူတို့နှစ်ယောက် ငပြောရည်အိုးထဲ ပြုတ်ကျသွားသလို မျက်နှာတွေရှုံ့မဲ့သွားကြတယ်။

"အမယ်လေး ... မူးလိုက်တာ၊ မူးလိုက်တာအေ ... တော်သေးလို့ပေါ့၊ ငါတို့ ပုလင်းကွဲရှုတော့မလို့"

"ဟုတ်ပါရဲ့အေ ... ဒါဆို သမီးက အမေတို့လိုပဲပေါ့နော်"

"ဟုတ်တယ် ..."

"ပုန်းနေတာ ကြာပြီလားဟင်"

"မွေးကတည်းကပဲ ..."

"အို ... ဒါဆို ငါတို့ထက် ဆားပစ်ရင့်တယ်ဟဲ့၊ ဒါပေမဲ့ ... သမီးရယ် ... ဒီလောက် ပွင့်လင်းမြင်သာနေတဲ့ ခေတ်ကြီးထဲမှာ စိတ်ရှိလက်ရှိ ပွင့်ပစ်လိုက်ပါတော့လား၊ ပုန်းနေရတာ မွန်းပါတယ် သမီးရယ်၊ ပြီးတော့ ... နာမည်လေးနဲ့မှမလိုက်၊ နာမည်လေးက ဒီလောက်စိုပြေနေသလောက် လူကတော့ ပက်ကြားတွေ အက်လို့ပါလား သမီးရယ်"

"ခြော် ... သမီးလည်း မေမေတို့လို ပွင့်ချင်တာပေါ့လို့၊ ဒါပေမဲ့ ပတ်ဝန်းကျင်ကိုကြည့်ရသေးတော့ ဘယ်လိုလုပ် ရဲရဲတင်းတင်း ပွင့်ရဲပါ့မလဲ"

"ဟုတ်တယ် ... သမီး၊ အမေ အကြံတစ်ခုပေးခဲ့မယ်သိလား"

မိုးစက်ရဲ့မျက်လုံးတွေက အရောင်တွေ တဖျပ်ဖျပ်လက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

အရင်တုန်းကတော့ "ဒီလိုလက်ညှိုးလေး ကွေးတတ်ဖို့ ဆယ်နှစ် ... ဆယ်နှစ်" တဲ့။ အခုခေတ်ကျတော့ "ဒီလိုရဲရဲတင်းတင်း ပွင့်ရဲဖို့" ဘယ်နှနှစ်များ ကြိုးစားရမှာပါလိမ့်။

"လုပ်ပါဦး မေမေရယ်၊ သမီးကို ကူညီပါဦး။ သမီး ဘာလုပ်ရမလဲ"

"အင်း ... သမီးဘာလုပ်ရမလဲဆိုတော့ ညဘက် ကန်တော်ကြီးစောင်းကို များများသွားသိလား သမီး၊ အဲဒီမှာ သမီးကို ဖွင့်ပေးမယ့်သူတွေ အများကြီးပဲ ..."

ပြောပြီးနောက် ချောချောနဲ့ဖြူဖြူတို့က ကော့ပက်ကော့ပက်နဲ့ ဆိုင်ထဲကနေ ပြန်ထွက်လာခဲ့လိုက်ကြတယ်။ ကြာကြာနေလည်း သူတို့အတွက် ဘာအကျိုးမှ မရှိဘူးလေ။ သူငယ်တော်အက မကရတဲ့အပြင် ပုလင်းကွဲရှကိန်းတောင် ရှိတယ်မလား။

❑

အပြင်ကနေ ငိုကြီးချက်မနဲ့ ပြန်လာတဲ့ သဲမောင်ကြောင့် ဦးသာရွှေနဲ့ ဒေါ်မေသဲတို့နှစ်ယောက် ပျာယာခတ်သွားကြပြီး ကိုယ်စီလုပ်နေကြတဲ့ အလုပ်တွေကို ပစ်ချကာ သဲမောင့်အနားကို အပြေးသွားကြရတယ်။

"တဲ့ ... ဟဲ့ ... သား ... ဘာဖြစ်လာတာလဲသား၊ ဘာဖြစ်လာတာလဲ"





"အဟင့် ... ဟီး ... ဟီး ... သား ... သား"

သဲမောင်က မိခင်ဖြစ်သူရဲ့စကားကို ကောင်းကောင်းပြန်မဖြေနိုင်။ ထက်သီးဆုပ်လောက် မျက်ရည်ပေါက်ကြီးတွေ ဒလဟောကျကာ ရှိုက်ကြီးတငင်ကို ငိုနေတော့တာပါ။ နှပ်ချေးတွေကလည်း နှာခေါင်းထဲကနေ ပါးစပ်ပေါ်အထိ တွဲကျစီးဆင်းနေသေးတယ်။ ဒီတော့ မိဘတွေက ပိုစိတ်ပူတော့တာပေါ့။

"အေးလေ ... မင်း ဘာဖြစ်လာတာလဲလို့၊ ပြော ... ငါတို့ကို ဘာဖြစ်လာတာလဲ"

"သား ... သား ... အဟင့် ... ဟီးဟီး ... ရှုတ် ..."

"ဟော့ ... ခက်ပြီ မင်းကို ဘာဖြစ်လာတာလဲ မေးနေတာလေကွာ၊ ငိုစရာရှိတာ နောက်မှငို၊ မေးတာကို အရင်ဖြေဦး။ ဒါမှ ငါတို့က မင်းကို ဘာလုပ်ပေးရမလဲဆိုတာ သိမှာပေါ့၊ ဘာဖြစ်လာတာလဲ ... ပြော"

"ဟုတ်သားပဲ သားရယ် ... ပြောစမ်းပါ၊ ဘာဖြစ်လာတာလဲ၊ ပြော ..."

သဲမောင်က မျက်ရည်တွေကို လက်ဖမိုးနဲ့ ပွတ်သုတ်ပစ်လိုက်တယ်။ ပြီးနောက် ... စားပွဲပေါ်မှာရှိတဲ့ တစ်ရှူးဘောက်ထဲက တစ်ရှူးစအချို့ကို ဆွဲထုတ်ကာ နှပ်ချေးတွေကို ရှိုးခနဲမြည်အောင် သုတ်ပစ်လိုက်ပြီးမှ ...

"အဟင့် ... ရှုတ် ... သား ... သားလေ ..."

"အင်း ... ဘာဖြစ်လဲ၊ ဆက်ပြော"

"ရှုတ် ... သား ... သားလေ ... ဒီနေ့ သွေးလူ့ရာရှိလို့ငိုပြီး



www.burmeseclassic.com

www.burmeseclassic.com



သွေးသွားစစ်တာ၊ အဲ … အဲဒီမှာ … အပတီး … ရှတ် …”

သွေးစစ်တာဆိုတဲ့စကားကိုလည်း ကြားရော မိဘတွေရဲ့ မျက်လုံးတွေက စာစာကထက် ပိုပြူးလာကြတယ်။ သွေးစစ်တယ်ဆိုတော့ ပိုရိုးရိုးရှိပြီ မဟုတ်လား။ ဘာရောဂါတွေများ တွေ့လို့လဲ။ မတော်တဆ … ဟိုရောဂါများ …။

“ဟင် … သွေးစစ်တာ၊ ဘာ … ဘာဖြစ်လို့လဲဟင် … အဖေ ရင်တွေပူလိုက်တာ သားရယ်၊ မြန်မြန်ပြောစမ်းပါ၊ သွေးစစ်တာ ဘာဖြစ်လဲ …”

“သွေး … သွေးစစ်တာလေ … အဲဒီမှာ … အေ … အေ … အဟင့် … ဟီး … ဟီး …”

သဲမောင်က တအီအီရှိုက်နေရင်းကနေပဲ စကားကို အားယူပြောတယ်။ ဒါပေမဲ့ … “အေ … အေ …” ဆိုပြီး စကားက ဆက်ထွက်မလာတော့ဘဲ သည်းကြီးမည်းကြီး ထပ်ငိုပြန်တဲ့အခါမှာတော့ မိဘနှစ်ယောက်စလုံးက ထိုင်ခုံတွေပေါ်မှာ အရုပ်ကြိုးပြတ် ပြုတ်ကျကုန်တော့တယ်။

“ဟင် …”

“ဘယ်လို …”

ဒေါ်မေသဲလည်း ချက်ချင်းဆိုသလို မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းကျလာတယ်။

“အဟင့် … ဟင့် … အဖြစ်ဆိုးလိုက်တာ သားလေးရယ်၊ အဖြစ်ဆိုးလိုက်တာ၊ ဘာဖြစ်လို့များ သားလေးကျမှ အခုလို အဖြစ်ဆိုးကြီးနဲ့ ကြုံရတာလဲသားလေးရယ်၊ မေမေတို့တော့ ရင်ကျိုး





ပါပြီ သားရယ်၊ အဟင့် … ဟင့် … ဟင့်၊ ကိုသာခွေ … ကျွန်မ … ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ရှင့် … ကျွန်မတို့ ဘယ်လို လုပ်ကြမလဲ”

ဦးသာခွေက ခေါင်းကိုမော့လှန်ကာ မျက်လုံးတွေကို မှေးမှိတ်ထားလိုက်ပြီးနောက် သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်လိုက်တယ်။ နောက်တော့ ခေါင်းငိုက်စိုက်ပြန်ကျလာကာ တောက်တစ်ချက်ကို ဝမ်းပန်းတနည်း ခေါက်လိုက်ကာ …

“မိုက်လိုက်တာ … သားရယ်၊ မိုက်လိုက်တာ … မင်း ဘာဖြစ်လို့ ဒီလောက်မိုက်ရတာလဲ”

“ဟုတ်ပါရဲ့ သားရယ်၊ ဘာဖြစ်လို့များ ဒီလောက်မိုက်ရတာလဲ၊ မင်းမိန်းမလိုချင်တယ်ဆိုလို့ မေမေတို့ကလည်း အားကြိုးမာန်တက်နဲ့ သားမိန်းမရဖို့အရေးကို ကြိုးစားရှာပေးနေတာပဲ သားရယ်၊ အခုတော့ ဆန္ဒကို သိက္ခာနဲ့ မထိန်းတဲ့သား … မကောင်းတဲ့ မိန်းမတွေနဲ့ တွေ့ခဲ့ပြီ ထင်ပါရဲ့၊ အဟီး … ဟင့် … ဟင့် ….”

ဒေါ်မေသဲက ဦးသာခွေရဲ့ပခုံးပေါ်ကို ခေါင်းမှီထားလိုက်တော့ … ဦးသာခွေကလည်း ဇနီးဖြစ်သူကို အလိုက်သင့် အားပေးဖက်ထားပေးလိုက်ရင်းက မျက်ရည်တွေ စီးကျလာတယ်။

သူငိုသလို မိဘတွေကပါ လိုက်ငိုနေတော့ သဲမောင်လည်း အူကြောင်ကြောင် ခဏဖြစ်သွားတယ်။ ဘယ်တုန်းကမှ မိဘတွေက သူ့အတွက် အခုလို လိုက်ငိုမပေးဖူးဘူးလေ။ ဒီတော့ ငိုနေရင်းကနေပဲ မျက်လုံးလေး တစ်ချက်စွေကြည့်ကာ မေးရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... မေမေတို့က ဘာလို့ငိုတာလဲဟင် ..."

"သားအတွက် ... စိတ်မကောင်းလို့ပါ သားရယ် ..."

"အဟင့် ... သား ဘယ်လိုလုပ်ရမလဲဟင် မေမေ၊ သား ဘယ်လို လုပ်ရမလဲဗျာ၊ ပြောပါဦး ... အဟီးဟီး ..."

"အဟင့် ... မေမေလည်း ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူး သားရယ်၊ မေမေ့ရင်ထဲမှာလည်း သားအတွက် မီးတွေတောက်နေ ပြီသားရဲ့၊ မီးတွေတောက်နေပြီ ..."

ဒေါ်မေသဲက ဦးသာခွေ့ကိုမှီကာ ငိုနေရင်းကနေ တစ်ဖက်က သဲ မောင်ဘက်ကို ယိမ်းလိုက်ပြန်ကာ သဲမောင့်ကို ရင်ခွင်ထဲ ဆွဲသွင်းကာ ဖက် ထားလိုက်ပြန်တယ်။

"ဖြစ်နိုင်ရင် သားနေရာမှာ မေမေသာ ဖြစ်လိုက်ချင်ပါတယ် သားရယ် ..."

ဆိုတော့ သဲမောင်က ခေါင်းကိုခပ်သွက်သွက်ရမ်းကာ ဒေါ်မေသဲ ရင်ခွင်ထဲကနေ ရုန်းထွက်လိုက်ရင်း ...

"သား ... သား လူ့လောကြီးထဲမှာ ဒီပုံစံကြီးနဲ့တော့ ဆက်ပြီး အသက်မရှင်ချင်တော့ဘူး မေမေရယ်၊ သား ... သားဘာသာ သတ်သေပစ်လိုက်တော့မယ် မေမေရာ"

ဆိုပြီး ထထွက်သွားဖို့ ပြင်လိုက်တယ်။ ဒီတော့ ဒေါ်မေသဲက အထာန့်တကြားဟန်နဲ့ သားဖြစ်သူကို ဆွဲထားလိုက်ရကာ ...

"အို ... မဟုတ်တာ သားရယ်၊ မဟုတ်တာ၊ မကြံကောင်း မစည် ရာတွေ၊ မေမေတို့ ဗုဒ္ဓဘာသာမှာ အဖန်ငါးရာ ငါးကမ္ဘာဆိုတာ





ရှိတယ်သားရဲ့၊ မလုပ်ပါနဲ့ သားရယ် ... မ လုပ်ပါနဲ့ ..."

"ဟုတ်ပါတယ် သားရယ် ... ဆက်မမိုက်ချင်စမ်းပါနဲ့ ဒီရောဂါ မျိုးက ကုလို့မရဘူးဆိုပေမယ့် အခုလို ခေတ်မှီနေတဲ့ခေတ်ကြီးမှာ ဆေးဝါးတွေ ပေါ်နေပါပြီ သားရယ်၊ ပျောက်အောင်ကုမရပေမယ့် ဆေးဝါးတွေဘာတွေကို အချိန်မှန်မှန်သောက်ပြီး ဂရုတစိုက် နေမယ်ဆိုရင် သက်တမ်းစေ့ နေလို့ရပါတယ် သားရယ် ..."

ဖခင်ဖြစ်သူရဲ့စကားတွေကြောင့် သဲမောင်က မျက်မှောင် တစ်ချက် ကုတ်သွားတယ်။

"ဖေဖေ ဘာတွေပြောနေတာလဲဟင် ... သားနားမလည်လို့"

"သားဖြစ်နေတဲ့ရောဂါအကြောင်းကို ပြောနေတာလေကွာ"

"ဗျာ ... သားက ဘာရောဂါဖြစ်နေလို့လဲ"

"အေအိုင်ဒီအက်(စ်)လေ ..."

သဲမောင်ခမျာ ခပ်နွမ်းနွမ်း ပြေလျော့လျော့ထိုင်နေရင်းကနေ ခန္ဓာ ကိုယ်က တောင့်ခနဲဖြစ်သွားရတယ်။

"ဗျာ ... သား ... သားမှာ အေအိုင်ဒီအက်(စ်) ရှိတယ်၊ ဟုတ် လား၊ အမယ်လေးလေး ... ချောင်းခြားမြေခြား၊ ချောင်းခြားမြေခြား ဖေဖေရယ်၊ ကြားရတာနဲ့တောင် ကြက်သီးထလာပြီ၊ မဟုတ်တာ၊ သားမှာ ဘာအေအိုင်ဒီအက်(စ်)မှ မရှိပါဘူး"

သဲမောင်က ပြောနေရင်းကနေပဲ ကြက်သီးတွေတဖြန်းဖြန်း [illegible] ကာ ခြေဖနောင့်ကိုထိလိုက်၊ နဖူးကိုထိလိုက် လုပ်လိုက်ရတယ်။ [illegible] သူတွေမှာလည်း ရုတ်ခြည်းပြောင်းလဲသွားတဲ့ သဲမောင်ရဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နဝေတိမ်တောင်တွေဖြစ်သွားကြကာ ...

"ဟင် ... မင်းပဲပြောတော့ မင်းမှာ အေအိုင်ဒီအက်(စ်) ရှိနေတယ်ဆို"

"ဘယ်မှာပြောလို့လဲ ဖေဖေရဲ့၊ မပြောမိပါဘူး"

"ဟာ ... စောစောက မင်းပဲ ပြောတာလေကွာ၊ သွေးသွားစစ်တာ ... အေဆို"

"အင်းလေ ... ဟုတ်သားပဲ သားရယ်၊ သားပဲ အေ ... အေ ... ဆိုပြီး ငိုနေပြီးတော့"

သဲမောင်က အခုတော့မှ အကြောင်းစုံကို သိသွားကာ စိတ်ရှုပ်ရှုပ်နဲ့ ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်ကာ ...

"အာ ... ရှုပ်ကုန်ပါပြီ မေမေတို့ရယ်၊ သားပြောတဲ့ အေဆိုတာက အဲဒီအေမဟုတ်ပါဘူး"

"ဒါဆို ... ဘယ်အေတုန်း မင်းဟာက"

"သားသွေးသွားစစ်ရင်းနဲ့ အဲဒီမှာ သားကြိုက်နေတဲ့ ကောင်မလေးနဲ့ တွေ့ခဲ့တယ်လေ၊ သူက မင်္ဂလာဆောင်တော့မှာမို့လို့ သူ့ခင်ပွန်းလောင်းနဲ့ သွေးလာစစ်တာတဲ့"

"ဟင် ... အဲဒါနဲ့ မင်းက ဘာလို့ အေ ... အေ ... ဆိုပြီး ငိုနေရတာလဲ"

"ဝမ်းနည်းလွန်းလို့ စကားက ရှေ့မရောက်တာ မေမေရဲ့၊ အဲဒီကောင်မလေးရဲ့နာမည်က အေမိတဲ့"

"ဟော ..."





ဦးသာခွေနဲ့ဒေါ်မြေသဲတို့နှစ်ယောက် ပက်လက်လန်သွားကြတယ်။

❑

"မင်းပဲ စဉ်းစားကြည့်စမ်းပါ ချစ်ကိုရာ၊ ငါ့မှာတော့ သူတို့တွေကို ချစ်လိုက်ရတာ၊ သူတို့တွေကကျတော့ တစ်ယောက်မှ ငါ့ကို ပြန်မကြိုက်ကြဘူး၊ ဒါကောင်းလား၊ ဟမ် ... လောကကြီးကရော ငါ့အပေါ် တရားလား၊ မင်းပဲ ပြောတော့ ..."

"ဟုတ်တယ် ... အဲဒီကောင်မလေးတွေ တစ်ယောက်မှ မကောင်းဘူး။ လောကကြီးကလည်း မင်းအပေါ် မတရားဘူး၊ မင်းအပေါ် ကောင်းစေချင်လို့ ဟောဒီအရက်ပဲရှိတယ်၊ အဲဒီတော့ သောက် ... ဆက်သောက် ..."

ဒါလိုစကားတွေက ချစ်ကိုအတွက် မထူးဆန်းတော့ဘူး။ သဲမောင်ရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ ကောင်မလေးတစ်ယောက် ယောက်ျားရသွားတိုင်း သဲမောင်ဆီက ကြားနေကျစကားတွေ။ အဲဒီလိုဖြစ်တိုင်းလည်း အခုလို အရက်ဝိုင်းက ဖြစ်နေကျ။ သဲမောင်က ခံစားရပေမယ့် ချစ်ကိုကတော့ သဲမောင်ရဲ့ပတ်ဝန်းကျင်က ကောင်မလေးတွေ နေ့တိုင်းတစ်ယောက်စီ [illegible] ပါစေလို့ ဆုတောင်းနေမိတာပါ။ ဒါမှ ဒီလိုပွဲမျိုးက နေ့တိုင်း [illegible] မဟုတ်လား။

"အဲဒီ အေမိဆိုတဲ့ကောင်မက မွဲချင်လို့ ပြောကြသွား[illegible]



www.burmeseclassic.com

သိလား။ ငါ့လို သူဌေးသား၊ သူ့ကို ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ထားပေးမယ့်လူကိုကျတော့ မရွေးချယ်ဘဲနဲ့ အဲဒီပန်းရံဆရာအစုတ်ပလုပ်ကောင်ကိုမှ သွားယူရတယ်လို့၊ ရုပ်ကလေးချောတာတစ်ခုတည်းကို ကြည့်ယူတဲ့ ကောင်မ၊ မဆလာအိုး ရွက်ရတော့မယ်၊ အဟင်း ... ဦးနှောက်မရှိတဲ့ကောင်မ၊ ဘီလပ်မြေမှုန့်ဝင်ပြီး အပေါက်တကာ မြန်မြန်ပိတ်ပါစေ ...”

“အဟီးဟီး ... အဲဒါဆို တော်တော်ကြည့်လို့မယ်နော်၊ မိစ္ဆာဖြစ်ပြီပဲ”

“ဟုတ်တယ်၊ အပေါက်မရှိတဲ့ ပစ်တိုင်းတောင်ဖြစ်မယ့် ကောင်မ ... လာကွာ ... ချီးယား ...”

နှစ်ယောက်သား ခွက်တွေ တိုက်လိုက်ကြကာ အရှိန်ကို ဆက်တင်လိုက်ကြတယ်။ အရက်သောက်ရင် အားလုံးမေ့သွားတယ်ဆိုတာ အလကားပါ။ တကယ်တမ်းကျတော့ အရက်သောက်လေလေ၊ ရင်ထဲမှာ သိမ်းထားတာတွေက အကုန်ပေါ်လာလေလေပါပဲ။ ဒါပေမဲ့လည်း ရှေးရှေးက ဆရာကြီးတွေက အားလုံးမေ့ချင် အရက်သောက်ပါလို့ ပြောခဲ့တော့လည်း နောင်လာနောက်သားသူတို့ကလည်း အကုန်လုံးမေ့တာ၊ မမေ့တာ အသာထား။ ရှေးစကားကိုတော့ အတိအကျလိုက်နာချင်ကြတယ်လေ။ စကားကလည်း လိုက်နာချင်စရာ စကားကြီးကိုး။

သောက်လိုက် ပြောလိုက်၊ ပြောလိုက် သောက်လိုက်နဲ့ပဲ အချိန်တွေက ကုန်မှန်းမသိ ကုန်သွားတယ်။

“အစ်ကိုရေ ... ကျွန်တော်တို့ ဆိုင်ပိတ်တော့မှာမို့ အဲဒါ”





စားပွဲထိုးလေးတစ်ယောက် လာပြောတော့မှပဲ နှစ်ယောက်သား အချိန်ကုန်သွားတာကို သတိရတယ်။ ချစ်ကိုက နာရီကို တစ်ချက်ကြည့်လိုက်ကာ ...

“အိုခေ ... ပြန်တော့လို့ ပြောတာမဟုတ်လား”

“ဟုတ်ကဲ့ ... ဟိုဟာလေ ... အချိန်လင့်နေပြီမို့ပါ”

“အိုခေ ... အိုခေ ...”

ချစ်ကိုက ခေါင်းတညိတ်ညိတ်လုပ်ကာ သဲမောင်ကိုလည်း “သားကြီး ... ဆိုင်ပိတ်တော့မယ်တဲ့၊ ပြန်ကြရအောင်လို့” လို့ တစ်ဆက်တည်း ပြောလိုက်တယ်။ သဲမောင်က စိတ်အဆာမပြေသေးဘူး။

“ငါ သောက်ချင်သေးတယ်ကွာ၊ အမေ့ကို မမေ့သေးဘူး”

“ဒီနေ့တော့ တော်ပါတော့ကွာ၊ ညဉ့်လည်း နက်နေပြီ၊ မင်းမိဘတွေလည်း မင်းကိုမျှော်နေမှာလေ၊ ငါလည်း ဒီထက် ညဉ့်နက်သွားရင် အိမ်ကိုပြန်ဝင်ရ ခက်လိမ့်မယ်၊ ပြီးတော့ မင်းရော ... ငါရော ကားမောင်းကြရဦးမှာ ...”

“ဟင်း ... မင်းကလည်း ဆင်ခြေချည်းပဲ၊ အိုခေ ... အိုခေ၊ နောက်နေ့ဆက်ဆွဲမယ်နော်”

“စိတ်ချ ... မင်းမဆွဲရင်တောင် ငါကဆွဲမှာ၊ ဟုတ်ပြီလား”

“ကြိုက်တယ် ... ဒါဆို ... အခုတော့ ပြန်တော့မယ်”

ကားရပ်ထားကြရာနေရာကို လျှောက်လာကြတယ်။ အနည်းငယ်ဟန်ချက်မျက်နေကြပြီဆိုပေမယ့် လူမှန်းသူမှန်း မသိလောက်အောင်တော့ မဟုတ်ကြ။ သားပစ်ကြောင့်ပဲ ပြောရမလား။ ထိန်းနိုင်ကြတယ်။

www.burmeseclassic.com



ချစ်ကိုက ကားပေါ်တက်ကာ စက်ကိုနှိုး၊ မှန်ချလိုက်ပြီးနောက် တစ်ဖက်ကားပေါ်မှာရှိတဲ့ သဲမောင်ကို လှမ်းကြည့်လိုက်ရင်း အသံကျယ်ကျယ်နဲ့ ...

"ဟေ့ကောင် ... သွားပြီနော်၊ ကားကိုလည်း သတိထားမောင်းဦး။ ရတယ်မလား"

"အေးဆေးပါကွာ ... ဒီလောက်က ပါးပါးလေးပါ"

"အိုခေ ... အိုခေ ... ဒါဆို လစ်ပြီ"

"အေးအေး ... ဘိုင့်ဘိုင်"

ချစ်ကိုကား အရင်ထွက်သွားပြီးတော့မှ သဲမောင်က သူ့ကားကို မောင်းထွက်တယ်။ နှစ်ယောက်သားသွားရမယ့်လမ်းတွေရဲ့ဦးတည်ရာက မတူကြ။ သပ်သပ်စီ။ ဖြစ်ချင်တော့ ကားကို ဆိုင်ဝန်းထဲကနေ မောင်းထွက်လာပြီး မကြာခင်မှာပဲ အစိုးမရတဲ့ ရန်ကုန်မိုးက ဆိုင်းမဆင့်ဗုံမဆင့် ရွာချလာပါလေရော။

"ဟား ... မိုးကတော့ လုပ်ပြီကွာ ..."

သူက စိတ်ပျက်လက်ပျက်ရေရွတ်ကာ ဝိုက်ဘာကိုဖွင့်လိုက်ပြီး ချထားတဲ့ မှန်တွေကိုလည်း ပြန်တင်လိုက်ရတယ်။ နောက်တော့ CD Player ထဲမှာ Bruno Mars ခွေကိုထည့်ကာ Lazy Song နဲ့ ငြိမ့်လာခဲ့လိုက်တယ်။ သီချင်းက ကြာပြီဆိုပေမယ့် သူ့အတွက်တော့ အခုထိ အကြိုက်ရဆုံးသီချင်း တစ်ပုဒ်အဖြစ် ရှိနေဆဲပါပဲ။

အဲဒီလိုမောင်းလာခဲ့ရင်းကနေ တစ်နေရာအရောက်မှာတော့ ယောဂီဝတ်စုံနဲ့ အဘိုးကြီးတစ်ယောက်က သူ့ကားကိုတားတယ်။ အစတော့ သူက





ရှုပ်တယ်ဆိုပြီး မရပ်ပေးဘဲ ကျော်တက်လာခဲ့လိုက်တယ်။ ဒါပေမဲ့ မိုးတွေကလည်းရွာ။ အဘိုးကြီးတစ်ယောက်လည်း ဖြစ်နေတာကို တွေးမိတော့ သက်ပြင်းကိုချကာ ကားကို နောက် ပြန်ဆုတ်လာခဲ့လိုက်တယ်။

အဘိုးကြီးအနားကိုရောက်တော့မှ ကားမှန်ကို စကားပြောလို့ရနိုင်ရုံလောက်သာ လျှောချလိုက်ပြီး ...

"ဘယ်သွားမလို့လဲ အဘိုး"

ဆိုတော့ အဘိုးကြီးက ဆောင်းထားတဲ့ထီးကို အပေါ်ဘက် နည်းနည်းမော့လှန်လိုက်ကာ ကားထဲ ငုံ့မိုးကြည့်လာရင်း ပြောလာတယ်။

"ရွှေတိဂုံဘုရားကို သွားမလို့ပါသားရယ်"

"ရွှေတိဂုံကိုသွားမှာ ဒီအချိန်ကြီးကျမှ၊ ညဥ့်နက်နေပြီလေဗျာ"

"ကိစ္စလေးရှိလို့ပါ သားရယ်၊ ဖြစ်နိုင်ရင် အဘကို လိုက်ပို့ပေးပါလား၊ မိုးတွေကရွာ၊ တက္ကစီတွေကလည်း တစ်စီးမှ ငှားလို့မရလို့ပါ။ အပန်းမကြီးရင် ကူညီပါလားသားရယ်"

လူကသာ ရှုပ်ဆိုးချင်ဆိုးမယ်။ စိတ်ထားကတော့ အနည်းငယ် လှသေးတဲ့သူက "ကျွတ်" တစ်ချက်ကိုတော့ သပ်ဖြစ်အောင် သပ်လိုက်ပြီးတော့မှ ...

"တက်တက် ... အဘ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးပါသားရယ် ... ကျေးဇူးပါ"

အဘိုးကြီးက ကားနောက်ခန်းထဲမှာပဲ တက်တယ်။ ပြီးတော့ ကားမောင်းလာတဲ့ လမ်းတစ်လျှောက်လုံးလည်း ဘာစကား တစ်ခွန်းမှမပြောဘူး။ ဒါပေမဲ့ ... သူ့ကိုတော့ လှမ်းလှမ်းကြည့်နေတာကို သူက နောက်ကြည့်မှန်



www.burmeseclassic.com

www.burmeseclassic.com

ထဲကနေ မြင်နေရတယ်။

ဒီအချိန်ကြီးကျမှ ရွှေတိဂုံဘုရားကို ဘာလုပ်ဖို့သွားမှာလဲလို့ တွေး လိုက်မိပြီး မေမေယိမြင်ပြီးမှ စပ်စုရာရောက်သွားမှာစိုးတာနဲ့ မေးမနေတော့။ ဒါပေမဲ့ ကြာကြာတော့ ကားနောက်ခန်းထဲကို နောက်ကြည့်မှန်ထဲကနေ မကြာခဏကြည့်ဖြစ်တယ်။

ဘာ့ကြောင့်လဲတော့ မပြောတတ်။ တစ်ချက်တစ်ချက် အဘိုးကြီးနဲ့ အကြည့်ချင်းဆုံသွားတဲ့အခါမျိုးဆို ကြက်သီးမွေးညှင်းတွေ တဖျင်းဖျင်း ထထသွားရတယ်။ အဘိုးကြီးက လူမှဟုတ်ရဲ့လား။ သရဲတစ္ဆေတော့ မဖြစ် နိုင်ဘူး။ ယောဂီဝတ်စုံကြီးနဲ့လေ။ ပြီးတော့ . . . ဘုရားသွားမယ့်ဟာ။ ဒါဆို ထွက်ရပ်ပေါက်တို့ ဘာတို့လိုမျိုး ဘိုးတော်တစ်ပါးပါးများလား။ အာ . . . ငါဘာတွေ တွေးနေပါလိမ့်မယ်။ မိုးရွာလို့ ကြက်သီးထတာပဲဖြစ်မှာပါ။ ပြီးတော့ သောက်ထားတဲ့အရှိန်တွေကြောင့် အပေါ့ကလည်း သွားချင်နေပြီ မဟုတ်လား။

သူက အဲဒီလိုပဲ တွေးလိုက်ကာ လျှောက်တွေးနေမိတာတွေကို ရပ်တန့်ပစ်လိုက်ပြီး ကားကိုပဲ ဂရုစိုက်မောင်းနေလိုက်တယ်။

ကံကောင်းတယ် ပြောရမယ်။ ဘုရားရဲ့မုခ်ဦးအခြေကိုရောက်တော့ မိုးတာ စဲသွားပြီ။ အဘိုးကြီးကို ချပေးပြီးတော့ ပြန်မောင်းလာခဲ့လိုက်တယ်။

အိမ်ရောက်တော့ ဖေဖေ့ကားဒရိုင်ဘာ ကိုစံပွင့်က တံခါးလာဖွင့် ပေးတယ်။

"နောက်ကျလိုက်တာ ညီလေးရာ၊ အန်တီတို့က စောင့်နေတာ၊ အခုလေးတင်မှ အိပ်ရာထဲဝင်သွားကြတာ"





"စိတ်ညစ်လို့ နည်းနည်းကစ်နေတာပါ ကိုပွင့်ရာ၊ တံခါးစောင့်ဖွင့် ပေးလို့ ကျေးဇူး . . . ကျေးဇူး . . . အိပ်တော့မယ် သိလား။ ကိုပွင့် လည်း အိပ်တော့ . . . ဂွတ်နိုက် . . ."

သူက ဗလုံးဗထွေးနဲ့ပြောပြီး အိမ်ထဲဝင်၊ တံခါးပိတ်ပြီးနောက် အခန်းရှိရာ တက်လာခဲ့လိုက်တယ်။ နောက်တော့ အဝတ်အစားတွေ ချွတ် ချကာ ခုတင်ပေါ် ပစ်လှဲအိပ်ချပစ်လိုက်တော့တယ်။ ဟင်း . . . ဘယ်မိန်းမမှ ပြန်မချစ်တော့ရော ဘာအရေးလဲနော်ဗျာ။ အဟက် . . . အရက်သောက် ပြီး အိပ်လည်း အိပ်ရာက နွေးတာပါပဲ။

❑

မနက်လင်းတော့ ခေါင်းထဲမှာ အုံခဲနေတယ်။ အိပ်ရာပေါ်မှာ ထထိုင် ကာ ငူငူကြီးဖြစ်နေတုန်းမှာပဲ အခန်းထဲကို မေမေ ဝင်လာတယ်။

"နိုးပြီလား သား။ မင်းအဖေကို ကန်တော်ကြီးထဲမှာ သွားခေါ်ချည် ဦး"

"ဗျာ . . . ဖေဖေက အဲဒီကို ဘာသွားလုပ်ရတာတုန်း"

"လမ်းသွားလျှောက်တာလေ သားရယ်၊ အခုတော့ မင်းအဖေ ဘီယာသောက်တာများပြီး ဗိုက်ထွက်လာလို့ မေမေက လမ်း လျှောက်ခိုင်းထားတာ၊ အသက်ကလည်း ရပြီဆိုတော့ ကိုယ်လက် လှုပ်ရှားမှုလေးရှိတော့ ကျန်းမာရေးကောင်းတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"ကားယူမသွားဘူးလား မေမေက"

"မယူသွားဘူးလေ၊ တက္ကစီငှားပြီးပဲ သွားတာ၊ သွားခေါ်ပါ သားရယ်၊ ပြီးတော့ ... မေမေ့ကို Morning starက မုန့်ဟင်းခါး ဝင်ဝယ်ခဲ့ပေး၊ မေမေ မုန့်ဟင်းခါးစားချင်လို့"

မေမေထွက်သွားတော့မှ ခုတင်ပေါ်ကဆင်းကာ မျက်နှာသစ်ရင်း ရေပါချိုးချင်လာတာနဲ့ တစ်ခါတည်းခပ်မြန်မြန်ချိုးကာ အဝတ်အစားလဲလိုက်တယ်။ အဲဒီလိုလဲနေရင်းကနေပဲ အကြည့်က ခုတင်ခြေရင်းနားမှာ ကပ်ထောင်ထားတဲ့ ပုလင်းတစ်လုံးကို မြင်သွားတယ်။ သူက မျက်မှောင်ကုတ်လိုက်မိတယ်။ ဝိုင်ပုလင်းတစ်လုံး၊ ဒါပေမဲ့ ... ဒီပုလင်းက ကိုယ့်အခန်းထဲကို ဘယ်လိုရောက်လာသလဲဆိုတာ တွေးလို့မရ။ ညကများ ဆိုင်ကနေ ပုလင်းထပ်ဆွဲလာတာလား။ ဒါလည်း မသေချာ။ ပြီးတော့ ပုလင်းမှာက ဘာတံဆိပ်မှလည်း မပါ။ ဘယ်လိုပါလိမ့်။

စဉ်းစားရခက်နေတုန်းမှာပဲ အပြင်ကနေ "သားရေ ... မပြီးသေးဘူးလား" ဆိုတဲ့ မေမေ့အသံထွက်လာတာကြောင့် သူက "ပြီးပြီ ... ပြီးပြီ မေမေ၊ သွားတော့မလို့" ဆိုကာ စဉ်းစားမရတဲ့ ဝိုင်ပုလင်းကိစ္စကို ခေါင်းရှုပ်ခံတာ ဆက်စဉ်းစားမနေတော့ဘဲ အပြင်ကို မြန်မြန်ပဲထွက်လာခဲ့လိုက်ရတယ်။

တော်ကြာ ... နောက်ကျနေရင် မေမေက ဗျစ်တောက်ဗျစ်တောက် ပြောဦးမယ်လေ။

မနက်ခင်းမို့ ကားလမ်းတွေက ရှင်းနေသေးတော့ ကားမောင်းရတာ စိတ်ချမ်းသာစရာပါ။ ဒီလိုနဲ့ မီးပွိုင့်တစ်ခုကိုအရောက်မှာတော့ ကောင်မလေး တစ်ယောက် မောင်းလာတဲ့ကားနဲ့ ဘေးချင်းကပ်ကာ ရပ်လျက်ကျတယ်။





မှာတင်ပဲ ကောင်မလေးက သူ့ကို ချိုမြစွာ တစ်ချက်ပြုံးပြလာတယ်။

"အို ... မိုင် ... ဂွိုက်"

လို့တောင် ပါးစပ်ကနေ ရေရွတ်လိုက်မိတယ်။ ဘုရား ... ဘုရား ... ကောင်မလေးက ကိုယ့်ကို ပြုံးပြတယ်တဲ့။ လောကကြီး ဘယ်လိုတွေ ဖြစ်နေတာပါလိမ့်။ ဘယ်တုန်းကမှ ကောင်မလေးတစ်ယောက်ဆီကနေ ခုလို အပြုံးမျိုးကို မိမိမရခဲ့ဖူးဘူးလေ။ ကိုယ်က စိတ်ဝင်စားလို့ ပြုံးပြ လိုက်ရင်တောင်မှ ကောင်မလေးတိုင်းက နှာခေါင်းရှုံ့ကာ အကြည့်လွှဲသွား ကြတာ မဟုတ်လား။ အခုတော့ အလန်းစားကောင်မလေးတစ်ယောက်က ကိုယ့်ကို စတင်ပြုံးပြလာသတဲ့။ ဘုရားသခင် ...။

ဒါဟာ ... ကိုယ့်ရဲ့ဖူးစာရှင်များလားဆိုတဲ့အတွေးနဲ့ သူက ခပ်မြန်မြန်ပဲ ပြန်ပြုံးပြလိုက်မိတယ်။ ဒီတော့ ကောင်မလေးက နောက်တစ်ခါ သူ့ကို ထပ်ပြုံးပြပြန်တယ်။ သူက နောက်ထပ်ပြုံးပြဖို့ လုပ်တုန်းမှာပဲ မီးက စိမ်းသွားတာမို့ ကောင်မလေးက မောင်းထွက်သွားတယ်။

ကိုယ့်မှာ ကားကိုသာ မောင်းထွက်လိုက်ရတယ်။ လက်တွေတောင် တုန်လို့။ ကတုန်ကယင်နဲ့ မနည်းထိန်းမောင်းလာခဲ့လိုက်ရတယ်။ အဲဒီလို မောင်းလာရင်းကနေ သူက ကားကိုမောနင်းစတားဆိုင်ခြံဝင်းထဲကို မောင်းဝင် လိုက်တယ်ဆိုရင်ပဲ စောစောက ကောင်မလေးရဲ့ ကားကပါ သူ့ကားဘေးမှာ ဈေးချခနဲဝင်ရပ်လာတယ်။ ဘုရားသခင် ... ကယ်တော်မူပါ။ သူမက ကိုယ့် နောက်ကိုလိုက်လာတာလား။ အာ ... ကိုယ်တွေးတာ နည်းနည်းများသွားပြီ ထင်ပါ့။ သူမလည်း ဒီမှာ တစ်ခုခုလာစားတာဖြစ်မှာပါလို့ တွေးလိုက်မိတော့ စိတ်က ညှိုးချုံးသွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခဏာရယ်ပါ။ ကားပေါ်ကဆင်းကာ မိမိကို နောက်ထပ် ပြုံးပြကာ ...

"အဟင်း ... မောနင်း ..."

လို့ဆိုလာတဲ့ ကောင်မလေးကြောင့် လူကမြောက်ခနဲပင် ဖြစ်သွား ရတယ်။ ဒီတစ်ခါတော့ လူလည်း နည်းနည်းရဲလာသလို ခံစားသွားရကာ...

"ဩော် ... ဟုတ်၊ မောနင်း ..."

လို့ ပြန်လုပ်ဖြစ်လိုက်တယ်။ ရင်ထဲမှာတော့ ကမ္ဘာမှာ ရှိသမျှ ကုလားတွေအကုန်လုံး တစ်ချိန်တည်း ဘုရားပွဲလှည့်နေပြီ။

"breakfast လာစားတာလား"

"ဟုတ် ... ဟုတ်တယ် ..."

"ကျွန်မလည်း လာစားတာ၊ တစ်ယောက်တည်းဖြစ်နေလို့ အဖော်ရအောင် အတူတူထိုင်ကြမယ်လေ၊ ဖြစ်လား"

အစတော့ကိုယ်က မုန့်ဟင်းခါး ပါဆယ်ဝယ်ပြီး ပြန်ဖို့ပါ။ ဒါပေမဲ့ အခုလို ရာသီဥတုသာယာနေတာကြီးကို လက်လွှတ်မခံချင်လေတော့ ...

"ဗျာ ... ဩော် ... ဖြစ်တယ်။ ဖြစ်တယ် ... သိပ်ဖြစ်တာပေါ့ ဟီး ... ဟီး ..."

တစ်ဝိုင်းတည်း ထိုင်ဖြစ်ကြတယ်။ အဲဒီလိုထိုင်လိုက်စဉ်မှာပဲ ကိုယ်နဲ့ မျက်နှာချင်းဆိုင်က ဝိုင်းမှာထိုင်နေတဲ့ ကောင်မလေးတစ်ယောက်က ကိုယ့် ကို ပြုံးပြလာပြန်တယ်။ ဘေးမှာကလည်း သူ့ရည်းစားဖြစ်ဟန်တူတဲ့ ဘဲ တစ်ကောင်ပါလာတာနဲ့လေ။ ဒါပေမဲ့ ဖွန်ကြောင်တာ အခွန်ဆောင်စရာမှ မလိုတာ နော်။ သေသေသာလေးပဲ ပြန်ပြုံးပြလိုက်တာပေါ့။





"ကျွန်မနာမည်က သီရိပါ"

ကိုယ်နဲ့အတူထိုင်နေတဲ့ ကောင်မလေးဆီက အသံထွက်လာမှပဲ ကိုယ့်ဘေးမှာ နောက်တစ်ယောက်ရှိနေသေးတာကို သတိရကာ ပြန်ထိန်း ရတယ်။

"ဩော် ... ဟုတ်၊ ကျွန်တော့်နာမည်က သဲမောင်ပါ"

"ဝါး ... နာမည်က အံမိုက်စားပဲ၊ လူကလည်း ခေါ်ခေါ်လေးနဲ့ ချစ်စရာလေး ..."

"ဗျာ ..."

"သွား ... ရှင့်သွားကို ပြောတာပါ၊ သွားခေါ်နေတာလေးက ဆွဲဆောင်မှု တော်တော်ရှိတယ်နော်လို့"

ဘုရားသခင် ... တော်ရုံပဲ ကျိုးယိုတော်မူပါဘုရား။ သွားခေါ်တာ ကို ဆွဲဆောင်မှုရှိတယ်တဲ့။ ဒီမနက် ဘာတွေဖြစ်နေပါလိမ့်။ ဒီအချိန်မှာပဲ စားပွဲထိုးလေးရောက်လာတော့ စကားစပြတ်သွားကာ စားစရာတွေမှာ ဖြစ် တယ်။ သူက မိမိစားမှာအပြင် မေမေ့အတွက်ပါ မုန့်ဟင်းခါးပါဆယ်နှစ်ပွဲကို ထိုးယိနဲ့ထည့်ပေးဖို့ ယူလာတဲ့ချိုင့်ကို ကမ်းပေးလိုက်တယ်။

"ဒီဆိုင်ကို နေ့တိုင်းလာဖြစ်လားဟင် ..."

"ဩော် ... နေ့တိုင်းတော့ မလာဖြစ်ဘူးဗျာ၊ တစ်ခါတလေမှပါ ... အဟင်း ..."

"ကျွန်မကတော့ နေ့တိုင်းနီးပါးရောက်ဖြစ်တယ်ရှင့်၊ အ.အတင်း ... ဟင်း ... လာတိုင်းလည်း တစ်ယောက်တည်းပဲ အဖော် မရှိဘူးဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဘာစကားလဲ။ ဒါ ဘယ်လိုစကားမျိုးလဲ။ ရေလာအောင် ပြောင်း ပေးတာ မဟုတ်ဘူးလား။

စိတ်ထဲကနေ ဘယ်နှကြိမ်ပြောက်မှန်းမသိတဲ့ ဘုရားတမှုကို ပြု မိတယ်။

"အဟင်း ... ကျွန်တော်လည်း ဘယ်သွားသွားတစ်ယောက် တည်းပဲ လိမ့်ရတာပါဗျာ၊ ရည်းစားကလည်း မရှိဘူးမဟုတ်လား"

ဟီးဟီး ... ခွင်ထဲဝင်တုန်း။ ဖွတ်ရော အတင်းရော လွှတ်လိုက် တယ်။ ဒီအချိန်မှာပဲ မှာထားတာတွေနဲ့ မုန့်ဟင်းခါးချိုင့်ကို လာချပေးတယ်။

ဒါပေမဲ့ ရာသီဥတုက သိပ်ကြာကြာ မသာယာလိုက်။ မုန့်ဟင်းခါး စားဖို့ ဇွန်းလေးကိုင်ကာရှိသေး။ ဖေဖေ့ဆီက ဖုန်းဝင်လာတာနဲ့ ဖွင့်ကာ နားမှာကပ်ကာ ဟဲလိုမလို့ လုပ်ရုံပဲရှိသေး ...

"ဟော့ကောင် ... မလာသေးဘူးလား။ ဘယ်မှာလဲ"

လို့ ဒလဟောလွှတ်လာတဲ့စကားတွေကြောင့် လက်ထဲက ဇွန်းက လွှတ်ကျသွားရတယ်။

"လာနေပြီ၊ လာနေပြီ ဖေဖေ၊ အခုရောက်တော့မှာပါ ..."

ပြောပြီး ဖုန်းကိုလည်းချ လူကလည်း ထပြီးသားဖြစ်နေပြီ။ မုန့် ဟင်းခါးချိုင့်ဆီကို လက်လှမ်းလိုက်ရင်းမှ ...

"ဟို ... အရေးကြီးကိစ္စတစ်ခုပေါ်လာလို့ဗျာ၊ သွားရတော့မယ်"

"အို ... မုန့်ဟင်းခါးတောင် မစားတော့ဘူးလား"

"ဟုတ် ... ဟုတ်ကဲ့၊ အရမ်းအရေးကြီးနေလို့ပါ၊ နောက်နေ့မှ တွေ့မယ်လေ၊ နော် ..."





"တွေ့မယ်ဆို ဖုန်းနံပါတ်ပေးခဲ့လေ၊ ဒါမှဆက်သွယ်လို့ရမှာပေါ့"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

"သွားပြီနော်၊ နောက်နေ့ဆက်ဆက်တွေ့မယ်သိလား"

ဆိုင်ထဲကနေ အထွက်မှာတော့ ဆိုင်ထဲမှာ သူသတိမထားမိလိုက်တဲ့ မိန်းကလေးနှစ်ယောက်လောက်က သူ့နောက်ကို ထလိုက်လာတာကို တွေ့ ရတယ်။ ဒါပေမဲ့ အဲဒီအချိန်အထိ သူက မအံ့ဩသေးဘူး။ သူ့ကားနောက်မှာ အဲဒီကောင်မလေးတွေရဲ့ကားတွေက အတန်းလိုက်ပါလာတော့မှ သူက ဒီကောင်မလေးတွေဟာ ကိုယ့်နောက်လိုက်လာတာပါလားဆိုပြီး ခေါင်းနား ပန်းကြီးသွားရတာ။ သာယာစရာကိစ္စမျိုးဆိုပေမယ့် အခုလောက်ကြီး သာယာစရာဖြစ်လာတော့လည်း နည်းနည်းတော့ လန့်လာမိတာအမှန်ပါ။

ဒါနဲ့ ကန်တော်ကြီးထဲကို အမြန်မောင်းဝင်ရတယ်။ ဒါလည်း ကောင်မလေးတွေရဲ့ကားတွေက သူ့ကားနောက်မှာ ပါလာတာပါပဲ။ ဖေဖေ စောင့်နေတဲ့အနားကိုအရောက်မှာတော့ ဖေဖေက သူ့ကို အလိုမကျတဲ့ မျက်နှာထားမျိုးနဲ့ကြည့်နေတော့တာ ...

"မင်းကလည်းကွာ ... ကြာလိုက်တာ၊ မင်းအမေပြောတော့ ထွက် သွားတာကြာပြီဆို၊ ဘယ်တွေလျှောက်လိမ့်နေတာလဲ"

"အာ ... မေမေက မုန့်ဟင်းခါး မှာလိုက်တာလေ ဖေဖေရ၊ အဲဒါ အရင်သွားဝယ်နေလို့ ..."

စကားသာ ပြောနေရတာ။ လူက ပတ်ဝန်းကျင်ကို ပတ်ကြည့်နေမိ လာနေတာဆိုတော့ အနီးအနားမှာရှိတဲ့ကောင်မလေးတွေ အားလုံးလိုလိုက ကိုယ့်ကိုပဲ အာရုံစိုက်ကာကြည့်နေကြတာကို သတိထားလိုက်မိတယ်။ ထ



www.burmeseclassic.com

www.burmeseclassic.com



ချို့ဆို သူ့ကားရှိရာကို လျှောက်လာနေကြပြီ။ ဘာမှမသိတဲ့ အခြေအနေ တစ်ခုမှာ လူက ချွေးပြန်သွားရတော့ကာ …

"တက်တက် … ဖေဖေ၊ မြန်မြန်တက် …"

"အောင်မာ … အခုမှ လာအရေးကြီးပြနေတယ် … ဘာဖြစ်လို့လဲ"

"သားနောက်ကို ကောင်မလေးတွေ လိုက်လာလို့ဗျာ"

"ဖြစ်ရတယ်၊ မကြားဖူးတာတွေ လာပြောမနေနဲ့၊ မင်းနောက်ကို ဘယ်မိန်းကလေးက လိုက်မှာလဲ၊ လိုက်လည်း အကြွေးရှင်တွေပဲ နေမှာပေါ့"

"မဟုတ်ပါဘူး ဖေဖေရာ … ကားပေါ်ကို မြန်မြန်တက်ပါဆို့။ တက်ပါဖေဖေရယ် … တက်တက် …"

ကိုယ့်သားရဲ့အရည်အချင်းကိုသိစွာ မယုံသင်္ကာနဲ့ ပြောနေတဲ့ ဖခင်ဖြစ်သူကို သဲမောင်က ကားပေါ်ကနေ မြန်မြန်ဆင်းကာ တံခါးဖွင့်ပြီး နောက်ကားပေါ်ကို တွန်းတင်လိုက်ရကာ ကားကိုခပ်မြန်မြန်ပဲ မောင်းထွက်လာခဲ့လိုက်တယ်။

သူ့ကားနောက်မှာတော့ သူ့နောက်ကိုလိုက်လာတဲ့ ကောင်မလေးတွေရဲ့ကားတွေက အများကြီး။

ဘုရားသခင် … ကယ်တော်မူပါ …။

❑





အခန်းထဲမှာ ဟိုဟိုဒီဒီလမ်းလျှောက်နေရင်းကနေ သဲမောင်က အဖြစ်အပျက်တွေကို မယုံကြည်နိုင်အောင်ဖြစ်နေရတယ်။ ဘယ်လိုဖြစ်ရတာလဲ။ နေ့ချင်းညချင်းဆိုသလို ကောင်မလေးတွေ အများကြီးက ဘာဖြစ်လို့ သူ့ကို သည်းသည်းလှုပ် ဖြစ်လာကြတာလဲ။ ပြီးတော့ … တစ်ယောက်နှစ်ယောက်တောင်မဟုတ်။ တွေ့သမျှ မိန်းကလေးတိုင်းနီးပါးက ဆိုတာကြီး ကတော့ နည်းနည်းလွန်သွားပြီ။ ဒါဟာ သမားရိုးကျဖြစ်ရပ်တစ်ခု ဟုတ်ကို မဟုတ်။ ဒါဆို ဟုတ်တာက ဘာလဲ။ အမှန်တရားက ဘာလဲ။

ဘယ်လိုမှ စဉ်းစားလို့မရ။

စိတ်တွေ လှုပ်ရှားယိမ်းထိုးနေရင်းကနေ အခန်းပြတင်းတံခါးရဲ့ နှင်းဆီးလိုက်ကာစလေးကို အသာမ,တာ အပြင်ကိုချောင်းကြည့်လိုက်မိ လိုက်တယ်။ အိမ်ရှေ့လမ်းပေါ်မှာက ကားတွေပြွတ်သိပ်ကျပ်ကာ ပွဲတော်ကြီး တစ်ခုအလား။ ကောင်မလေးတွေအများကြီးကလည်း အိမ်ထဲကို နေရာ အသီးသီးကနေ ချောင်းမြောင်းကြည့်နေကြတာ အမဲဖျက်တော့မယ့်အလား။ သူ သိပြီးသားလူတွေရော … သူ မသိသေးတဲ့လူတွေရော။

ဘယ်တုန်းကမှ ကိုယ့်ကို ပြန်မကြိုက်ခဲ့ဖူးတဲ့ စင်သီယာနဲ့ ခင်ခင် နွယ့်ကိုတောင် သံပန်းတံခါးအပေါက်တွေကြားထဲကနေ အိမ်ထဲဘက်ဆီကို ခိုးမျှော် ချောင်းကြည့်နေလျက်ပုံစံနဲ့ တွေ့လိုက်ရတယ်။ ဒါပေမဲ့ … ကိုယ့် အဖြစ်က အပြင်ကို မထွက်ရဲ။ အပြင်ထွက်လိုက်လို့ကတော့ အဲဒီမိန်း ကလေးအုပ်ကြီးထဲမှာ သူ့အဖြစ်က ကြက်ကောင်လုံးကျော်တစ်ကောင်ကို ခွေးအများ ဆွဲဖြဲစားသောက်လိုက်ကြသလို သူ့ရဲ့ခြေထောက်တွေ လက်တွေ



www.burmeseclassic.com

www.burmeseclassic.com



စတဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေအားလုံးတို့ဟာ တစ်စစီပြုတ်ထွက်ပါသွား ကြတော့မှာ။

စိတ်ညစ်ညစ်နဲ့ အောက်ထပ်ကိုဆင်းလာတော့လည်း မိဘနှစ် ယောက်ကို အောက်ထပ်က ပြတင်းတံခါးတွေရဲ့ အကွယ်တွေမှာ ကွယ်ရင်း အပြင်ကို ချောင်းမြောင်းနေတဲ့ပုံစံတွေနဲ့ တွေ့လိုက်ရတယ်။

သူ့ကိုအတွေ့မှာတော့ ...

"အမယ်လေး ... မောင်မင်းကြီးသား ... အမေ့သား ... လာစမ်းပါဦး ... လာစမ်းပါဦး ဒီကို၊ အပြင်မှာ မိန်းကလေးတွေ အများကြီးပါလား။ ဘယ်လိုဖြစ်ရတာလဲ သားရယ်၊ အမေ နား လည်အောင် ရှင်းပြစမ်းပါဦး"

"အမေ့ကို ရှင်းပြနိုင်ဖို့နေနေသာသာ သားကိုယ်သားတောင် နားမလည်နိုင်ပါဘူးဆို မေမေရယ် ..."

သူက စိတ်ပျက်လက်ပျက်နဲ့ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်တော့ ဖေဖေက ပြတင်းပေါက်ကတဆင့် အပြင်ကို ချောင်းကြည့်နေရင်းက သူ့ဘက်ကို ပြန်လှည့်ကြည့်လာကာ ...

"မင်း ... သူတို့ဆီက ပိုက်ဆံတွေ့ဘာတွေများ ချေးထားမိသလား ကွာ၊ သူတို့အကြွေးကို ပြန်လိုချင်လို့များ မင်းနောက်ကနေ တသီတတန်းကြီး လိုက်လာကြတာလား"

တဲ့။

ကိုယ့်သား ဒီလောက်မစွံနိုင်တာကို သိထားပြီးသားဆိုတော့ ဖေ

ရှုမဝ





"အာ ... ဖေဖေကလည်း အဲဒီလောက်လူအများကြီးဆီကနေ သားက ပိုက်ဆံချေးပါ့မလားဖေဖေရယ်၊ ပြီးတော့ သားအတွက် လည်း ဖေဖေတို့က သုံးစရာပိုက်ဆံကို လုံလုံလောက်လောက် ပေးထားတာပဲဟာ၊ ချေးစရာမှမလိုတာ"

"ဒါဆို သူတို့က မင်းနောက်ကို ဘာလို့ လိုက်လာကြတာတုန်း"

"ဟင်း ... သားလည်း အဲဒါကိုပဲ စဉ်းစားမရဖြစ်နေတာ၊ ဒီနေ့ အိမ်က ထွက်ပြီဆိုကတည်းက ကျွန်တော့်ကို တွေ့တဲ့ ကောင်မလေး၊ ကောင်မလတ်၊ ကောင်မကြီး ... အားလုံးက သိသိသာသာကြီး သားကို အထာတွေပေးနေကြတာဗျာ၊ ဘာတွေဖြစ်ကုန်လဲတော့ သားလည်း မသိဘူး"

"ဘာပဲပြောပြောတော် ... အခုလိုဖြစ်နေတုန်းမှာ ကျွန်မတို့အ တွက် ချွေးမတစ်ယောက်ရအောင် အဲဒီထဲကနေ တစ်ယောက် လောက် မြန်မြန်ရွေးလိုက်ရင် မကောင်းဘူးလား"

"နေစမ်းပါဦးကွာ ... ဘာမှန်းမသိသေးတဲ့ ကိစ္စကြီးကို၊ တော်ကြာ အပြင်မှာရှိနေတဲ့သူတွေက မင့်သားကို သတ်ဖို့လာတာဆိုရင် ဘယ်လိုလုပ်ကြမလဲ၊ မိန်းမမရတဲ့အပြင် ရေဝေးရောက်နေပါဦး မယ် ..."

ဖေဖေ့စကားအဆုံး မေမေက ဖက်ပုသွားတယ်။ သူကတော့ ခေါ် နေတဲ့သွားတွေကို နှုတ်ခမ်းသားတွေနဲ့ လုံအောင်စေ့ဖုံးလိုက်ကာ ခေါင်းတွေ ကို တဗျင်းဗျင်းကုတ်လိုက်မိတော့တယ်။

ဖေဖေပြောသလို အပြင်မှာရှိတဲ့ မိန်းကလေးတွေက ကိုယ့်ကိုသတ်



www.burmeseclassic.com

www.burmeseclassic.com



ဗို့၊ အကြွေးတောင်းဖို့လာတာမဟုတ်ကြောင်းကိုတော့ သူ ကောင်းကောင်း သိပါတယ်။

အားလုံးက ကိုယ့်ကို ကြွေပြီး လိုက်လာကြတယ်ဆိုတာ လက်တွေ့ ခံစားခဲ့ရတဲ့ကိုယ်က သိနေပြီးသား။ ဒါပေမဲ့ အဲဒီလိုကြွေနေကြတာကြီးကကို ကြောက်ဖို့ကောင်းနေတော့တာပါ။ အခုတော့ ကိုယ့်အဖြစ်က အပြင်တောင် ထွက်ရဲ။

ဆော်ကြည်လွန်းလို့ စိတ်ညစ်ရတယ်ဆိုတာ ဒါမျိုးကိုပြောတာပဲ ဖြစ်ပါလိမ့်မယ်။

❑

အဖြေရှာရင်း စိတ်ညစ်ညစ်နဲ့ အိပ်ပျော်သွားတဲ့သူက ညနေစောင်း တော့မှ အိပ်ရာကနေ ဖျတ်ခနဲနိုးလာတယ်။ အဲဒီလို နိုးလာတယ်ဆိုရင်ပဲ သူက ခုတင်ပေါ်ကနေ ဝုန်းခနဲခုန်ဆင်းကာ ပြတင်းပေါက်ဆီကို ပြေးသွား လိုက်ပြီး အပြင်ကို အသာချောင်းကြည့်မိတယ်။

ဒါပေမဲ့ ကောင်မလေးတွေက အပြင်မှာမရှိတော့ဘူး။ တလေတစ် ယောက်လောက်ပဲ အပြင်ဘက်လမ်းမပေါ်မှာ ရစ်သီရစ်သီနဲ့ ရှိနေကြတာကို တွေ့လိုက်ရတယ်။

ဒီအချိန်မှာပဲ အခန်းထဲကို မေမေရောက်လာတယ်။

"နိုးပြီလားသား ..."





"ဟုတ် မေမေ ... ဒါနဲ့ အပြင်က ကောင်မလေးတွေ ဘယ် ရောက်ကုန်ပြီလဲ"

"ပြန်ကုန်ကြပြီလေ၊ မင်းအဖေက အပြင်သွားမလို့ဟာ၊ အဲဒါကို သူတို့က ခြံတံခါးရှေ့ကနေ ဝိတ်ရစ်နေကြပြီးတော့ မင်းကိုထုတ်ပေး ဖို့ ဆန္ဒဖော်ထုတ်နေတာနဲ့ ဘယ်လိုမှ ထိန်းမရတဲ့အဆုံး မင်းအဖေ ရဲ့အသိ မီးသတ်တစ်ဖွဲ့က လူတစ်ယောက်ကို အကူအညီလှမ်း တောင်းပြီး အကုန်လုံးကို မီးသတ်ပိုက်နဲ့ လိုက်ထိုးနိုင်းပစ်လိုက်တာ၊ အဲဒီတော့မှ အကုန်လုံး ထွက်ပြေးကုန်ကြတော့တာပဲ၊ ဒါတောင် တလေတစ်ယောက်က အဝတ်အစားလဲပြီးတော့ ရစ်သီရစ်သီနဲ့ ချောင်းနေကြသေးတယ်"

"ဒါနဲ့ သား စဉ်းစားလို့ရပြီလား"

"မရသေးဘူး မေမေ၊ ဒါကြီးက သွေးရိုးသားရိုးမဟုတ်တာတော့ သေချာတယ်၊ ဘာမှန်းတော့မသိဘူး"

"ဟင်း ... လောကကြီး ဘာတွေဖြစ်နေမှန်းကို မသိတော့ပါဘူး သားရယ်၊ ကဲကဲ ... သားလည်း ရေချိုးတော့၊ ခဏနေရင် မင်းအဖေက အလုပ်ကပြန်လာတော့မယ်"

"ဟုတ် ..."

မေမေ ထွက်သွားတာနဲ့ သူက ရေချိုးခန်းထဲကိုဝင်လာခဲ့လိုက်ကာ စိတ်တွေကြည်လင်သွားအောင် ရေချိုးပစ်လိုက်တယ်။ ရေချိုးအပြီးမှာတော့ သူက ခုတင်ပေါ်မှာထိုင်ကာ ခေါင်းကို တဘက်တစ်ထည်နဲ့ သုတ်နေတုန်းမှာပဲ သူ့အကြည့်က ခုတင်ခြေရင်းက တိုင်တစ်တိုင်မှာ ကပ်ထောင်ထားတဲ့ မှိုင်



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းဆီကို အကြည့်ရောက်သွားရတယ်။

မနက်ကတည်းက ဒီပုလင်းကို ဒီနေရာမှာ တွေ့နေရတာပါ။ ဒါပေမဲ့ ဘယ်ကဘယ်လို သူ့ဆီရောက်နေမှန်းမသိ။ မနေ့ညက ပလပ်ကျွတ်ပြီးတော့ ပါလာခဲ့တာလောက်ကိုသာ စဉ်းစားလို့ရတာပါ။

သူက သက်ပြင်းကိုချလိုက်ကာ အခန်းထဲမှာ သွားရင်းလာရင်းနဲ့ ပုလင်းကိုတိုက်မိမှာစိုးသဖြင့် လွတ်ရာမှာထားဖို့အတွက် ပုလင်းကို ကောက်ယူလိုက်တယ်။ အဲဒီအချိန်မှာပဲ သူ့အာရုံထဲမှာ အရိပ်တချို့က ဖျတ်ခနဲ ပေါ်လာတယ်။

ယောဂီဝတ်စုံနဲ့ အဖိုးကြီးတစ်ယောက် ...။ ပြီးတော့ ပုလင်းတစ်လုံး ...။

"ဟင် ..."

သူက အလန့်တကြားနဲ့ ပုလင်းကို ကိုင်ထားရင်းကနေ ခုန်ထလိုက်မိတယ်။ မှတ်မိပြီ။ မှတ်မိလာပြီ ...။

အစတစ်ခုကို စဉ်းစားလိုက်မိတဲ့အခါမှာတော့ အကုန်လုံးက တဖြည်းဖြည်းနဲ့ သူ့အာရုံထဲမှာ ပြန်လည်ထင်ဟပ်လာတော့တယ်။ ပုံရိပ်တွေ ...။ ပြီးတော့ အသံတွေ။ တစ်ကွက်ချင်း ... တစ်ကွက်ချင်း ...။

ညက ယောဂီဝတ်စုံနဲ့ အဘိုးကြီးတစ်ယောက်ကို ရွှေတိဂုံဘုရား လိုက်ပို့ပေးခဲ့တာကို ပြန်အမှတ်ရလာတယ်။ ဘုရားကို ရောက်ပြီးတဲ့အခါမှာတော့ အဘိုးကြီးက ကားပေါ်က ဆင်းလိုက်ကာ ...

"ကျေးဇူးပါပဲ သားရေ ... အခုလို အဘကို လိုက်ပို့ပေးတဲ့အတွက် အဘက သားကို ဆန္ဒတစ်ခုလောက် ဖြည့်ဆည်းပေးချင်တယ်၊





အဲဒီတော့ သားစိတ်ထဲမှာ အဖြစ်ချင်ဆုံးဆန္ဒတစ်ခုကိုပြော၊ သား ဘာဖြစ်ချင်လဲ ..."

"တော်ပါပြီအဘရယ် ... အဘက ဘာလုပ်ပေးနိုင်မှာမို့လဲ"

သူက အဘိုးကြီးကို အဲဒီလိုတောင် ခပ်နောက်နောက်နဲ့ မယုံသင်္ကာ ပြန်ပြောလိုက်သေးတာပါ။ ယုံချင်စရာမှမရှိတာပဲလေ။ ကိုယ့်ဆန္ဒကို ဖြည့်ဆည်းပေးချင်တဲ့ အဘိုးကြီးကိုယ်တိုင်ကတောင် ကိုယ့်ဆီမှာ ကားကပ်စီးခဲ့ရသေးတာမဟုတ်လား။ သိပ်စွမ်းနေရင် ကိုယ့်ကားကိုကပ်မစီးဘဲ သူ့ဘာသာ ဟိုက်ချလောင်းဆိုပြီး ရွှေတိဂုံဘုရားကိုရောက်အောင် လုပ်လိုက်တော့ပေါ့။

"အဟင်း ... သားက အဘကိုမယုံဘဲကိုး၊ သားသာပြောကြည့်ပါ၊ အဘ ဘာမဆိုလုပ်ပေးနိုင်ပါတယ် ..."

"အဟက် ... ဒါဆိုလည်း ကျွန်တော့်ကို ဆော်ကြည်အောင် လုပ်ပေးပါလား အဘရယ်၊ ကျွန်တော်က မိန်းမသိပ်လိုချင်တာ၊ ဒါပေမဲ့ ... ဘယ်သူကမှ ကျွန်တော့်ကို ပြန်မကြိုက်လို့၊ အဲဒါလေး လုပ်ပေးပါလား ... ဟီးဟီး ..."

ကိုယ့်စကားအဆုံး အဘိုးကြီးက သဘောတကျနဲ့ ပြုံးလိုက်တာကို အမှတ်ရတယ်။

"သေချာပြီလား သား ...၊ သားအဖြစ်ချင်ဆုံးဆန္ဒက ဆော်ကြည်ချင်တယ်ဆိုတာ သေချာပြီလား သား"

"သေချာတယ်ဗျာ၊ ဆော်ကြည်ချင်တာမှ တစ်ယောက်နှစ်ယောက်လောက်ပဲကြည်တာတောင် မဟုတ်ဘူး။ ကျွန်တော့်ကိုတွေ့သမျှ ကာမပိုင်လင်ယောက်ျားမရှိတဲ့ ကြီးကြီးငယ်ငယ် မိန်းမမှန်သမျှက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုမြင်တာနဲ့ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး လိုက်ကြိုက်နေတာ မျိုးကို ဖြစ်ချင်တာ၊ အဘ လုပ်ပေးနိုင်ပါ့မလား ... ဟင် ..."

"အဘ ထပ်မေးမယ်နော် သား ... သေချာပြီလား"

"ရော် ... ခက်ပြီ၊ သေချာပါတယ်ဆို အဘရယ် ..."

"ကောင်းပြီလေ၊ ဒါဆိုလည်း သားဆန္ဒကို အဘက ဖြည့်ဆည်း ပေးရတာပေါ့"

စကားအဆုံး အဘိုးကြီးက လွယ်ထားတဲ့အိတ်ထဲကနေ ပုလင်း တစ်လုံးကို ထုတ်ပေးလာတယ်။

"ရော့ ... သား"

ဆိုတော့ သူက ပုလင်းကို ကြည့်လိုက်ရင်း ...

"ဘာ ... ဘာတွေလဲဟင် ..."

"ဝိုင်ပုလင်းပါ ..."

"ဗျာ ... ဝိုင်ပုလင်း။ အဟီးဟီး ... အဘကလည်း ဒါမျိုးတွေ သောက်တယ်လား။ ဟီးဟီး ... မထင်ရဘူးနော်"

"ဒါက သာမန်ဝိုင် မဟုတ်ဘူး သား။ အခုခေတ်စကားနဲ့ ပြောရရင် ဆော်ကြည်ဝိုင်ပေါ့ ..."

"ဗျာ ... ဆော်ကြည်ဝိုင်"

သူ့မျက်လုံးတွေက ပြူးကျယ်သွားရတယ်။ ဒါပေမဲ့ ဘာမှန်းမသိ၊ ဘယ်ကမှန်းမသိတဲ့ အဘိုးကြီးတစ်ယောက်ရဲ့စကားကို သူက ခဏလောက်သာ အံ့ဩသွားတာပါ။ သိပ်တော့ မယုံချင်သေး။ သူကြားဖူးတာက မက်မန်းဝိုင်တို့ ... စပျစ်ဝိုင်တို့ပဲ ကြားဖူးတာလေ။ ဒီအဘိုးနဲ့ကျမှ ဆော်





ကြည်ဝိုင်လို့ပဲ ...။

"ဟုတ်တယ်သား ... ဆော်ကြည်ဝိုင်၊ ဒီဝိုင်ကို သား သောက် လိုက်ပါလား၊ အဲဒီလိုသောက်လိုက်တာနဲ့ တစ်ပြိုင်နက် သားဖြစ် ချင်တဲ့ ဆန္ဒတွေအားလုံး ဖြစ်လာပါလိမ့်မယ်"

"ဟုတ်ရော ... ဟုတ်ရဲ့လား အဘိုးရယ်၊ ဟုတ်မှလည်း လုပ်ပါဗျာ ..."

"သားက မယုံဘဲကိုး။ ယုံယုံကြည်ကြည်နဲ့သာသောက်ပါ သား။ အဘိုးမလိမ်ဘူးဆိုတာ သား သိလာပါလိမ့်မယ် ... ရော့ရော့ ... ယူလိုက်တော့ သား၊ အဘိုး သွားရတော့မယ်"

ဖွတ်ထိုးပေးလာတာမို့ သူက ယောင်နနနဲ့ပဲ ပုလင်းကို ယူလိုက် တယ်။ အဘိုးကြီးက လှည့်ထွက်သွားမယ်ပြင်ပြီးမှ တစ်ခုခုကို သတိရသွား ဟန်နဲ့ နောက်ကိုပြန်လှည့်လာကာ ...

"ဩော် ... တစ်ခုတော့ မှာခဲ့ရဦးမယ်သား၊ အဲဒီပုလင်းထဲက ဝိုင်ကို သားသောက်တဲ့အခါ သုံးချိုးတစ်ချိုးပဲသောက်ပါ သား၊ အကုန်မသောက်ပါနဲ့၊ ကျန်တဲ့ဝိုင်တွေကိုတော့ သားလိုပဲ ဆော် ကြည်ချင်တဲ့သူရှိရင် ပေးသောက်လိုက်ပေါ့"

ပြောကာ အဘိုးကြီးက လှည့်ထွက်သွားတယ်။ သူက ဝိုင်ပုလင်းကို တစ်ဖက်ခုံပေါ်မှာ ချထားလိုက်ပြီးနောက် အဘိုးကြီးထွက်သွားရာကို လှမ်း ကြည့်လိုက်စဥ်မှာတော့ အဘိုးကြီးကို အရိပ်အယောင်တောင် မတွေ့ရတော့ ဘူး။

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ခဏလေးအတွင်းမှာ ပျောက်သွားတာက အံ့ဩစရာ။ အဘိုးကြီးတစ်ယောက် လမ်းလျှောက်တာက အဲဒီလောက်တောင် မြန်ရသတဲ့လား။

နောက်တော့ သူအိမ်ပြန်လာခဲ့တယ်။ အိမ်ခန်းထဲအထိ ပိုင်ပုလင်းကိုယူလာပေမယ့် အဘိုးကြီးကို သူမယုံဘူး။ သူက ပိုင်ပုလင်းကို အဖုံးဖွင့်ကာ နှမ်းကြည့်လိုက်တယ်။ အနံ့လေးက သင်းနေတော့ သောက်ချင်စိတ်တွေက ထွေးထွေး ...။

နောက်တော့ သူက အဘိုးကြီးကို မယုံပေမယ့်လို့ ပိုင်သောက်ရတော့ရော နည်းလား ... ဆိုတဲ့စိတ်မျိုးနဲ့ပဲ အဘိုးကြီးပြောသလို ပိုင်ကို သုံးချိုးတစ်ချိုးကုန်တဲ့အထိသောက်လိုက်ကာ ပုလင်းကို ခုတင်ခြေရင်းမှာ ကပ်ထောင်ထားလိုက်ပြီးနောက် အိပ်ပစ်လိုက်တော့တာ။

မနက်မိုးလင်းစဉ်မှာတော့ သူ့အခုလိုတွေ ရင်ဆိုင်လိုက်ရတော့တာပါပဲ။

ဒါဆို အဘိုးကြီးပြောတာတွေက တကယ်တွေပေါ့။

ပိုင်ပုလင်းကိုကိုင်ထားရင်းက တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေတောင် ထလာရတယ်။ ဘုရား ... ဘုရား ...။

ဘာလုပ်ရမလဲ။ မေမေတို့ကို ပြောပြလိုက်ရမလား။ အာ ... မဟုတ်သေးပါဘူး။ မေမေတို့ကိုပြောရင်လည်း မေမေတို့က ယုံမှာမဟုတ်ဘူး။ ယုံတယ်ထားဦး ... မေမေက လျှောက်ပြောလို့ အပြင်ကို ဒီသတင်းပေါက်ကြားသွားရင် အခက်မဟုတ်လား။ ပြီးတော့ ဖေဖေကပါ ကိုယ့်ကို အားကျပြီး ဒီပိုင်ကိုသောက်လိုက်ရင် မေမေနဲ့ ကျိုင်တွေတက်တော့မှာ။ မဖြစ်ပါဘူး။ ဒီကိစ္စကို ကိုယ်တစ်ယောက်တည်းပဲ လျှို့ဝှက်ထားတာ ကောင်းပါ





တယ်။ တခြားဘယ်သူ့ကိုမှ မပြောပြတော့ဘူး။

အတွေးနဲ့အတူသူက ပိုင်ပုလင်းကို သူ့အဝတ်အစားဗီရိုရဲ့ ဟိုးအောက်ဆုံးမှာ ထည့်ကာ ဝှက်ထားလိုက်တော့တယ်။

အဘိုးကြီးကတော့ ကျန်တဲ့ပိုင်တွေကို တခြားလူတွေ ပေးသောက်လိုက်ပေါ့တဲ့။ ဘာကိစ္စပေးရမှာလဲနော်။ တော်ကြာ ... အဲဒီလူတွေပါ ဆော်ကြည်ကုန်ပြီး ကောင်မလေးတွေက ကိုယ့်ကို ကြိုက်နေရာက အဲဒီသူတွေဆီ ပြောင်းသွားရင် ဘယ်လိုလုပ်မလဲ။ မပေးနိုင်ပါဘူး။ ဒီပိုင်က ကိုယ်နဲ့ဆိုက်လို့ ကိုယ်ရတာ။

ဟက်ဟက် ... ဒီဇမ္ဗူတစ်ခွင်မှာ ကိုယ့်လောက် ဆော်ကြည်တဲ့သူ နောက်တစ်ယောက် မရှိစေရဘူး။

www.burmeseclassic.com

www.burmeseclassic.com

## တောင်ပြုံးရွာ (၆)

ကိုဗလကျော် ရွာထဲကပြန်လာစဉ်မှာတော့ အိမ်မှာ အခြောက်
ဖြူဖြူနဲ့ ချောချောတို့ရောက်နေကြတာကို တွေ့လိုက်ရတယ်။

"ဟား ... ဒီအခြောက်မတွေ ရောက်နေပြန်ပြီ"

သူတို့က တောင်ပြုံးပွဲရောက်တိုင်း ဒီကိုလာနေကြပါ။ လာတိုင်
လည်း ကိုယ့်အိမ်မှာပဲ နှစ်တိုင်းလိုလို တည်းနေကျ။ မိခင်ဖြစ်တဲ့သူကလည်
အခြောက်မတွေနဲ့ ပလဲပနံသင့်သလို နတ်ပွဲပေးမယ်ဆိုရင်လည်း သူတို့နဲ့သာ
ပေးနေကျလေ။ ဒီတော့ အခြောက်မတွေက တောင်ပြုံးပွဲရာသီရောက်တိုင်
အိမ်မှာ တံခါးမရှိ၊ ဓါးမရှိ ဝင်ထွက်နေတော့တာပင်။

ထားပါ။ ဒါက ရိုးရာယုံကြည်မှုမို့ ကိုဗလကျော်က ဘာမှမပြောလို
ကိုယ်စိတ်ညစ်တာ အဲဒီအခြောက်မနှစ်ယောက်ဟာ ကိုယ့်အိမ်မှာလည်း





လာတည်းသေးကော ကိုယ့်ကိုယ်ပါ ဖွာဖို့လုပ်နေကြတာကိုရယ်ပါ။ ဒီအခြောက်မတွေရောက်လာလေတိုင်း ကိုယ့်မှာ ကိုယ့်အိမ်မှာကိုယ်နေပြီး အစားအနေကြပ်နေရတဲ့အဖြစ်။

ကိုဗလကျော်က သက်ပြင်းကိုချလိုက်ကာ အခြောက်မတွေကို မမြင်ချင်ယောင်ဆောင်ပြီး အိမ်ထဲကို တောက်လျှောက်ဝင်သွားလိုက်ဖို့ လုပ်တယ်။ ဒါပေမဲ့ မရ။ အခြောက်မတွေက အမေနဲ့ စကားပြောနေရာကနေ ကိုယ့်ကို မြင်သွားတော့ကာ ...

"ဟယ် ..."

"ကိုကို ဗလ ..."

ဆိုပြီး ကိုယ့်ဆီ ပြေးလာကြတယ်။

"ကြည့်စမ်းပါဦး ... ကိုကိုဗလတို့များ ချောတို့ကို ပလစ်ကိတ်ကျွေးတယ်နော်၊ ဟွန်း ... မပြောချင်ဘူး"

"ဗျာ ... ဘာလဲ ပလစ်ကိတ်က၊ ဒီမှာ အဲဒီကိတ်မရဘူးဗျ"

"အို ... ကိုကိုဗလကလည်း ပလစ်ကိတ်ဆိုတာ အဲဒီစားရတဲ့ ကိတ်ကို ပြောတာမဟုတ်ဘူး။ ဖြူတို့ကိုမြင်ရဲ့သားနဲ့ မမြင်ချင်ယောင်ဆောင်သွားတာ၊ ပလစ်ထားတာကိုပြောတာ"

"ဟုတ်ပါ့ ... ချောတို့ကတော့ သူ့အတွက် လက်ဆောင်တွေ အများကြီးနဲ့ ဝယ်လာရတာကို"

နှစ်ယောက်သား ဆစ်စလူး နတ်ပူးသလိုပုံစံတွေနဲ့ လက်ပံမြင်ဆက်ရက်ကျသလို ပွက်လောရိုက်ကာ ပြောလာဟာကို စိတ်ပျက် လက်ပျက်နဲ့ပဲ နားထောင်ပေးနေရတော့တယ်။

www.burmeseclassic.com



"ဟို . . . မမြင်ချင်ယောင်ဆောင်တာ မဟုတ်ရပါဘူးဗျာ၊ တကယ် မမြင်လို့ပါ . . ."

"ယုံဘူး . . . ယုံဘူး . . . ကျွမ်းထိုးပြ . . ."

"ဗျာ . . ."

"ခစ်ခစ် . . . ကျုန်းပါဦး (ကြည့်စမ်းပါဦး) . . . ဖြစ်နေတဲ့ပုံလေးကိုက ချစ်စာလေး . . ."

"ဟုတ်ပါ့ဟယ် . . . ကိုကိုဗလက တစ်နှစ်ပြီးတစ်နှစ် ပိုပို ကဲတ်လာတယ်နော်၊ ဘာတွေလုပ်လို့လဲဟင်"

"ဗျာ . . . ဘာ . . . ဘာမှမလုပ်ပါဘူး"

"မယ် (အံမယ်) . . . ဟုတ်လို့လား၊ မလိမ့်နဲ့နော် . . ."

"မလိမ်ပါဘူးဗျာ . . . ဒါနဲ့ . . . ဟို . . . ကျွန်တော် သွားတော့မယ်နော်၊ အိမ်ထဲကို"

စကားကြာကြာ မပြောချင်တာနဲ့ သူက စကားစကိုဖြတ်ကာ အိမ်ထဲဝင်ဖို့ လုပ်ရတယ်။

"အိမ်ထဲသွားတော့မလို့လား . . . ဒါဆို ချောလိုက်ခဲ့မယ်လေ"

"ဖြူလည်း လိုက်မယ်၊ ဖြူလည်း လိုက်မယ်"

"ဟို . . . ကျွန်တော်က အိမ်ထဲကနေပြီးတော့ ရေစည်ရှိတဲ့နေရာကို သွားမှာဗျ . . ."

"ဟယ် . . . ရေချိုးမလို့လား၊ ချောလိုက်ကြည့်မယ်လေ"

"ဖြူလည်း ကြည့်မယ်လေ . . . သွားရအောင်"

"ဟို . . . ကျွန်တော်က ရေမချိုးဘူးဗျ။ လက်ဆေးမလို့၊ အခု





တောဘက်က ပြန်လာတာလေ၊ အဲဒါ . . . အီးအီးပါချင်တာနဲ့ တောတိုးလာတာ၊ လက်ကို လူးသွားတယ်ဗျာ၊ နံနေလို့၊ အဲဒါ ဆေးမလို့လေ၊ နမ်းကြည့်ပါလား . . . အနံ့လေးကို"

ပြောကာ ကိုဗလကျော်က ဘယ်လက်တစ်ဖက်ကို ချောချောနဲ့ [illegible]တို့ရဲ့ နှာခေါင်းနားကို တိုးပေးလိုက်တယ်ဆိုရင်ပဲ . . .

"ဟင် . . ."

"အမယ်လေး . . . တော်ပြီ . . . တော်ပြီ . . ."

အခြောက်မ,နှစ်ယောက် တွန့်လိမ်ရှုံ့တွကာ ပြေးထွက်သွားကြတော့တယ်။ မှတ်ကရော . . .။

❑

ညဘက် လသာသာမှာ ထွက်ထိုင်ရင်း ကိုဗလကျော်က ခင်ခင်နုကို ဘယ်လိုရအောင်လိုက်ရမလဲ စဉ်းစားနေမိတယ်။ ခင်ခင်နုက နောက်ခံ ဘက်ဂရောင်းကြောင့်တော့ သူ့ကို လုံးဝပြန်ကြိုက်မှာမဟုတ်။ သူမ ကြိုက်တဲ့ ကိုရီးယားဆင်လည်း ဒီဘဝမှာတော့ မဖြစ်နိုင်တော့လေရာ သူမအချစ်ကို ရဖို့အတွက် သူ့မှာ လုပ်ဖို့က တစ်နည်းသာရှိတော့တယ်။ အဲဒါကတော့ အပြုအမူတစ်ခုခုနဲ့ ခင်ခင်နုရဲ့အချစ်ကို ခြွေယူဖို့။

ခက်တာက အဲဒီလို ခြွေယူဖို့အတွက်ကျတော့လည်း သူ့မှာ ဘာအကြံဉာဏ်မှမရှိ။ ရွာထဲမှာ လောက်လောက်လားလား အားကိုးရာကလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိပြန်ဘူး။ ရှိတဲ့ကာလသားတိုင်းနီးပါးကလည်း ခင်ခင်နုကို အသေရရ အရှင်ရရကြံနေကြတာဆိုတော့ကော သူတို့သာစွမ်းရင် ကိုယ့်ကို ဘယ်ကူညီပါ့မလဲ။ သူတို့အတွက်ပဲ သူတို့ ကြံကြတော့မှာပေါ့။ ရွာထဲမှာ ကိုယ်နဲ့ ဝထဲနံ့ဝသင့်ပြီး ကိုယ့်စကားအောင်တာကလည်း ချက်ညို့နဲ့ ခွေးဖြူတို့ပဲ ရှိတာလေ။ ဒါပေမဲ့ . . . သူတို့ကလည်း ကိုယ်နဲ့အတူ ထန်းရည်ကပ်သောက် ပြောက်ပေးတာလောက်သာ စွမ်းကြတာမဟုတ်လား။

"ဟူး . . ."

ကိုဗလကျော်က စိတ်မောမောနဲ့ သက်ပြင်းမောကြီးကိုသာ မှုတ်ထုတ်လိုက်မိတော့တယ်။

"အမယ်လေး ကိုကိုဗလရယ် . . . သက်ပြင်းကြီးချလိုက်တာများ ပြင်းချက်က နာဂစ်တိုက်သွားသလားတောင် အောက်မေ့ရတယ်။ ဘာတွေများ ရွှေစိတ်တော် မပျော်နိုင်ဖြစ်နေရတာတုန်း။ ချောကို ပြောစမ်းပါ"

အနားမှာ တစ်ဖက်တစ်ချက် လာပူးကပ်ထိုင်လာကြတဲ့ အခြောက်တွေကြောင့် စိတ်တွေက ပိုမိုနောက်ကျိသွားရပြန်တယ်။ ဒီနှစ်ယောက်နဲ့ ကိုယ်နဲ့ဟာလည်း ဘယ်လိုဝဋ်ကြွေးမှန်းကို မသိပါချေ။

"ဟုတ်တယ် ဖြူတို့ကိုပြော၊ ကိုကိုဗလအတွက်ဆိုရင် ဖြူ့မှာရှိတဲ့ အသွေးအသားတွေ အကုန်လုံး ပေးဆပ်ရပေးဆပ်ရ၊ ပေးဖို့ အသင့်ပဲ"

"အမယ်လေးဟယ် . . . မိဖြူရယ် . . . နင့်ရဲ့အသွေးတွေ အသားတွေ ပေးမှတော့ ကိုကိုဗလပါ အသားမဲတာတွေ ကူးကုန်မှာပေါ့"





"အိုင်းစ် . . . ပေါက်ခေါ်မ၊ ညည်းငါ့ကို ကိုကိုဗလရှေ့မှာ စုန်းထယ်ပေါ့လေ၊ ငါလက်ပြန်ရိုက်လိုက်လို့ ဟိုဝက်ခြံဘေး ရောက်သွားမယ်"

"အဲဒီတော့လည်း ဝက်မိုန်းမိုန်းနေလိုက်မှာပေါ့အေ . . . အိုက်စ် . . . မဟုတ်ပါဘူး။ ကောင်မ . . . ညည်းသာ လူမရလို့ ဝက်ကို ချောင်းနေတာ မဟုတ်လား"

"စဉ်းစားလေဟယ် . . . ငယ်တော့တဲ့ အရွယ်လည်းမဟုတ်တော့ဘူး"

"ကဲ . . . တော်ကြပါတော့ဗျာ၊ ဒီမှာ စိတ်ညစ်ရတဲ့အထဲ ခင်ဗျားတို့က တစ်မျိုး။ ရန်ဖြစ်မယ်ဆိုရင်လည်း လွတ်ရာ, ကျွတ်ရာကို သွားဖြစ်ကြစမ်းပါ . . ."

ကိုဗလကျော်က ဖြတ်အော်တော့မှ နှစ်ယောက်သားက အနည်းငယ် ကိုယ်ရှိန်သတ်သွားကြတယ်။ ဖြူဖြူက ကိုယ့်ဗလကျော့်လက်မောင်းကို သာကိုင်လိုက်ရင်း . . .

"ဩော် . . . ဖြူက စေတနာနဲ့ ကူညီမယ်လို့ပြောတာပါ ကိုကိုဗလ ရယ် ဖြူက တကယ်ကူညီမှာ၊ ဟိုပေါက်ခေါ်မကသာ အဓနောက်မ"

"အောင်မာ . . . လာသေးတယ်၊ ညည်းသာ ဂျွန်စောဝင်စားတဲ့ ကောင်မ"

"ကဲ . . . ခင်ဗျားတို့ မတော်ကြသေးဘူးဆိုရင်လည်း ရန်ဖြစ်ပြီး နေခဲ့ကြတော့၊ ကျုပ်သွားတော့မယ်"

ကိုဗလကျော်က ခွေးတာတောင် ကောင်းကောင်းမခွေးရတဲ့



www.burmeseclassic.com

www.burmeseclassic.com

အတွက် ထထွက်သွားဖို့လုပ်တယ်။ ဒီလိုကျတော့လည်း အခြောက်မတွေ
အသွားမခံကြဘဲ ကိုဗလကျော်ကို တစ်ဖက်တစ်ချက်ကနေ ဆွဲထားကြ
နေရာမှာ ပြန်ထိုင်စေရင်း ...

"ဩော် ... နေပါဦး ကိုကိုဗလရယ်။ ဘယ်လိုဖြစ်လို့ သွားမယ်ချ
လုပ်နေရတာလဲ။ ပြော ... ပြော ... ဘာလို့စိတ်ညစ်ရက
ဆိုတာကို ပြောပြ၊ ချောကူညီမယ်"

"ဖြူဖြူလည်း ကူညီမယ်"

"ငါ ကူညီမယ်လို့ ပြောနေတယ်၊ ညည်းပါးစပ်ကို ပိတ်ထားစ
နေတစ်စပီကာမရယ် ..."

"ဖါထွာဖာထီ ... ရေဖာထီထဲ ... အိုက်စ် ... ကမ ... ယော
ကုန်ပါပြီအေ။ ဘာကိစ္စ ငါက နေးတစ်စပီကာဖြစ်ရမှာလဲ။ ညည်
သာ ပြည်သူ့ချဉ်ဖတ် ...၊ တော်ပြီ ... တော်ပြီအေ။ ညည်
လည်း မပြောနဲ့။ ငါလည်း မပြောတော့ဘူး။ ကိုကိုဗလပဲပြေ
တော့၊ ဖြူတို့ ဘာကူညီပေးရမလဲပြော"

ကိုဗလကျော်က မနည်းဆွဲဆန့်ထားရတဲ့စိတ်နဲ့အတူ သက်ပြ
မောကြီးကို မှုတ်ထုတ်ပစ်လိုက်မိတယ်။ ရင်ဖွင့်လိုက်မှသာ စိတ်ထဲမှာ တ
ကျပ်နေတာတွေ သက်သာသွားမှာမို့ သည်းခံနေရသော်လည်း ဖြစ်နိုင်ပါ
ဒီတို့မရောက် ဒီမရောက်နှစ်ယောက်ကို မြေကြီးပေါ်မှာ လူးလိမ့်နေအော
စိတ်ရှိသက်ရှိကိုပဲ ဆောင့်ကန်ပစ်လိုက်ချင်ပါတော့တယ်။

"ပြောမယ့်သာပြောရမှာ ခင်ဗျားတို့လည်း ကူညီနိုင်မှာ မဟုတ်
ဘူး။ ဒီလိုဗျာ ..."





ကိုဗလကျော်က ခင်ခင်နုနဲ့ သူ့ရဲ့အကြောင်းတွေ အတုန်းလုံး
အခြောက်မနှစ်ယောက်ကို ပြောပြလိုက်တယ်။ စကားအဆုံးမှာတော့
အခြောက်မနှစ်ယောက်စလုံးက မခံစားနိုင်ဘူးဆိုတဲ့ အထာမျိုးနဲ့ မျက်နှာ
တွေက ရှုံ့မဲ့နေကြတော့ကာ ...

"ဩော် ... ဒီလိုလား။ အမယ်လေး ... ဒီကတော့ ဘာများလဲ
လို့၊ သူက အစ်မတစ်ယောက်အတွက်နဲ့ ခံစားနေရတာကို။ ဟွန်း
... မပြောလိုက်ချင်ဘူး"

"ဟုတ်ပါ့အေ ... သူမိုလို့ ငပြောရည်အိုးထဲကို ဒိုင်ဗင်ထိုးချချင်
နေတယ်၊ ဖြူတို့ကဖြင့် ငပြောရည်ဆို မုန်းလွန်းလို့ မုန့်ဟင်းခါး
စားရင်တောင် ငပြောရည်ထည့်မစားဘူး သိလား"

"ဒါတော့ ကိုယ့်အကြိုက်နဲ့ကိုယ်ပေါ့ဗျာ၊ ကဲ ... ပြော၊ ကူညီနိုင်
မှာလား၊ မကူညီနိုင်ဘူးလား။ ဟင်း ... မေးမနေတော့ပါဘူးဗျာ၊
ဘုရားပေးတဲ့ရုပ်ကို ဘယ်လိုလုပ်ပြင်လို့ရမှာလဲ၊ ပုံပြင်တွေထဲကလို
ဆင်းသွားပြီး ပြန်တက်လာရင် နုပျိုငယ်ရွယ်ချောမောသွားတဲ့
နတ်ရေကန်လည်း ရှိတာမှ မဟုတ်တာ"

"အမယ်လေး ... ရှိပါ့၊ ရှိပါ့တော်၊ ရန်ကုန်ကိုလာသာခဲ့၊ ရန်
ကုန်မှာ Dr-Face ဆိုတဲ့ အလှအပဆိုင်ရာ ခွဲစိတ်ကုသတဲ့ ဆေး
ခန်းရှိတယ်၊ ရှင့်တစ်ကိုယ်လုံးကို အကုန်လုံး ချိန်းပစ်လို့ရတယ်
သိလား။ ပိုက်ဆံသာ များများထည့်ခဲ့ ..."

"ဟုတ်တယ်၊ Dr-Face မှာ ခွဲစိတ်လို့ အားမရသေးဘဲ ဖြတ်
ဖောက်ချုပ်ပါလုပ်ချင်ရင် ပြောဦး။ ဘန်ကောက်အထိ လိုက်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com

မယ် . . . သလား (သိလား) . . .”

“အာ . . . ဘာကိစ္စ ကျုပ်က ဖြတ်ဖောက်ချုပ်လုပ်ရမှာလဲ၊ ဒါပေမဲ့ . . . ခင်ဗျားတို့ပြောတဲ့ Dr-Face ဆိုတာကိုတော့ စိတ်ဝင်စားတယ်ဗျာ၊ ခင်ဗျားတို့ တကယ်ပြောတာပါနော်၊ အဲဒီမှာ ခွဲစိတ်ပြုပြင်လိုက်မယ်ဆိုရင် တကယ်ပဲ ခင်ခင်နု လိုချင်သလိုမျိုး ကိုရီးယားဆင်လေး ဖြစ်လာမှာပါနော်”

“သြော် . . . တကယ်ပါဆိုနေမှပဲ၊ ဘာကိစ္စ ကျွန်မတို့က ရှင့်ကိုလိမ်ရမှာလဲ၊ ဘုန်းကြီးကို လိမ်တာကမှ ငှက်ပျောသီးစားချင် စားရဦးမယ်”

“ဟဲ့ဟဲ့ . . . ဘာတွေလျှောက်ပြောနေတာလဲ၊ ငရဲအိုးထဲကို ခေါက်ထိုးကျချင်လို့လား၊ အဲဒီအသီးက မစားကောင်းတဲ့အသီးနော်”

“အို . . . စိတ်တိုရတဲ့ အထဲ ညည်းကတစ်မျိုး၊ ငါက ရိုးရိုးငှက်ပျောသီးကို ပြောတာပါ၊ စာတွေပဲတွေ၊ နှာတွေးမတွေးနဲ့”

ပြောပြီး အခြောက်မနှစ်ယောက်က ကော့ပက်ကော့ပက်နဲ့ ထထွက်သွားကြတော့တယ်။ ဒါပေမဲ့ . . . ကိုဗလကျော်ရဲ့ ခေါင်းထဲမှာတော့ အတွေးတွေ အများကြီးနဲ့ ချာချာလည်နေတယ်။ ပြီးတော့ . . . သူ့နှလုံးသားရဲ့ မျှော်လင့်ချက် လင်းရောင်ခြည်လေးအတွက်လည်း အားရပါးရ ပြုံးလိုက်မိတယ်။

စိတ်ရှိသလောက်သာ အပျော်ကို ဖွင့်ထုတ်လိုက်ရမယ်ဆိုရင် ရွာတစ်ပတ်လောက် ပတ်ပြေးလိုက်ချင်ပါရဲ့။

❑ ❑ ❑



## ရန်တွန် (၃)

သဲမောင်က ဦးထုပ်ကိုခပ်ငိုက်ငိုက်ဆောင်းကာ မျက်နှာကို ဖုံးလုမတတ်ဖြစ်နေတဲ့ မျက်မှန်အမည်းကြီးတစ်လက်ကိုပါ တပ်ထားပြီးတော့မှ မေမေဝယ်ခိုင်းလိုက်တဲ့ပစ္စည်းတွေကို တာမွေ Ocean ထဲမှာ လျှောက်ဝယ်နေမိတယ်။ ဒီတော့မှသာ သူ့မှာ သွားရလာရတာ အေးအေးသက်သာရှိကာ မိန်းမထုရဲ့အန္တရာယ်ကနေ လွတ်ကင်းရတာကြောင့်ပါပင်။ ဒါတောင် တချို့မိန်းကလေးတွေက သူ့ကိုမြင်ရင် တစ်ချက်တစ်ချက်မှာ ကွက်ကြည့်ကွက်ကြည့် လုပ်ပါသေးတယ်။

အဲဒီလို သဲမောင်ဈေးဝယ်နေသလိုပဲ မေမီခင်မောင်ဝင်းနဲ့ ဂျူဂျူးမြင့်သိန်းတို့ကလည်း နောက်ပါအပေါင်း ခြံရံပြီးတော့ ဆိုင်တကာ လျှောက်ပတ်နေကြတယ်။ တစ်ယောက်နဲ့တစ်ယောက်က ဂုဏ်တုဂုဏ်ပြိုင်တွေဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ယောက်ဝင်တဲ့ဆိုင်ကို နောက်တစ်ယောက်က လိုက်ဝင်ပြီးတော့ တစ်ယောက်ဝယ်တဲ့ပစ္စည်းကို တခြားတစ်ယောက်က လုဝယ်တယ်။ အဲဒီလို လုမယ့်သာ လုတာပါ။ တကယ့်တကယ်တမ်းကျတော့ ဘယ်သူမှလည်း ဝယ်ကြတာမဟုတ်။ ဆိုင်ထဲကနေ ချေပြီးတော့သာ ထွက်လာကြတာချည်းပါပဲ။

ဒီလိုနဲ့ ဈေးလျှောက်ဝယ်ပြီးလို့ ကားပါကင်ဆီကိုအရောက်မှာတော့ သူမတို့နှစ်ယောက်က သဲမောင့်ကိုတွေ့သွားကြတယ်။ သဲမောင်ကလည်း ဈေးဝယ်စဉ်တစ်လျှောက်လုံးမှာတော့ ဦးထုပ်ကို ခပ်ငိုက်ငိုက်စောင်းကာ မျက်မှန်အမည်းကြီးကို တပ်ထားပေမယ့် ကားပေါ်ကို ပစ္စည်းတွေတင်ပြီးစဉ်မှာတော့ နေရထိုင်ရတာ ခက်လာပြီမို့ ဦးထုပ်နဲ့ မျက်မှန်ကြီးကို ချွတ်လိုက်တော့ကာ ပုံပျက်နေတဲ့ဆံပင်ကို ပြန်သ,ဖို့အတွက် ကားနောက်ကြည့်မှန်ထဲမှာ ကြည့်နေခဲ့တာရယ်ပါ။

အဲဒီလိုအချိန်မှာပဲ အချောစိန်နှစ်ယောက်ကလည်း သူ့ဘေးကနေ အဖြတ်မှာ သူ့ကိုတွေ့အသွား . . .။

နှစ်ယောက်သားက ဆတ်ခနဲဖြစ်သွားကြကာ ခြေလှမ်းတွေက ရပ်သွားကြတယ်။ သဲမောင်ကလည်း ဆော်ကြည်တဲ့ဒဏ်ကို ခံရတာ များပြီဆိုတော့ အထာနပ်နေပြီ။ အချောစိန်နှစ်ယောက်ရဲ့ အာရုံက သူ့ဆီကို ရောက်နေပြီဆိုတာကို သိလိုက်တာနဲ့ ကားပေါ်ကို လှစ်ခနဲတက်ပြီးကာ မောင်းထွက်လာခဲ့လိုက်တော့တယ်။

ဒါပေမဲ့ . . . အခုနှစ်ယောက်က သာမန်ညောင်ညတွေမဟုတ်ဘဲ မေမီခင်မောင်ဝင်းနဲ့ ဂျူးဂျူးမြင့်သိန်းတို့ပဲဟာ။ သဲမောင်ရဲ့ကားနောက်ကို လိုက်ခိုင်းတော့တာပေါ့။





"လိုက် . . . လိုက် . . . အဲဒီကားကို မလွှတ်စေနဲ့"

"လွှတ်လို့ကတော့ ရှင်တို့အားလုံး အလုပ်ပြုတ်ပြီသာမှတ်"

သဲမောင်ကလည်း နောက်ကနှစ်ယောက်ပါလာတာကိုသိတော့ ကားကို အမြန်မောင်းတယ်။ အချောစိန်နှစ်ယောက်ကလည်း မှိုင်းမိနေပြီဆိုတော့ လုံးဝအလွှတ်မပေး။ သူမတို့ကားကိုမောင်းတဲ့ ကားဒရိုင်ဘာတွေကို အမျိုးမျိုး ရာဇသံပေး ကြိမ်းမောင်းကာ မမိ,မိအောင် လိုက်ခိုင်းတယ်။

ဒီလိုနဲ့ သဲမောင်ရဲ့အိမ်ကို ရောက်လာတယ်။ သဲမောင်က သူ့ကားကို အိမ်ထဲမြန်မြန်မောင်းဝင်ကာ ကားပေါ်ကမြန်မြန်ဆင်းပြီး အိမ်ထဲမြန်မြန်ဝင်တယ်။ အိမ်ထဲရောက်ပြီဆိုမှ အထုပ်အပိုးတွေကိုချကာ ဧည့်ခန်းထဲက ခုံပေါ်မှာခြေပစ်လက်ပစ်ထိုင်ပြီး သက်ပြင်းချရတယ်။

"အမယ်လေးလေး . . . တော်ပါသေးရဲ့၊ လွတ်အောင်မောင်းလာနိုင်လို့၊ နို့မို့ဆို မလွယ်ဘူး . . . ဟူး . . ."

သဲမောင်က စိတ်ကိုဒုံးဒုံးချလိုက်ကာ ရင်အေးသွားရပေမယ့် ခြံအပြင်က လမ်းပေါ်ရှိ ကားနှစ်စီးပေါ်မှာထိုင်ကာ သဲမောင်တို့အိမ်ကြီးရှိရာကို မမှိတ်မသုန်ကြည့်နေကြတဲ့ မေမီခင်မောင်ဝင်းနဲ့ ဂျူးဂျူးမြင့်သိန်းတို့ကတော့ ရင်မအေးနိုင်တော့ဘူး။ နှစ်ယောက်စလုံးက ရင်တွေ တဒိန်းဒိန်းဆောင့်ခုန်ကာ အချစ်နတ်ဖမ်းစားခြင်းကို ခံနေကြရပြီ။

ပြီးတော့ နှစ်ယောက်စလုံးရဲ့ ခေါင်းတွေထဲမှာ အကြံတွေကိုယ်စီနဲ့ ပြုံးလိုက်ကြတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲကို နောက်လိုက်အခြွေအရံ သုံးယောက်စီနဲ့ ဝင်လာတဲ့ မေမိခင်မောင်ဝင်းနဲ့ဂျူးဂျူးမြင့်သိန်းတို့ကို ဦးသာခွေနဲ့ဒေါ်မေသဲတို့နှစ်ယောက်က ဘယ်ကစ,ကာ စကားပြောရမှန်းမသိဘဲ အတိုင်းသား ကြောင်ကြည့်နေမိကြတယ်။

မေမိခင်မောင်ဝင်းနဲ့ဂျူးဂျူးမြင့်သိန်းတို့ကလည်း ဦးသာခွေနဲ့ ဒေါ်မေသဲတို့ကို စကားမပြောအားသေးဘဲ ခုံအသီးသီးမှာ ခြေချိတ်ထိုင်ကာ တစ်ယောက်ကိုတစ်ယောက် မျက်စောင်းထိုးနေကြတယ်။

ပြီးတော့မှ နှစ်ယောက်သားက ပြိုင်တူတူလိုလို အကြည့်ကို ဆတ်ခနဲ လွှဲလိုက်ကြကာ ...

"ကျွန်မနာမည် မေမိခင်မောင်ဝင်း"

"ကျွန်မနာမည် ဂျူးဂျူးမြင့်သိန်း"

တစ်ပြိုင်တည်းလိုလို ထွက်လာတဲ့အသံတွေကြောင့် နှစ်ယောက်သားက တစ်ယောက်ကိုတစ်ယောက် ဒိုင်းခနဲ မျက်စောင်းတွေ ထိုးလိုက်ကြပြန်တယ်။ ပြီးတော့ စောစောကလိုပဲ အကြည့်ကို ဆတ်ခနဲ ပြိုင်တူလိုလို လွှဲလိုက်ကြကာ ဦးသာခွေနဲ့ ဒေါ်မေသဲတို့ကို ကြည့်လိုက်ကြပြန်ကာ ...

"ကျွန်မက ဦးခင်မောင်ဝင်းရဲ့သမီး"

"ကျွန်မက ဦးမြင့်သိန်းရဲ့သမီး"

ဒီတစ်ခါ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်တဲ့ အကြည့်တွေကတော့ စောစောကထက် ပိုပြီးတော့ ပြင်းအားတွေ များလာတယ်။ မေမိခင်





မောင်ဝင်းက ...

"ဟဲ့ ... နင်ဘာ ဘာကိစ္စ ငါပြောတိုင်း လိုက်ပြောနေတာလဲ"

ဆိုတော့ ဂျူးဂျူးမြင့်သိန်းက မျက်နှာကို မဲ့ရွဲ့လိုက်ရင်းကနေ ...

"စဉ်းစားလေ ... ငယ်တော့တဲ့ အရွယ်လည်း မဟုတ်ဘူး။ ငါက ဘာကိစ္စနဲ့ နင်ပြောသလို လိုက်ပြောနေရမှာလဲ၊ နင်သာ ငါပြောသလို လိုက်ပြောနေတာဟဲ့"

လို့ ပြန်ပက်တယ်။ ဦးသာခွေနဲ့ဒေါ်မေသဲတို့ကတော့ ဘာစကားမှကို မပြောရသေး။ အိမ်ထဲကိုမဝင်ခင် ခြံတံခါးဝမှာ သူမတို့နှစ်ယောက်ရဲ့ ဘော်ဒီဂတ်တွေ စကားဦးလာသမ်းကာ တံခါးဖွင့်ခိုင်းကတည်းက သူမတို့နှစ်ယောက်ရဲ့နောက်ခံဘက်ဂရောင်းကို ပြောသွားပြီးသားမို့ သူမတို့ကိုရှိန်ကာ စကားတွေ စွံ့အ,နေကြရတာပါ။

"လာသေးတယ်၊ နင်သာ ငါ့ကို နေရာတကာလိုက်ပြိုင်နေတာ မဟုတ်ဘူးလား။ ဒီတစ်ခါကတော့ နင်လက်လျှော့လိုက်နော်။ ဒီတစ်ခါ ငါလုံးဝသည်းမခံဘူး။ သူက ငါ့ဘဝဟဲ့ ... သိရဲ့လား"

"အမယ်လေး ... ကဗျာတွေ ဆန်နေပြန်ပါပြီ၊ နင့်လို ပြောကြေးဆိုရင် ငါကလည်း အခုတစ်ခါက နှလုံးသားနဲ့ အလုပ်လုပ်မှာဟဲ့။ ဒီတစ်ခါ နင် ဝင်မရှုပ်ရင်ကောင်းမယ်"

ဒေါ်မေသဲ ဒီအတိုင်းထိုင်မနေနိုင်တော့ဘူး။ ဖြစ်ချင်ရာဖြစ်ဆိုပြီးတော့ ကြောက်ကြောက်နဲ့ပဲ ဝင်ပြောရတော့တယ်။

"နေ ... နေကြပါဦး သမီးတို့ရယ်၊ အန် ... အန်တီ တစ်ခုလောက် ပြောပါရစေနော်၊ အခု အန်တီတို့ဆီကို သမီးတို့လာရတဲ့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရင်းလေးကို အရင်ပြောပြကြပါလားဟင်၊ နောက် ... နောက်မှ ရန်ဖြစ်ကြပါလား"

"ကျွန်မက ရွှေးမ လာအရွေးခံတာ"

"ကျွန်မက ရွှေးမ လာအရွေးခံတာ"

နှစ်ယောက်စလုံးဆီက တူညီတဲ့စကားလုံးအတိုင်း အသံတွေ ပြိုင်တူထွက်လာပြန်တယ်။ ပြီးတော့ ထုံးစံအတိုင်း တစ်ယောက်နဲ့တစ်ယောက် ရန်စောင်သလိုကြည့်လိုက်ကြပြန်ကာ ...

"ဟဲ့ ... နှင့်ကို ငါပြောတိုင်းလိုက်မပြောနဲ့လို့ ပြောထားတယ်နော်"

"ဘယ်မှာပြောလို့လဲ၊ နင်သာ လိုက်ပြောနေတာ၊ အန်တီ သမီးကို ရွေးနော်၊ သူ့ကိုမရွေးနဲ့"

"မဟုတ်ဘူး။ သမီးကိုရွေး၊ သူ့လိုပုံစံက သဲမောင်နဲ့တန်လို့လား အန်တီရယ်၊ စဉ်းစားကြည့်စမ်းပါဦး"

"ဟဲ့ ... ငါက သဲမောင်နဲ့ မတန်ရအောင် ဘာဖြစ်နေလို့လဲ၊ ပြောစမ်းပါဦး"

"ဒါတော့ ကိုယ့်ဘာသာစဉ်းစားလေ ... ငယ်တော့တဲ့အရွယ်မှ မဟုတ်တာ"

နှစ်ယောက်သားက ခြေချိတ်ထိုင်ကာ စကားများနေကြရင်းကနေ စားတွေပါလာကာ နေရာမှာတင် ထသတ်တော့မယ့် အရိပ်အယောင်တွေ ပေါက်လာတယ်။ ဒီတော့ တစ်ချိန်လုံးငြိမ်နေတဲ့ ဦးသာခွေလည်း မနေ သာတော့ဘူး။ ဝင်ပြောရတော့တယ်။ နို့မဟုတ်ရင် ကမ္ဘာ့ချန်ပီယံလက်လုမယ့် ခွေ့ထိုးပွဲတစ်ခုကို မျက်ဝါးထင်ထင် တွေ့ရတော့မှာလေ။ သူတို့ချင်း သတ်ကြ





တာက အရေးမကြီးဘူး။ တော်ကြာ ... ကိုယ့်ကို အမှုပတ်မှာက စိုးရတယ် ဟုတ်လား။

"နေ ... နေကြပါဦးကွယ်၊ အန်ကယ်လည်း ပြောပါရစေဦး။ သမီး တို့ ရွှေးမ လာအရွေးခံတယ်ဆိုပေမယ့် အန်ကယ်တို့က ရွှေးမ ရွေးမယ့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ပါပြီကွယ်၊ အဲဒီအစီအစဉ်က မရှိတော့ပါဘူး"

"အို ... ဘာလို့မရှိတော့တာလဲ၊ အန်ကယ်တို့ပဲ ရွှေးမရှာတဲ့ကိစ္စ ကို သတင်းစာမှာ အတိအလင်းကြေညာထားပြီးတော့"

"ဟုတ်သားပဲ၊ အန်ကယ်တို့ ကြေညာထားလို့ ကျွန်မတို့က ရောက် လာတာလေ"

အခုကျတော့လည်း နှစ်ယောက်သားက အတိုင်အဖောက်တွေ ညီသွားကြပြန်ရော။ ဦးသာခွေက ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ရင်းက ...

"ဟုတ် ... ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ... အခုတော့ မဟုတ်တော့ဘူး။ မဟုတ်တော့ဘူးဆိုတာက ... အဲ"

ဦးသာခွေက ဘယ်ကစ,ပြောရမှန်းမသိတဲ့ပုံနဲ့ တစ်ချက်ငြိမ်သွား တယ်။ ဒီတော့ ဒေါ်မေသဲက ဦးသာခွေကို တံတောင်နဲ့ တစ်ချက်တွတ်လိုက် ရင်းက ...

"ခြော် ... ကိုသာခွေရယ်၊ ရှင့်မှာလည်း ဟုတ်တယ်နဲ့ မဟုတ် ဘူးကို နှစ်လုံးတည်းနဲ့ ဘောင်းဘီကျပ်နေတယ်၊ ကျွန်မပဲ ပြော တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောပြီးနောက် အချေစိန်နှစ်ယောက်ဘက်ကို အပြုံးတစ် လှည့်ကြည့်လိုက်ရင်း ...

"ဒီ ... ဒီလိုပါ သမီးတို့ရယ် ... အန်တီတို့က သားလေးအတွ ချေးမရှာတဲ့ကိစ္စကို သတင်းစာမှာထည့်ခဲ့တာတော့ ဟုတ်ပါတယ် ဒါပေမဲ့ ... အခုမဟုတ်တော့ပါဘူး။ အဲဒီအစီအစဉ်ကို ဖျက်သိ လိုက်ပါပြီ"

"ဘာလို့လဲ၊ ချွေးမက ရသွားလို့လား"

"ဘယ်သူလဲ၊ ဘယ်ကလဲ"

"ဟို ... ရ ... ရတော့ မရသေးပါဘူး။ ဒါပေမဲ့ ..."

မေမီခင်မောင်ဝင်းက လက်မခံနိုင်သလို ထိုင်ရာကနေ ဝုန်း ထရပ်လိုက်ရင်း ...

"အို ... ဒါဆိုရင်တော့ ဒီလိုလုပ်လို့ဘယ်ရမလဲ၊ ရှင်တို့တွေ လူ လူကောင်းတွေလုပ်နေပြီးတော့ ဒီလိုတော့ မလုပ်သင့်ဘူးလေ"

အားကျမခံ ဂျူးဂျူးမြင့်သိန်းလည်း ထိုင်ရာကနေ ထရပ်လာတယ်

"ဟုတ်သားပဲ၊ သတင်းစာမှာ အတိအလင်းကြေညာထားပြီး ဒီလိုလုပ်လို့တော့ ဘယ်ရမလဲ၊ ကျွန်မက မျှော်လင့်ချက်ကြီး လာခဲ့ရတာ၊ နှလုံးသားတစ်ခုလုံးကို ထမ်းပိုးပြီး ပြေးလာတဲ့လူတ ယောက်ကို ဒီလိုစကားလုံးမျိုးနဲ့တော့ ရင်ဝကို ဆောင့်မကန် လိုက်နဲ့လေ၊ ဒီက အချစ်နဲ့လူလုပ်ဖို့ ဆုံးဖြတ်ပြီးမှလာတာရှင့်"

ဂျူးဂျူးမြင့်သိန်းရဲ့ စကားကိုလည်း ကြားရော မေမီခင်မောင်ဝင်းက အံ့ရော့ဟယ် ... အံ့ရော ... ဆိုတဲ့ စတိုင်လ်မျိုးနဲ့ မျက်နှာကို မဲ့ရွဲ့ထား





လိုက်ကာ ...

"အမယ်လေးဟယ် ... လူနဲ့စကားနဲ့ မလိုက်လိုက်တာ"

"ဟဲ့ ... ဘာပြောတာလဲ"

"ဘာမှမပြောဘူး"

နှစ်ယောက်သားက တစ်ယောက်ကိုတစ်ယောက် စူးစူးရဲရဲကြည့် လိုက်ကြပြန်ကာ "ဟွန်း" ဆိုပြီး အကြည့်ကိုလွှဲလိုက်ကြပြန်ပြီးနောက် ထိုင်ခုံ မှာ ပြိုင်တူဝင်ထိုင်လိုက်ကြပြန်တယ်။ ပြီးတော့မှ မေမီခင်မောင်ဝင်းက ဦးသာခွေတို့လင်မယားကို စေ့စေ့ကြည့်ပေးလိုက်ရင်း ...

"ဒီမှာ ... ကျွန်မက သာမန်မဟုတ်ဘူးနော်၊ ဦးခင်မောင်ဝင်းရဲ့ သမီး သိတယ်မလား"

"ဟုတ် ... သိ ... သိပါတယ်"

"သိရင် ဘာလုပ်ရမယ်ဆိုတာလည်း သိလိုက်တော့လေ"

"အဲ ... အဲဒါကကျတော့ ... ဟို ..."

ဒေါ်မေသဲရဲ့ စကားမဆုံးခင်မှာပဲ ဂျူးဂျူးမြင့်သိန်းဆီက စကားသံ ဖြတ်ထွက်လာပြန်တယ်။

"ကျွန်မနာမည်ကလည်း ဂျူးဂျူးမြင့်သိန်းတဲ့၊ နာမည်ရဲ့နောက်ဆုံး နှစ်လုံးကို ကြားတာနဲ့ သဘောပေါက်ပါတယ်နော်"

ဦးသာခွေက မျက်နှာချိုသွေးလိုက်ရင်းက ...

"ပေါက် ... ပေါက်ပါတယ် ... အဟင်း ..."

"ပေါက်ရင် လုပ်လိုက်တော့၊ စဉ်းစားမနေနဲ့၊ ငြင်းဖို့လည်း မကြိုး စားနဲ့နော်၊ ကျွန်မက ရှင်တို့ရဲ့ချွေးမဖြစ်ရမှုကို လျှော့နပ်မှာ၊ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



မှမဟုတ်ရင်တော့ (အိမ်ထဲကို လှမ်းကြည့်လိုက်ရင်း) ဒီအိမ်ကြီးက လက်ဖျောက်တစ်ချက်တီးလိုက်တာနဲ့ဘတ်ဟိုးတွေရဲ့ အောက်ကိုရောက်သွားမယ်၊ ယုံလား"

"ဟို . . . မ . . . မလုပ်ပါနဲ့ သမီးရယ်၊ အန်ကယ်တို့မှာ ချမ်းသာတာဆိုလို့ ဒါလေးပဲရှိတာပါ"

"ဪ . . . ဒါကတော့ အန်တယ်တို့အပေါ်မှာပဲ မူတည်တယ်လေ အန်ကယ်ရယ် . . . ဟင်းဟင်းဟင်း . . ."

ဒေါ်မေသဲက ဘယ်လိုလုပ်ကြမလဲဆိုတဲ့အထာနဲ့ ဦးသာခွေကို အသာလက်ကုတ်တယ်။ ဒီအချိန်မှာပဲ မေမီခင်မောင်ဝင်းက မိုက်ကြည့်ကြည့်ရင်း ပြောလာပြန်တယ်။

"ကျွန်မကိုလည်း လျှော့မတွက်နဲ့နော်၊ သဲမောင်နဲ့ကျွန်မ လက်မထပ်ရလို့ကတော့ ဟောဒီခြံကြီးတစ်ခုလုံးကို မျက်စိတစ်မှိတ်အတွင်းမှာ ကျွန်မအပျင်းပြေရိုက်ဖို့ ဂေါက်ကွင်းလုပ်ပစ်လိုက်လို့ရတယ်၊ ဖုန်းလေးတစ်ချက်ဆက်လိုက်ရုံပဲ၊ အဟင်း . . . ဟင်း . . . ယုံလားတော့ မသိဘူး"

"ဟို . . . ယုံ . . . ယုံပါတယ်၊ ယုံပါတယ် သမီးရယ်၊ အန်တီယုံပါတယ်၊ ဖုန်းတော့မဆက်ပါနဲ့နော်"

"မဆက်စေချင်ရင် အလိုက်သိလေ၊ ဟင်းဟင်း . . . လိမ္မာရင် အန်တီတို့အတွက်ချည်းပဲ၊ မလိမ္မာရင်တော့ . . . ဟင်း ဟင်း . . . ဟိုစကားကြားဖူးတယ်မှုလား၊ ချစ်တော့ချစ်တယ် . . . အလိုမလိုက်ဘူးဆိုတာလေ"





ဦးသာခွေနဲ့ဒေါ်မေသဲတို့ ဖောချွေးတွေ ပြန်လာတယ်။ မေမီခင်မောင်ဝင်းနဲ့ဂျူးဂျူးမြင့်သိန်းတို့ပုံစံတွေကလည်း တကယ်လုပ်မယ့် အထာတွေနဲ့၊ ဖုန်းဆက်လိုက်ရမလားဆိုတဲ့ အချိုးတွေကို နှစ်ယောက်လုံး ချိုးထားကြကာ လက်ထဲမှာလည်း ဖုန်းတွေကို တပြင်ပြင်။

"ဟို . . . အန် . . . အန်တီတို့ကိုလေ၊ အချိန် . . . အချိန်လေးနည်းနည်းလောက်ပေးပါလားဟင်၊ အန်တီတို့သားနဲ့ တိုင်ပင်ကြည့်ချင်သေးလို့ပါ"

ဂျူးဂျူးမြင့်သိန်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး နောက်မှ ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြလိုက်ကာ . . .

"အိုရှေလေ . . . ဒီလောက်တော့ ဖြစ်ပါတယ်၊ ဒါပေမဲ့ သိပ်အကြာကြီးတော့ မစောင့်နိုင်ဘူးနော်၊ ကျွန်မက စောင့်ရတာကို သိပ်မုန်းတာ၊ ပြီးတော့ . . . မျှော်လင့်ထားသလို ဖြစ်မလာရင်လည်း ဒေါသထွက်တတ်တယ်၊ ဒေါသထွက်လာရင်တော့ အကျိုးဆက်က မကောင်းဘူးဆိုတာ သိပါတယ်နော် . . . ဟင်းဟင်း . . ."

"ကျွန်မကလည်း ထိုနည်းလည်းကောင်းပဲနော်၊ စောင့်ဆိုင်းရတာကို လုံးဝသည်းမခံတတ်ဘူး။ ဒါပေမဲ့ . . . ဒီတစ်ခါတော့ နှလုံးသားကို မထိန်းချုပ်နိုင်လို့ စောင့်ဆိုင်းပေးလိုက်မယ်၊ အချိန်တော့သိပ်မဆွဲနဲ့နော်၊ အချစ်ရေးမှာ အချိန်ဆိုတာက သိပ်ကိုအဖိုးတန်တာလေ၊ ဟင်းဟင်း . . . စောင့်ခိုင်းပြီးတော့ အိပ်မက်မလှအောင်လည်း မလုပ်နဲ့နော်၊ ကျွန်မက အိပ်မက်မလှရင် စိတ်ဆိုးတတ်တယ်၊ ပြီးတော့ ကြာသာတေးသမီးဆိုပေမယ့် နေတက်ရေတက်မှာ မွေးခဲ့တာမို့လို့ စိတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်ရှင့်၊ နာမည်ကိုက မေမိခင်မောင်ဝင်းတဲ့၊ သေပြီဆိုရင်တော့ ဖျင်းလိုက်ရဦးမှ စိတ်ကျေနပ်တာ … ဟင်းဟင်း … ဟင်း … သဘောပေါက်တယ်နော် …"

ဦးသာခွေနဲ့ ဒေါ်မေသဲတို့နှစ်ယောက်က မအီမလည်ရုပ်တွေနဲ့ပဲ အားယူပြုံးပြလိုက်ကြတယ်။ ရင်ထဲမှာတော့ အတော့်ကို ကတုန်ကယင် ဖြစ်နေကြပါပြီ။ ဒီမယ်မင်းကြီးမနှစ်ယောက်က ပြောလို့ပြောတာမဟုတ်။ တကယ်လုပ်မယ့်ရုပ်တွေ။ တစ်ခုခုဆိုတာနဲ့ ဘဝတွေပျက်ပြီး နှပ်တွေ ထွက်သွားကြရတော့မှာ။

❑❑❑

## ရန်တွေ့ (၈)

ဦးသာခွေနဲ့ဒေါ်မေသဲတို့က ကိုဗလကျော့်ရဲ့စကားကြောင့် ကိုယ့်ကိုယ်ကိုယ်ပင်မယုံနိုင်လောက်အောင်ဖြစ်နေကြတော့ကာ နားကြားများ မှားသလားဆိုတဲ့ပုံစံနဲ့ ပြန်မေးရတယ်။

"ဘယ် … ဘယ်လိုဖြစ်တယ်၊ ငါတို့နားကြားများမှားသလားလို့ ပြန်ပြောစမ်းပါဦး ဗလကျော်ရာ၊ မင်းက ဒီကိုဘာလာလုပ်တာ"

ကိုဗလကျော်က စိတ်မရှည်တော့ဘူးဆိုတဲ့အထာမျိုးနဲ့ သက်ပြင်းအာတစ်ခုကို မှုတ်ထုတ်လိုက်ရင်းက …

"ခြော် … ဦးလေးကလည်း အသက်ကြီးလာတော့ နားတွေက မကောင်းတော့ဘူးနဲ့တူတယ်၊ ဒီမှာ အလှအပအတွက် လာခဲ့တာပါဆို၊ ကျွန်တော့်တစ်ကိုယ်လုံးကို ဇိုးရိုးယားမင်းသားတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တူသွားအောင် ခွဲစိတ်ပြုပြင်မလို့လာတာ၊ ရှင်းပြီလား"

"ဖြစ်မှဖြစ်ရလေကွာ၊ မင်းက ဒီအရွယ်ကြီးကျမှ ဘာဖြစ်လို့ရု ချင်လာရတာတုန်း၊ ပြောစမ်းပါဦး၊ မင်းသားများ လုပ်မလို့လား"

"အာ . . . ပေါက်ပေါက်ရှာရှာ ဦးလေးရယ်၊ ကျွန်တော်က မင်းသား လုပ်ဖို့ ဝါသနာမပါပါဘူး၊ ကျွန်တော်လုချင်တာက မိန်းမယူမလို့"

"ဘယ်လို . . ."

"ဟား . . . ပြောသမျှကို နှစ်ခါနှစ်ခါပြန်ပြန်ပြောနေရတော့တာပဲ ဒီလိုဗျာ၊ ကျွန်တော်က ရွာက ကွမ်းတောင်ကိုင် ခင်ခင်နုကို ကြိုက် တာ၊ အဲဒါကို သူက ကျွန်တော့်ကို ကိုရီးယားမင်းသားလိုချောလာ မှ ယူမယ်ဆိုလို့ ဒီမှာလာခွဲစိတ်တာ၊ ရှင်းပြီလား"

"ဖြစ်ရလေကွာ၊ ဒီအရွယ်ကြီးကျမှ အရူးထလို့၊ ပြီးတော့ . . . အဲလို ခွဲစိတ်ဖို့ဆိုတာက လွယ်တာမဟုတ်ဘူးနော်၊ ပြီးတော့ ပိုက်ဆံက လည်း သောက်သောက်လဲကုန်တာ"

"ဟင်းဟင်း . . . အဲဒီအတွက်တော့ မပူနဲ့ . . . ဒီမှာကြည့်"

ကိုဗလကျော်က စကားစကိုဖြတ်ကာ သူ့ပေါင်ပေါ်မှာ တင်ထားတဲ့ အထုပ်တစ်ထုပ်ကို ပုတ်ပြလိုက်ပြီးနောက် . . .

"ဒီထဲမှာ အလုံအလောက်ပါတယ်၊ အဖေတို့ဆီက အမွေတောင်း လာတာ"

"ဟင် . . . သူတို့ကရော မင်းအခုလို အရူးထတာကို ခွင့်ပြုပြီးတော့ ပေးလိုက်တာပဲလား အဲဒီပိုက်ဆံတွေကို"

"ဪ . . . လွယ်လွယ်နဲ့တော့ ဘယ်စံပယ်ပွင့်ပါ့မလဲ ဦးလေးရယ်၊





နည်းနည်းတော့ ပညာတတ်ရတာပေါ့၊ အဖေတို့မသိအောင် ရွာ ထဲက ငွေတိုးချေးစားတဲ့ ဦးဘကောင်းဆီမှာ လယ်တွေကို လက်ညှိုး ထိုးပြီးရောင်းလာတာ၊ ဒါတောင် ငွေက လိုသလောက်မရတာနဲ့ အမေအိပ်နေတုန်း အမေ့နားကပ်လေးပါ နိုးဖြုတ်လာခဲ့လိုက် တာလေ၊ ဟဲဟဲ . . . ကျုပ်က တစ်ဦးတည်းသောသားပဲ ဦးလေးရာ၊ အဖေနဲ့အမေ သေသွားရင်လည်း ဒီအမွေတွေအားလုံးက ကျုပ် တစ်ယောက်တည်းရမှာပဲဟာ၊ မဟုတ်ဘူးလား၊ ဒီအမွေတွေကို ကျုပ်မှ မဖြုန်းရင် ဘယ်သူက ဖြုန်းမှာတုန်း"

"ကောင်းပါ့ကွာ . . . ကောင်းပါ့၊ တော်တော်ပြောင်တဲ့လက်သံပဲ နော် . . . ဟင်းဟင်း . . ."

"ပါးပါးလေးပါ ဦးလေးရယ်၊ ပါးပါးလေး . . .၊ ဒီလောက်နဲ့ အဖေ တို့က ဘာမှဖြစ်မသွားပါဘူး . . . ဟင်းဟင်း . . ."

ဒီအချိန်မှာပဲ အိမ်ရှေ့ဆီက ကားဟွန်းသံကြောင့် ဦးသာခွေနဲ့ ဒေါ်မေသဲတို့နှစ်ယောက်က လှုပ်လှုပ်ရှရှတွေ ဖြစ်သွားကြတယ်။

"ဟဲ့ . . . သားပြန်လာပြီ ထင်တယ် . . . ထထ"

"ဟာ . . . ဟုတ်တယ်၊ ဟုတ်တယ် . . ."

ဦးသာခွေနဲ့ ဒေါ်မေသဲတို့က ပြောလည်းပြော အိမ်ရှေ့ဘက်ဆီကို လည်း တဝုန်းဝုန်း ပြေးထွက်သွားကြတယ်။ ဒီတော့ ကိုဗလကျော်ကလည်း နောက်ကနေ ယောင်လည်လည်နဲ့ပဲ ထလိုက်လာခဲ့ရတော့တာပေါ့။

အပြင်ရောက်လို့ ခြံအပြင်က မြင်ကွင်းကိုမြင်လိုက်ရတဲ့အခါမှာတော့ ကိုဗလကျော်ရဲ့မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်ကာ ပါးစပ်အဟောင်းသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရတော့တယ်။

ခြံအပြင်ကနေ အထဲကိုဝင်ဖို့ တံခါးအဖွင့်ကိုစောင့်နေတဲ့ ကားတစ်စီးထဲမှာက ညီဝမ်းကွဲဖြစ်သူ သဲမောင်။ အဲဒီကားရဲ့ပတ်ပတ်လည်မှာကကျတော့ အရွယ်စုံဆိုက်စုံ ကောင်မလေးတွေ အများကြီးက ကားမှန်ကို တခေါက်ခေါက်ခေါက်ကာ အော်ဟစ်နေကြတာ ပွက်လောကိုရိုက်လို့။

"သဲရေ . . . သဲ . . ."

"မောင် . . . မောင် . . ."

"ခဏလေးပါ မောင်ရယ် . . . ခဏလေးပါ၊ ဒီစာလေးကို ယူသွားပါနော်"

"ဒီပန်းစည်းလေးကို ယူသွားပေးပါမောင်ရယ်၊ မောင် . . ."

"သဲ . . . မရက်စက်ပါနဲ့ သဲရယ်၊ တို့ကို စကားလေး နည်းနည်းလောက် ပြောခွင့်ပေးပါနော်"

ဦးသာခွေနဲ့ ဒေါ်မေသဲတို့က နေ့စဉ်ဖြစ်နေကြကိစ္စမို့ ထူးထွေပြီးဘာမှမခံစားရတော့အဲ အထဲကို သားဖြစ်သူရဲ့ ကားဝင်လာနိုင်ဖို့ ကားတစ်စီးဝင်လာနိုင်ရုံသာ ခြံတံခါးကို ချိန်ဆဖွင့်ပေးလိုက်ပြီးနောက် အထဲကို ကားရောက်ပြီဆိုတာနဲ့ ခြံတံခါးကို ခပ်မြန်မြန်ပဲ ပြန်ပိတ်လိုက်တော့တယ်။

"တံခါးဖွင့်ပေးပါ အန်ကယ်ရယ် . . . တံခါးဖွင့်ပေးပါ"

"အန်တီ . . . သမီးအထဲဝင်ပါရစေ . . . အန်တီ . . ."

အကုန်လုံး အိမ်ထဲကို ပြန်ရောက်ကြတော့မှ ဦးသာခွေတို့သားအဖတာ နုံအသီးသီးမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြရတယ်။ ဒါပေမဲ့ . . . ကိုဗလကျော်ကတော့ ဘာတွေဖြစ်နေတယ်ဆိုတာကို အခုထိ နားမလည်သေး။





ဒီတော့ အကုန်လုံးကို ဝေ့ဝဲကြည့်ကာမေးရတယ်။

"ဘယ်တွေဖြစ်နေကြတာလဲဗျာ၊ အပြင်က ကောင်မလေးတွေက ဘာလာလုပ်ကြတာလဲ"

ဒေါ်မေသဲက "မပြောချင်တော့ပါဘူး။ မပြောရင်လည်း မပြီးလို့ ပြောရဦးမယ်" ဆိုတဲ့ ပုံစံနဲ့ အားပျက်သလို လည်တစ်ခြမ်းစောင်းကာ ကြည့်လိုက်ရင်း . . .

"ဘာလုပ်ရမှာလဲ၊ အဲဒီကောင်မလေးတွေအကုန်လုံးက မင်းညီကို ကြိုက်လို့လာနေကြတာလေ"

"ဗျာ . . . တကယ်ကြီး"

"အေးပါဆိုကွယ် . . ."

"ဘုရား . . . ဘုရား . . ."

ကိုဗလကျော်က အဒေါ်ကြီးတစ်ယောက်လို ရင်ဘတ်လေးကိုတောင် ဖိလိုက်ရင်းက တအံ့တဩဘုရားတတယ်။ ပြီးတော့မှ ညီဖြစ်သူ သဲမောင်ကို ကြည့်လိုက်ရင်း . . .

"ဟော့ကောင် . . . မင်းက အဲဒီလောက်တောင် ဆော်ကြည်တယ်၊ ဟုတ်လား"

"အဟင်း . . . အစ်ကိုကြီးမြင်တဲ့အတိုင်းပဲ၊ သူများတွေ ခါချနေရတာက တစ်ယောက်တည်း ခါချရုံနဲ့ရတယ်၊ ကျွန်တော့်မှာက ပေါလွန်းလို့ ခါချတာတောင် တစ်ယောက်တည်းအားနဲ့ မရလို့ အမေတို့အဖေတို့ကိုပါ အကူအညီတောင်းပြီး ခါချနေရတာ အစ်ကိုကြီးအမြင်ပဲ"

www.burmeseclassic.com



"မင်းပုံစံနဲ့ ဟုတ်ရောဟုတ်ရဲ့လားကွယ်၊ မင်းလိုပေါက်ခေါက်ကို မိန်းကလေးတွေက ဘာလို့ဒီလောက်တောင်ကြိုက်နေရတာလဲ၊ နည်းလမ်းကောင်းလေးဘာလေးရှိရင် ပေးစမ်းပါဦးကွာ၊ မင်းအစ်ကိုကြီးငါလည်း ဆော်ကြည်ခံချင်လွန်းလို့"

သဲမောင်က ပြုံးလိုက်တယ်။ သဘောကျလို့ ပြုံးတာတော့မဟုတ်။ ဆော်ကြည်ခြင်းကို စိတ်ကုန်လာလို့ ပြုံးလိုက်တဲ့အပြုံးပါ။ ဆော်ကြည်ခြင်းရဲ့ဒဏ်ကို မခံဘူးတဲ့သူတွေသာ ဆော်ကြည်ခံချင်ပေမယ့် ဆော်ကြည်ခြင်းရဲ့ဒဏ်ကို ခံနေရတဲ့သူ့အတွက်တော့ ဘယ်လောက်ဒုက္ခရောက်ရတယ်ဆိုတာကို သိနေပြီလေ။

"ပြောပြမယ်၊ ပြီးမှ ပြောပြမယ် . . ."

❑

"တကယ် !"

ပိုင်ပုလင်းကိစ္စအား မိတာတွေကို မပြောမပြသော်လည်းကို ဗလကျော်ကိုတော့ သဲမောင်က ပြောပြလိုက်တယ်။ ညီအစ်ကိုချင်းဆိုတော့ ပြောရတာနည်းနည်းအဆင်ပြေမယ်ထင်တာကတစ်ကြောင်း၊ ပြီးတော့ ဒီကိစ္စကြီးကို ဘယ်သူ့ကိုမှမပြောဘဲ တစ်ယောက်တည်းမျိုသိပ်ကာ ခံစားနေရတာကတစ်ကြောင်း၊ မိန်းကလေးတွေ တရုံးရုံးနဲ့ ရှောင်ရကွင်းရလုပ်နေရတာကတစ်ကြောင်းတို့ကြောင့် လူက ဖလက်ပြကာ မွန်းကျပ်နေပြီဆိုတဲ့အခါကျတော့





တစ်ယောက်ယောက်ကို ရင်ဖွင့်လိုက်ခြင်းကသာ အနည်းငယ်သက်သာရာရမယ်ထင်ကာ ပြောပြလိုက်ခြင်းရယ်ပါ။

ကိုဗလကျော်ကြီးကတော့ သဲမောင်ပြောသမျှကို တအံ့တဩနဲ့ လိုက်နားထောင်နေရင်းက မယုံနိုင်သလိုဖြစ်နေရတယ်။ အဲဒီလို မယုံနိုင်ဖြစ်နေတဲ့ကြားထဲကနေကိုပဲ ဆော်ကြည်ပိုင်ဆိုတာကိုလည်း အသေအလဲ လိုချင်လာပြန်တယ်။

"တကယ်ပါဆို အစ်ကိုဗလရာ၊ ကျွန်တော်က အစ်ကိုတစ်ယောက်တည်းကိုပဲ ပြောပြတာနော်၊ အဖေနဲ့အမေ့ကိုတောင် ပြောပြတာမဟုတ်ဘူး၊ ပြီးတော့ ကျွန်တော့်သူငယ်ချင်းတွေထဲက ဘယ်သူ့ကိုမှလည်း မပြောပြဘူး၊ ကျွန်တော့်ကို အရူးလို့ထင်မှာစိုးလို့"

"ဒါဆို . . . အဲဒီပိုင်၊ အဲဒီပိုင် ကျန်သေးတယ်မလား၊ ငါ့ကို ပေးကွာ၊ ငါ့ကို နည်းနည်းလောက်တိုက်၊ ငါလည်း သောက်ချင်တယ်"

ကိုဗလကျော့်စကားအဆုံး သဲမောင်ရဲ့ခန္ဓာကိုယ်က ဆတ်ခနဲဖြစ်သွားရတယ်။

"အာ . . . အဲ . . . အဲဒါတော့ ဘယ်ဖြစ်မလဲ"

"ဘာလို့မဖြစ်တာလဲဟာ၊ မင်းကလည်း ညီအစ်ကိုအချင်းချင်းကိုတောင် ဝေစားမျှစား မလုပ်ချင်ဘူးလား၊ ငါလည်း ဆော်ကြည်ခံချင်လို့ပါကွာ၊ တခြားဆော်တွေ မကြည့်ချင်နေပါ၊ ရွာက ခင်ခင်နုလေးတစ်ယောက်တည်း ကြည့်ရင်ပဲ တော်ပါပြီ"

သဲမောင် အခက်တွေ့သွားတယ်။ ကိုဗလကျော်ကို ဒီပိုင်အား ဘယ်လိုနည်းနဲ့မှ သူ မတိုက်နိုင်ပါ။ အစတုန်းကတော့ ဒီကိစ္စကို ဖုံးကွယ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာဟာ ကိုယ့်လိုပဲ ဆော်ကြည်တဲ့သူ နောက်တစ်ယောက် မရှိစေချင်တဲ့ မနာလိုစိတ်နဲ့ဖြစ်သော်လည်း အခုတော့ ဒီဝိုင်ရဲ့ဒဏ်ကို ကိုယ်တိုင်ခံနေရတဲ့သူက ဒီဝိုင်ရဲ့ဆိုးကျိုးကို ကောင်းကောင်းသိနေတာမို့ နောက်ထပ်အခြားတစ်ယောက် ဘယ်သူ့ကိုမှ သူ့လိုထပ်မဖြစ်စေချင်တဲ့စိတ်နဲ့ပါ။ ပြီးတော့ တခြားသူတွေက ကိုယ့်လို စိတ်ထားဖြူတဲ့သူလည်း ဖြစ်ချင်မှဖြစ်မှာ။ သူများသားသမီးကို နှမချင်းမစာနာတတ်တဲ့သူတွေရဲ့လက်ထဲကိုသာ ဒီဝိုင်ရောက်သွားကြည့်ပါလား။ အမျိုးသမီးပေါင်းများစွာရဲ့ဘဝတွေအတွက် မတွေးဝံ့စရာအနေအထားကြီးလေ။ အဲဒါကြောင့် တခြားဘယ်သူ့ကိုမှ ပေးမသောက်ချင်တော့တာပါ။

"ဟို … ဟိုဟာလေ … ဩော … မရှိ … မရှိတော့ဘူး။ အစ်ကိုရဲ့ ကျွန်တော် … အဲဒီဝိုင်ပုလင်းကို သွန်ပစ်လိုက်ပြီ"

"ဘာ … သွန်ပစ်လိုက်တယ်"

"ဟုတ်တယ် … သွန်ပစ်လိုက်ပြီ"

"ဟာကွာ … မင်းကလည်း နှမြောစရာကြီး"

ကိုဗလကျော်က နှမြောသလိုတစ်ချက်ငြိမ်သွားပြီးမှ တစ်ခုခုကို တွေးမိလိုက်ဟန်နဲ့ မျက်လုံးထဲမှာ အရောင်တွေ လက်လာပြန်ကာ …

"မင်း ငါ့ကို ပေးမသောက်ချင်လို့ လိမ်နေတာတော့ မဟုတ်ပါဘူးနော်၊ မဟုတ်ဘူး … မင်းလိမ်နေတာ၊ ဟုတ်တယ်မလား"

"အာ … အစ်ကိုဗလကလည်း ကျွန်တော်က ဘာလို့လိမ်ရမှာလဲ၊ တကယ်သွန်ပစ်လိုက်တာဗျ၊ အစ်ကိုပဲကြည့်လေဗျာ … အဲဒီဝိုင်ကို သောက်လိုက်လို့ ကျွန်တော် အခု ဘယ်လောက်တောင် ဒုက္ခ





ရောက်နေသလဲဆိုတာ၊ ဘယ်သွားသွား လွတ်လွတ်လပ်လပ် သွားရတယ်ကို မရှိဘူး။ အဲဒါကြောင့် နောက်ထပ်ဘယ်သူမှ ထပ်ပြီး ဒုက္ခမရောက်အောင်လို့ဆိုပြီးတော့ သွန်ပစ်လိုက်တာ"

ကိုဗလကျော်က တစ်ဖက်လှည့်ကာ အသာပြုံးလိုက်တယ်။ ကိုယ့်ညီရဲ့မျက်နှာရိပ်မျက်နှာကဲနဲ့ လေသံကိုမှ မဖမ်းမိရင် အစ်ကို မလုပ်တော့ဘူးလေ။ ဟင်းဟင်း … သေချာတယ်။ ဒီအိမ်ကြီးရဲ့တစ်နေရာရာမှာ အဲဒီဝိုင်ပုလင်း ရှိကိုရှိနေသေးတယ်။

❑

ဒေါ်မေသဲက အအေးခွက်နှစ်ခွက်ကို ဖြူဖြူနဲ့ချောချောရှေ့မှာ ချပေးလိုက်ရင်း …

"ခဏထိုင်ကြဦးနော် သားတို့"

လို့လည်းဆိုလိုက်ရော အခြောက်မနှစ်ယောက်ခမျာ အတွင်းခံအကျီထဲ ပုရွက်ဆိတ်ဝင်သွားသလိုမျိုး ဟိုနားကုတ်ရမလို ဒီနားကုတ်ရမလိုတွေ ဖြစ်ကုန်တော့တာ …

"ရှင် … အန် … အန်တီ ဘယ်လိုခေါ်လိုက်တယ်"

"အမယ်လေးလေး … ငွမ်းပါပြီ၊ ငွမ်းပါပြီ …"

"ဩော် … ဟိုဟာလေ … သမီး … သမီးတို့လို့ ပြောတာပါ"

"အဟင်း … အဲလိုလုပ်ပါ အန်တီကလည်း … ဟင်း …



www.burmeseclassic.com

www.burmeseclassic.com



…"

"အင်း … အင်းပါကွယ်၊ ထိုင်ကြဦးနော်၊ မောင်ဗလကျော် ဆင်းလာပါလိမ့်မယ်"

"ဟုတ်ခဲ့ (ဟုတ်ကဲ့) အန်တီ …"

ဒေါ်မေသဲက မျက်နှာချင်းဆိုင်ရှိနေစဉ်မှာတော့ မချသွားဖြဲ ရယ်ပြနေလိုက်ပေမယ့် တစ်ဖက်ကိုလည်း လှည့်ပြန်လာရော မျက်နှာကို မဲ့လိုက်ကာ မှုစိမှုစိနဲ့ ရေရွတ်လိုက်မိတယ်။

ခဏကြာတော့ ဧည့်ခန်းထဲကို ကိုဗလကျော် ရောက်လာတယ်။

"ခင်ဗျားတို့ရောက်နေကြပြီပဲ၊ ဝီရိယကောင်းလှချည်လား"

ကိုဗလကျော်က ပြောရင်းကနေ ချောချောတို့နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပေမယ့် ချောချောနဲ့ဖြူဖြူတို့တော့ ကိုဗလကျော်ရှိတဲ့ဘက်ကို ပြောင်းလာလိုက်ကာ ကိုဗကျော်ရဲ့ဘေးတစ်ဖက်တစ်ချက်မှာ ဝင်ထိုင်လိုက်ကြရင်း …

"တို့က ကိုကိုဗလအတွက်ဆိုရင် အဲဗားဝီရိယ ရှိပြီးသားပါနော်"

"မလေး (အမယ်လေး) … တို့တလည်း မနေ့ကတည်းက ညအိပ်ပြီး လာချင်တာ … ခစ်ခစ် … ကိုကိုဗလက လက်မခံလို့"

အခြောက်မနှစ်ယောက်က ပါးစပ်ကတင်ပြောတာမဟုတ်၊ လက်တွေကလည်း ကိုဗလကျော်ရဲ့ပေါင်နှစ်ဖက်ကို ပွတ်သီးပွတ်သပ်လုပ်နေကြတော့ ကိုဗလကျော်က အခြောက်မတွေရဲ့လက်တွေကို ပုတ်ထုတ်ပစ်လိုက်ရင်းက …

"ခင် ဉာတို့ ဘာလုပ်နေကြတာလဲ၊ ဘာလုပ်နေကြတာလဲ၊ ဟမ်





… ဒါ သူများအိမ်နော်၊ ဆန္ဒကို သိက္ခာနဲ့ထိန်းကြပါ၊ ဟင်း … သွား … ဟိုဘက်မှာ သွားပြန်ထိုင်ကြ"

ချောချောက သွားခေါ်ရတဲ့အထဲ သူ့ရဲ့ နှုတ်ခမ်းကြီးကို ရှေ့ဘက်ချွန်ထုတ်လိုက်ကာ …

"အို … မထိုင်ပါဘူး သွားရအောင်လေ"

"ဗျာ … ဘယ်ကိုသွားမှာလဲ"

"ဘယ်ကိုရမှာလဲ Dr-Face ကို သွားမယ်လေ၊ ခွဲစိတ်မလို့ဆို"

"ဩော် … ဟုတ်သားပဲ၊ သွားတော့ သွားချင်တယ်ဗျာ၊ ဒါပေမဲ့ … လောလောဆယ် မသွားသေးဘူး"

"ဟင် … ဘာလို့လဲ"

"ခွဲစိတ်တာထက် ပိုကောင်းတဲ့ နည်းလမ်းတစ်ခု ရထားလို့ … ဟဲဟဲဟဲ …"

ကိုဗလကျော်က ကိုယ့်အတွေးနဲ့ကိုယ် အားရပါးရ ပြုံးလိုက်တယ်။

"ဘာနည်းလမ်းလဲ၊ ပြောပါဦး"

"နီးနီး … ဒါက ပြောပြလို့မရဘူး"

"အာ … မရဘူးကွာ၊ ပြောပြ"

ချောချောက အခြောက်မှုမှုကာ ကိုဗလကျော်ရဲ့လက်မောင်း တစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာဆိုတယ်။ ကိုဗလကျော်က အဲဒီလက်ကို ပြန်ခွာလိုက်ရင်းက …

"ဩော် … ပြောပြလို့မရပါဘူးဆို၊ ဘယ်လိုဖြစ်နေတာလဲ"

ဒီအချိန်မှာပဲ အပြင်ကပြန်လာတဲ့ ဦးသာခွေက ဧည့်ခန်းထဲကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတယ်။ အခြောက်မတွေကိုလည်း မြင်ရော …

"ဩော် … ရှောက်သီးဆေးပြားသည့်တွေ ရောက်နေတာကိုး"

ဦးသာခွေရဲ့စကားကြောင့် အခြောက်မနှစ်ယောက်က ညှော်ခန်းထဲ

ခေါင်းတွေ ချာချာလည်အောင် ဝေ့ဝဲပတ်ရှာရင်း …

"ဘယ် … ဘယ်မှာလဲဟင် ရှောက်သီးဆေးပြားသည့်က"

လို့ဆိုတော့ ဦးသာခွေက အခြောက်မနှစ်ယောက်ကို မေးငေ့ါ

လိုက်ရင်းက ဆိုတယ်။

"ဘယ်တွေ ပတ်ရှာနေတာလဲ၊ မင်းတို့ကို ပြောတာလေ"

ဦးသာခွေ့စကားအဆုံး အခြောက်မနှစ်ယောက်ခမျာ ငါးပိကိုင်

တဲ့ မျောက်တွေလို ရှုံ့မဲ့သွားကြတော့ကာ …

"အိုင်းစ် … ယောက်ျားကြီးတန်မဲ့ ဝုန်းတယ် … ကျုန်း (ကြည့်

စမ်း) …"

"ဒီရုပ်က ရှောက်သီးဆေးပြား ရောင်းစားတဲ့ရုပ်လား အန်ကယ်ရဲ့

သေချာကြည့်စမ်းပါ၊ ပါဝါမျက်မှန်ကြီးတပ်ပြီး ကန်းများနေသလား

မသိဘူး"

"ဟုတ်ပါတော်၊ ဒီမှာ အန်ကယ် … သေချာကြည့်စမ်းပါ၊ ကျွန်မ

တို့က ရှောက်သီးဆေးပြားရောင်းတဲ့ လမ်းဘေးအခြောက် မဟုတ်

ဘူးရှင့်၊ ရွှေဘုံစံအခြောက် … ငွေဘုံစံအခြောက်ရှင့်၊ သိရဲ့လား"

"ဩော် … ဩော် … ဆောရီးပါ … ဆောရီးပါဗျာ၊ မသိလို့ပါ

… နော် …"

"ရပါတယ်လေ၊ အမိုက်မဲကြီးဆိုတော့လည်း ခွင့်လွှတ်ရတာပေါ့"





ဦးသာခွေက အီလည်လည်နဲ့ပဲ ညှော်ခန်းထဲကနေ ဖြတ်လျှောက်လာ

ခဲ့လိုက်တယ်။ ဒါပေမဲ့ … သိပ်မကြာပါဘူး။ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပဲ

အပေါ်ထပ်ကနေ သဲမောင် ဆင်းလာပြန်တယ်။

"ဩော် … ညှော်သည့်တွေရောက်နေတာကိုး"

ဆိုပြီး သဲမောင်က မျက်နှာချင်းဆိုင်ကခုံမှာ ဝင်ထိုင်လိုက်တယ်

ဆိုရင်ပဲ စောစောက ကိုဗလကျော်ဘေးမှာ ကပ်လို့ရနိုင်သမျှ ပူးကပ်ကာ

ထိုင်နေကြတဲ့ အခြောက်မနှစ်ယောက်က လုစ်ခနဲဆို သဲမောင်ရဲ့ ဘေး

တစ်ဖက်တစ်ချက်ကို ရောက်သွားကြတယ်။

"ဟယ် … သူလေးက ဘူလေးလဲ"

"ဝင်လိုက်တာ၊ ဝင်လိုက်တာ …"

"နာမည် ဘယ်လိုခေါ်လဲဟင်၊ နာမည် …"

သဲမောင်က ထိုင်ရာက ထမယ်လုပ်တယ်။ ဒါပေမဲ့ အခြောက်မ

နှစ်ယောက်က တစ်ဖက်တစ်ချက်ကနေ ဆွဲထားကာ ထိုင်ရာမှာ ပြန်ထိုင်ချ

ခိုင်းလိုက်တော့ နေရာမှာ ပြန်ထိုင်ကျသွားတယ်။

"ပြောလေ၊ နာမည်မေးနေတာကို … ဘူလဲလို့ …"

သဲမောင်က တွန့်ဆုတ်ဆုတ်ပုံစံမျိုးနဲ့ …

"သဲ … သဲမောင်ပါ"

"ဟယ် … နာမည်လေးကိုက ချစ်စာလေး (ချစ်စရာလေး)၊ တို့က

အဖျားစွတ်ပြီးတော့ မောင်လို့ခေါ်မယ်နော် …"

"တို့ကတော့ အရှေ့ပဲ စွတ်မယ်"

သဲမောင်က အထိတ်တလန့်ဖြစ်သွားရရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဘာ . . . ဘာပြောတာလဲ"

"ကြော် . . . သူက နောက်က အဖျားစွတ်ခေါ်တယ်လေ၊ အဲဒါ ကြောင့် တို့က အရှေ့စွတ်ပြီးတော့ သဲလို့ခေါ်မယ်လို့ ပြောတာပါ။ သူကလည်း သူဖြစ်ချင်တာတွေ လျှောက်တွေးပြီးတော့ မျက်လုံး ပြူးမျက်ဆံပြူးနဲ့၊ ဟွန်း . . . ပြောချင်ဘူး"

ဖြူဖြူက သူ့စကားကိုသူ သဘောတွေကျကာ တညှင်းညှင်းနဲ့ ရယ်နေတယ်။

ကိုဗလကျော်ကတော့ အခြောက်မနှစ်ကောင်ကို တော်တော် လေး အမြင်ကတ်ကာ မျက်စိနောက်နေပါပြီ။

"ခင်ဗျားတို့က အပြောင်းအလဲက မြန်လှချည်လား။ စောစောက တော့ ကျူပ်အနားမှာ ကပ်နေကြပြီးတော့ အခုကျတော့ ကျူပ် ညီဆီ ရောက်သွားပြန်ပြီ"

"အို . . . ဒါကတော့ ရှင်က ချုံးချုံးကျနေပြီလေ၊ ဒါလေးက အခု မှ လူငယ်ခြေတက်ကလေး . . . ခိခိ"

"အင်းလေ . . . ရှင်နဲ့သူ ယှဉ်လာရင်တော့ ရှင့်လို အိုကြီးအိုမကို ကျွန်မတို့က ယူမလားလို့၊ စဉ်းစားလေ၊ ငယ်တော့တဲ့အရွယ်လည်း မဟုတ်ဘူး"

အခြောက်မနှစ်ယောက်က အတိုင်အဖောက်တွေညီနေကြပြန်ကာ နှိတ်ထိုက်ဝိုင်းတွေ ဘာတွေတောင် လုပ်ကုန်ကြတယ်။ ကိုဗလကျော်ကတော့ မျက်နှာကြီးနီရဲကာ ပွစိပွစိနဲ့ အသံတိတ်ဆဲတယ်။ သဲမောင်က အခြောက်မ နှစ်ယောက် ညွှတ်ထားတဲ့ကြားကနေ လွှတ်အောင်ရုန်းကြည့်တယ်။ ဒါပေမဲ့





မရ။

ဒီတော့ အကြံထုတ်ရတော့တယ်။

"ဟို . . . ကျွန်တော် ဆေးသောက်ချိန်ရောက်ပြီဗျာ၊ ခဏ လွှတ် ကြပါဦး"

"အင် . . . ဆေးသောက်ရမယ် ဟုတ်လား။ မောင်က ဘာဆေး သောက်ရမှာမို့လို့လဲ"

"ဟို . . . ART ဆေးပါ"

"ART ဆေး . . . "

ဖြူဖြူက သိမ်းယောင်လိုက်ကာ ရေရွတ်ကြည့်လိုက်ပြီးနောက် တစ် ချက်စဉ်းစားဟန်ပြုတယ်။ စဉ်းစားလို့မရတော့မှ ချောချောကို ကြည့်လိုက် ရင်း . . .

"ဟဲ့ . . . အဲဒါ ဘာဆေးလဲ နင်သိလား"

ဆိုတော့ ချောချောက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်းမှ . . .

"သိတယ်ဟဲ့၊ အဲဒီဆေးနာမည်ကို ရင်းရင်းနှီးနှီးကိုကြားဖူးတယ်၊ ယောက်ျားအားတိုးဆေးများလားမသိဘူး"

"မဟုတ်ဘူး ထင်တယ်နော် . . . "

နှစ်ယောက်သား စဉ်းစားမရတဲ့အဆုံးမှာတော့ သဲမောင့်ဆီကိုပဲ ဦးတည်လာကြပြန်တယ်။

"ART ဆေးက ဘာဖြစ်ရင် သောက်ရတဲ့ဆေးလဲဟင် မောင်"

ဆိုတော့ သဲမောင်က သဘောတကျပြုံးလိုက်ရင်း . . .

"အေအိုင်ဒီအက်စ်ဖြစ်ရင် သောက်ရတဲ့ဆေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ..."

"အိုင်းစ် ... အဲလိုလား"

သဲမောင့်ဘေးကနေ အခြောက်မနှစ်ယောက် အလန့်တကြားယော်နဲ့ ခုန်ထွက်သွားကြတာများ ဇွစ်ခနဲတောင်မြည်တယ်။

❑

သဲမောင်က ကိုဗလကျော်ကို အောင်မင်္ဂလာအဝေးပြေးဂိတ်ကို လိုက်ပို့ပေးရာမှ ပြန်လာပြီးနောက် ချစ်ကိုနဲ့ ချိန်းထားတာမို့ အပြင်ပြန်ထွက်ရမှာဖြစ်တဲ့အတွက် ရေချိုးဖို့ ရေချိုးခန်းထဲကို ဝင်လာခဲ့လိုက်တယ်။

ကိုဗလကျော်က လာတုန်းကတော့ မျက်နှာခွဲစိတ်မယ်၊ အသားဖြူဆေးထိုးမယ်။ ကိုရီးယားမင်းသားနဲ့ မတူမချင်း ကုန်ချင်သလောက်ကုန်ပါစေ အကုန်ကျခံပြီးတော့ သူ့ကိုသူ လှပအောင်လုပ်မယ်ဆိုပြီးတော့ ရောက်လာတာပါ။ ဒါပေမဲ့ ... ဒီနေ့ကျတော့ ချက်ချင်းကြီးကိုပဲ တောင်ပြုံးရွာကို ပြန်တော့မယ်။ ကားဂိတ်ကို ကားလက်မှတ်မှာပေးပါ။ လိုက်ပို့ပေးပါဆိုပြီး လုပ်လာတော့တာပါ။ ဘာဖြစ်လို့လဲ မေးတော့ ခင်ခင်နုကို လွမ်းလို့တဲ့။ မျက်နှာလည်း မခွဲစိတ်တော့ဘူးတဲ့။ နေပါဦး ပြောတာလည်းမရ။ ပြန်ရပါမှ ဖြစ်မယ်ဖြစ်နေတဲ့ အဆုံးမှာတော့ စိတ်ချမ်းသာအောင် လိုက်ပို့ပေးခဲ့လိုက်ရတာပါ။

သူက သက်ပြင်းမောကို မှုတ်ထုတ်လိုက်ကာ ရေပန်းကိုဖွင့်ပြီး ရေပန်းအောက်ကိုဝင်ကာ ရေပန်းကကျလာတဲ့ ရေမှုန်ရေမွှားတွေကို မျက်နှာမော့ကာ ခံယူနေတုန်းမှာပဲ သူ့အာရုံထဲကို အတွေးတစ်ခုက လင်းခနဲ ဆင်းလာတယ်။





ညတစ်ည။

တိတိကျကျပြောရရင် ထူးဆန်းတဲ့ အဘိုးကြီးနဲ့ တွေ့ခဲ့တဲ့ည။

အဲဒီညတုန်းက မိမိကို ဝိုင်ပုလင်းပေးပြီးတော့ အဘိုးကြီး ပြောခဲ့တဲ့စကားတွေက ကျန်နေသေးတာပေမယ့် မေ့လျော့နေကာ အခုမှ ရုတ်တရက်ဆိုသလို အာရုံအလင်းပွင့်ကာ ပြန်ကြားယောင်လာတော့တာပါ။ အဲဒီတုန်းက ...။

အဲဒီညတုန်းက အဘိုးကြီးက သူ့ကို ဝိုင်ပုလင်းတစ်လုံး ထုတ်ပေးလာတယ်။

'ရော့ ... သား"

ဆိုတော့ သူက ပုလင်းကို ကြည့်လိုက်ရင်း ...

"ဘာ ... ဘာတွေလဲဟင် ..."

"ဝိုင်ပုလင်းပါ ..."

"ဗျာ ... ဝိုင်ပုလင်း။ အဟီးဟီး ... အဘကလည်း ဒါမျိုးတွေ သောက်တယ်လား။ ဟီးဟီး ... မထင်ရဘူးနော်"

"ဒါက သာမန်ဝိုင် မဟုတ်ဘူး သား။ အခုခေတ်စကားနဲ့ပြောရရင် ဆော်ကြည်ဝိုင်ပေါ့ ..."

"ဗျာ ... ဆော်ကြည်ဝိုင် !"

သူ့မျက်လုံးတွေ ပြူးကျယ်သွားရတယ်။ ဒါပေမဲ့ ဘာမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကမှန်းမသိတဲ့ အဘိုးကြီးတစ်ယောက်ရဲ့စကားကို သူက ခဏလောက်သာ အံ့ဩသွားတာပါ။ သိပ်တော့ မယုံချင်သေး။ သူ ကြားဖူးတာက မက်မန်းဝိုင်တို့၊ စပျစ်ဝိုင်တို့ပဲ ကြားဖူးတာလေ။ ဒီအဘိုးနဲ့ကျမှ ဆော်ကြည့်ဝိုင်လို့ပဲ။

"ဟုတ်တယ်သား ... ဆော်ကြည့်ဝိုင်၊ ဒီဝိုင်ကို သား သောက်လိုက်ပါလား။ အဲဒီလိုသောက်လိုက်တာနဲ့ တစ်ပြိုင်နက် သားဖြစ်ချင်တဲ့ ဆန္ဒတွေအားလုံး ဖြစ်လာပါလိမ့်မယ်"

"ဟုတ်ရော ... ဟုတ်ရဲ့လား အဘိုးရယ်၊ ဟုတ်မှလည်း လုပ်ပါဗျာ ..."

"သားက မယုံဘဲကိုး။ ယုံယုံကြည်ကြည်နဲ့သာ သောက်ပါ သား။ အဘိုး မလိမ်ဘူးဆိုတာ သား သိလာပါလိမ့်မယ် ... ရော့ရော့ ... ယူလိုက်တော့သား။ အဘိုး သွားရတော့မယ်"

ဖွတ်ထိုးပေးလာတာမို့ သူက ယောင်နနနဲ့ပဲ ပုလင်းကို ယူလိုက်တယ်။ အဘိုးကြီးက လှည့်ထွက်သွားမယ်ပြင်ပြီးမှ တစ်ခုခုကို သတိရသွားဟန်နဲ့ နောက်ကိုပြန်လှည့်လာကာ ...

"ဪ ... တစ်ခုတော့ မှာခဲ့ရဦးမယ်သား။ အဲဒီပုလင်းထဲက ဝိုင်ကို သားသောက်တဲ့အခါ သုံးချိုးတစ်ချိုးပဲ သောက်ပါ သား။ အကုန်မသောက်ပါနဲ့၊ ကျန်တဲ့ဝိုင်တွေကိုတော့ သားလိုပဲ ဆော်ကြည့်ချင်တဲ့သူရှိရင် ပေးသောက်လိုက်ပေါ့"

သူက ...။

သူက အဲဒီအထိပဲ အရင်တုန်းက မှတ်မိနေခဲ့တာ။ အခုမှ ကျန်တာတွေကိုပါ ဆက်မှတ်မိလာတာ။ အဘိုးကြီးနဲ့ သူနဲ့ပြောခဲ့တဲ့ စကားတွေထဲ





အဲဒါတွေတင် မဟုတ်ဘူး။ အဲဒီနောက်မှာ ကျန်သေးတယ်။ ဟုတ်တယ်။ အဘိုးကြီးကို သူသိချင်တာတွေ ဆက်မေးခဲ့သေးတယ်။

မျက်လုံးထဲမှာ အရုပ်တွေထင်ဟပ်လာသလို နားထဲမှာလည်း အသံတွေက တဖြည်းဖြည်းချင်း ဝင်ရောက်လာပြန်တယ်။

သူက မျက်မှောင်ကြုတ်လိုက်ရင်းကနေ ဝိုင်ပုလင်းထဲက ဝိုင်တွေကို လှမ်းကြည့်လိုက်ကာ ...

"ဒါဆို အကုန်မသောက်ရဘူးပေါ့၊ အကုန်သောက်ရင် ဘာဖြစ်မှာမို့လို့လဲဟင်"

"အရာရာမှာ တန်ဆေးလွန်ဘေးဆိုတဲ့ စကားရှိတယ်လေ သားရဲ့၊ အဘိုးပြောသလို သုံးချိုးတစ်ချိုးပဲသောက်ပါ၊ အဲဒီထက်ပိုသောက်ရင်တော့ သားဟာ ဆော်မကြည့်ဘဲ ကျားစိတ်ပျောက်ပြီး အခြောက်ဘဝကို ရောက်သွားလိမ့်မယ်"

"ဗျာ ..."

"အဘိုးမှာတာကို မမေ့နဲ့နော် သား။ အဘိုး သွားတော့မယ်"

ပြောကာ အဘိုးကြီးက လှည့်ထွက်သွားတယ်။ သူက ဝိုင်ပုလင်းကို တစ်ဖက်ခုံပေါ်မှာ တင်လိုက်ပြီးနောက် အဘိုးကြီး ထွက်သွားရာကို လှမ်းကြည့်လိုက်စဉ်မှာတော့ အဘိုးကြီးကို အရိပ်အယောင်တောင် မတွေ့ရတော့ဘူး။

သူက ခေါင်းကိုခါရမ်းလိုက်ကာ အတွေးကိုဆက်မတွေးတော့ဘဲ ရပ်တန့်ပစ်လိုက်တယ်။ ပြီးတော့ တစ်ချိန်တည်းလိုလိုပဲ ကြက်သီးမွေးညှင်းတွေလည်း ထလာရတယ်။

သူက ဝိုင်ပုလင်းကို သောက်တုန်းက မူးမူးနဲ့ အဘိုးကြီးပေးတာကို



www.burmeseclassic.com

www.burmeseclassic.com



မယုံဘဲ ဝိုင်အနံ့လေးကိုကြိုက်လို့ သောက်ခဲ့မိတာ။ အဘိုးကြီးပြောသလို ဝိုများ သောက်လိုက်မိရင် အခက်မဟုတ်ပါလား။ အဲဒီလိုသာ လုပ်ခဲ့မိရင် သူတော့ အခုလောက်ဆို ဘုန်းကညာတစ်ပါး လုံးရာကပြားရာ ရောက်နေရ တော့မယ့် အဖြစ်ရယ်ပါ။

ဒီအချိန်မှာပဲ သူ့အတွေးက ကိုဗလကျော်ဆီကို ရောက်သွားရပြန် တယ်။ ကိုဗလကျော်ကလည်း ဒီဝိုင်ကို တောင်းသောက်နေခဲ့တာ မဟုတ် လား။

"ဟင် ..."

သူ့ခန္ဓာကိုယ်မှာရှိတဲ့ အကြောအချဉ်တွေ အားလုံး ဖျင်းခနဲ ဖြစ် သွားရတယ်။ ကိုဗလကျော်က လာတုန်းက အလှအပဆိုင်ရာ ခွဲစိတ်မှု့ဆိုပြီး တော့ ရုတ်တရက်ကြီး စိတ်ကူးပြောင်းကာ ဘာ့ကြောင့် ပြန်သွားရတာလဲ။

ဘုရား ... ဘုရား ... မဟုတ်ပါစေနဲ့။ မဟုတ်ပါစေနဲ့။

သူက အတွေးနဲ့အတူ ရေချိုးခြင်းကို မြန်မြန်လက်စသတ်လိုက် ကာ ခန္ဓာကိုယ်အောက်ပိုင်းကို တဘက်တစ်ထည်နဲ့ ကောက်ပတ်လိုက်ပြီး နောက် ဝိုင်ပုလင်းသိမ်းထားတဲ့နေရာမှာ ဝိုင်ပုလင်းရှိသေးလားဆိုတာကို ကြည့်မိတယ်။

သူထင်တဲ့အတိုင်းပါပဲ။ သူဝှက်ထားတဲ့နေရာမှာ ဝိုင်ပုလင်းက မရှိ တော့ဘူး။

"သွားပြီ ... သွားပြီ၊ ကိုဗလဲ ... ကိုဗလ လုပ်သွားပြီ"

မဖြစ်ဘူး။ မဖြစ်ဘူး။ ကိုဗလကျော့်နောက်ကို အမြန်လိုက်မှဖြစ် မယ်။ ဒါပေမဲ့ ... အခုလောက်ဆို ကားက ထွက်သွားလောက်ပြီ။ ဒီတော့





လည်း ရွာအထိ လိုက်သွားရုံပဲပေါ့။ သူက ဒရောသောပါးနဲ့ပင် အဝတ်အစား တောင် မဝတ်နိုင်တော့ဘဲ အောက်ထပ်ကို အမြန်ပြေးဆင်းလာခဲ့လိုက်တယ်။

"ဖေဖေ ... မေမေ ..."

"ဟဲ့သား ... ဩော် ... ဘယ်လိုဖြစ်လာတာလဲ၊ အဝတ်အစား မပါ, ဘာမပါနဲ့"

ညေ့်ခန်းထဲမှာ စကားပြောနေကြတဲ့ ဖေဖေနဲ့မေမေတာ သူ့ရဲ့ အထိတ်တလန့်ဟန်ကြောင့် ပြူးပြူးပျာပျာ ဖြစ်သွားကြတယ်။

"သား ... တောင်ပြုံးရွာကို လိုက်သွားမှဖြစ်မယ် မေမေ၊ သား ကိုဗလကျော့်နောက်ကို လိုက်သွားမှဖြစ်မယ်"

"ဘာဖြစ်လို့တုန်းကွ၊ ဗလကျော်ကို မင်းကိုယ်တိုင်ပဲ အခုလေးတင် ကားဂိတ်လိုက်ပို့လာတာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ... ကိုဗလကျော့်ဆီမှာ ကျွန် တော့်ရဲ့ပစ္စည်းတစ်ခုပါသွားလို့ ဖေဖေရ"

"ဘာပစ္စည်းမိုလို့လဲကွ"

"ဘာပစ္စည်းလဲဆိုတော့ ... ဟိုဟာ ..."

ဘာပစ္စည်းလဲမေးလာတော့ ဖြေဖို့က ခက်သွားပြန်တယ်။ ဖေဖေ တို့ကို ပြောပြရင်တော့ ယုံပါ့မလား။ ဒါပေမဲ့ ... တကယ်ဖြစ်နေတာတွေကို သူတို့လည်း သိနေကြတာပဲဟာ။ ယုံတော့ ယုံကြမှာပါ။ သူက ယတိပြတ် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ကာ သူလျှို့ဝှက်ထားတဲ့ ဆော်ကြည်ပိုင်ကိစ္စ ကို ပြောပြဖို့ လုပ်လိုက်တော့တယ်။

"ဖေဖေနဲ့မေမေ့ကို သားဖုံးကွယ်မနေတော့ပါဘူး။ သား အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတော့မယ်၊ ဒီလိုဗျာ . . ."

သူ့စကားအဆုံးမှာတော့ မိဘနှစ်ပါးက သူတို့နားကို သူတို့ မယုံနိုင်သလိုတွေဖြစ်ကာ သူ့ကိုလည်း လူထူးလူဆန်းတစ်ယောက်လို ကြည့်လာရင်း

"ဟေ . . . ဟုတ်ရဲ့လားကွာ"

"ဟုတ်ရောဟုတ်ရဲ့လား သားရယ်၊ ဆော်ကြည်ပိုင်လို့ပဲ၊ မေမေတော့ မကြားဖူးပါဘူး"

တွေ ဖြစ်ကုန်ကြတယ်။

"ကဲကြည့် . . . အဲဒီလိုတွေ မယုံသက်ာဖြစ်မှာကို ကြိုသိလို့ သားက အစကတည်းက ပြောမပြခဲ့တာ၊ တကယ်ပါဆိုဗျာ၊ အဲဒီဆော်ကြည်ပိုင်ကို ကျွန်တော်သောက်ခဲ့လို့ပဲ အခုလို ကျွန်တော်ဆော်ကြည်လာတာပေါ့၊ အဲဒီထက်ကောင်းတဲ့ သက်သေရှိပါဦးမလား"

"အေးကွာ . . . လက်တွေ့ကြုံနေရတာဆိုတော့လည်း မယုံချင်ပေမယ့်လို့ ယုံရတော့မှာပေါ့၊ ဒါဆို အခု မင်းရဲ့ပိုင်ပုလင်းကို ဗလကျော်က ခိုးသွားတယ်ပေါ့"

"ဟုတ်တယ်၊ အဲဒါကို သားလိုက်ယူမှဖြစ်မယ်၊ ပြန်မရမှာထက် လိုတာထက်ပိုသောက်မိပြီး ကိုဗလကျော် အခြောက်ဘဝရောက်သွားမှာကို ပိုစိုးရိမ်ရတယ် ဖေဖေရ"

"ဟင်း . . . မင်းကွာ၊ သားအဖချင်းတောင် လျှို့ဝှက်ထားရတယ်လို့၊ တကယ်ဆို ငါ့ကို အဲဒီပိုင် ငါ့ကိုပါ ပေးသောက်ရမှာ . . ."

ဖေဖေ့ရဲ့ နှမြောတသစွာ ပြောလာတဲ့စကားအဆုံး မေမေက





ဖေဖေ့ကို မီးဝင်းဝင်းတောက်မတတ် မျက်လုံးတွေနဲ့ကြည့်လိုက်ရင်းက . . .

"ကိုသာခွေ . . ."

"ဟေ . . ."

"ရှင် ဘာပြောလိုက်တယ်၊ ဆော်ကြည်ပိုင်သောက်ချင်ရအောင် ကျွန်မတစ်ယောက်လုံး သက်ရှိထင်ရှားရှိနေသေးတာကို ရှင်က ဘယ်ဆော်ရဲ့အကြည်ကို ခံချင်သေးတာလဲ၊ ပြောစမ်းပါဦး"

"အဟင်းဟင်း . . . နောက်တာပါကွာ၊ မိန်းမကလဲ . . . ဟီး ဟီး . . . စိတ်ချည်းပဲ . . ."

ဖခင်ဖြစ်သူက စပ်ဖြီးဖြီးနဲ့ ရယ်နေလိုက်ပေမယ့် သူကတော့ မရယ်နိုင်သေးဘဲ တောင်ပြုံးရွာကို လိုက်သွားဖို့အတွက် အစီအစဉ်တွေ ဆွဲရတယ်။ ကိုယ့်ကားနဲ့ကိုယ် သွားမှာဆိုတော့ လမ်းမှာ တစ်ခုခုဆို အဖော်ရအောင် ချစ်ကိုကိုပါ ခေါ်သွားဖို့အတွက် ချစ်ကိုဆီကို အရင်ဆုံး ဖုန်းဆက်ရတယ်။

ဖုန်းဆက်ပြီးတော့လည်း ချစ်ကိုက ဘာကိစ္စလည်း မေးတာနဲ့ မောရတဲ့ကြားထဲက ချစ်ကို နားလည်အောင် ဇာတ်ကြောင်းကို နောက်တစ်ခါပြန်လှန်ပြရပြန်ရော။ ဇာတ်ကြောင်းပြန်ပြီးသွားစဉ်မှာတော့ ချစ်ကိုကလည်း . . .

"မင်းကွာ . . . သူငယ်ချင်းအရင်းကြီး ငါ့ကိုတောင် အဲဒီပိုင်ပေးမတိုက်ဘူး၊ ငါလည်း မင်းလို ဆော်ကြည်ချင်တာပေါ့လို့၊ မင်း သူငယ်ချင်းမပီသဘူးကွာ"

"ကျွတ် . . . အရေးထဲ မင်းကတစ်မျိုး၊ ကဲ . . . လိုက် [illegible]

www.burmeseclassic.com

မလိုက်ဘူးလားပဲ ပြောတော့ကွာ၊ စိတ်မရှည်တော့ဘူး"

"လိုက်မှာပေါ့ကွာ . . . မင်းကလဲ၊ စိတ်ချည်းပဲ၊ ဒါပေမဲ့ အခုချက်ချင်းတော့ လိုက်လို့မရဘူး။ ငါ့ကို မားသားကြီးက ခိုင်းထားတဲ့ကိစ္စတစ်ခုရှိသေးလို့ မနက်ဖြန်မှသွားရအောင်"

"ဟာကွာ . . . အဲဒီ မင်းအမေခိုင်းတဲ့ကိစ္စက ထားခဲ့လိုက်လို့ မရဘူးလား၊ ဒီမှာက အချိန်နဲ့အမျှ အရေးကြီးနေတဲ့ဟာကို"

"ဖြည်းဖြည်းပေါ့ကွာ၊ ထားခဲ့လို့မရလို့ပါ၊ ပြီးတော့ မင်းပဲ စဉ်းစားကြည့်လေ၊ မင်းအစ်ကိုဝမ်းကွဲက အဲဒီဝိုင်ကို သောက်ချင်လွန်းလို့ ခိုးသွားတာမဟုတ်လား။ အဲဒီတော့ သူက လက်ထဲမှာ ဝိုင်ရောက်နေတုန်း ဘယ်အလုကြည့်နေမှာလဲကွာ၊ အခုလောက်ဆို သောက်ပြီးလောက်ရောပေါ့၊ မင်းလိုက်သွားလည်း မီမှာမဟုတ်တော့ပါဘူး။ အခြေအနေ ဘယ်လိုရှိလဲဆိုတာပဲ မင်း ကြည့်လို့ပဲရတော့မယ်၊ ဝိုင်ကို ဘယ်လောက်များများ သောက်ပစ်လိုက်တယ်ဆိုတာကတော့ မင်းအစ်ကိုရဲ့ကံတရားပေါ့ကွာ . . . ဟုတ်ဘူးလား"

ချစ်ကိုပြောတော့လည်း ဟုတ်တာပါပဲ။ ကိုဗလကျော်က ဝိုင်ကို သောက်ချင်လွန်းအားကြီးလို့ကိုပဲ မတွေ့တွေ့အောင် ရှာပြီး ခိုးသွားတာလေ။ ဒီတော့ သူ့လက်ထဲ ဝိုင်ရောက်ပြီဆိုတာနဲ့ ဘယ်တုံ့ဆိုင်းနေတော့မှာလဲ။ သောက်ပြီးလောက်ရောပေါ့။ လိုက်သွားရင်လည်း ဘယ်မီတော့မှာလဲနော်။ ဒါပေမဲ့ . . . အဲဒီဝိုင်ကို မျက်နှာလွှဲ ခဲပစ်တော့ မထားလိုက်နိုင်ပါဘူး။ မတားနိုင်ခဲ့ဘူးဆိုရင်တောင် ကိုဗလကျော်ရဲ့ နောက်ဆက်တွဲဖြစ်ရပ်တွေကိုတော့ သိဖို့လိုအပ်တယ်မလား။





ဘုရား . . . ဘုရား . . . ကိုဗလကျော်က ဝိုင်ကို အကုန်များ သောက်လိုက်လေမလား။ ဒါမှမဟုတ် စမ်းတဲ့အနေနဲ့ အနည်းငယ်လောက်သာ သောက်ကြည့်လိုက်လေမလား။ အနည်းငယ်သာ သောက်လိုက်တယ်ဆိုရင်တော့ ဘာမှကိစ္စမရှိပေမယ့် အကုန်လုံးသာ သောက်ပစ်လိုက်လို့ကတော့ . . . ။

"အိုးမိုင်ဂေါ့ . . ."

ဒါကို တွေးလိုက်မိတော့ လူတစ်ကိုယ်လုံး ကြက်သီးမွေးညှင်းတွေ ထလာပြန်တယ်။ အဲဒီလိုသာဆိုရင်တော့ ကိုဗလကျော်ရဲ့ပုံစံကြီးနဲ့ ခြောက်နေမယ့်ပုံကြီးဟာ ဘယ်လောက်တောင်များ ကြည့်လို့ ဆိုးနေလိုက်ပါမလဲ။ အဟက် . . . နဖူးပြောင်ပြောင်နဲ့ ဗိုက်ပူပူ ဘခြောက်ကြီး။

သဲမောင်က စိတ်ညစ်ရတဲ့ကြားကပင် အသံထွက်အောင် တစ်ယောက်တည်း အော်ရယ်ပစ်လိုက်မိတော့တယ်။

❑

ခရီးသည်တင် express ကားတစ်စီးက လမ်းပေါ်မှာ အရှိန်နဲ့ ပြေးလွှားနေတယ်။ အဲဒီကားပေါ်မှာတော့ ကိုဗလကျော်က အားရကျေနပ်နေတဲ့ အပြုံးတစ်ခုနဲ့ ထိုင်နေတယ်။

သူ့လက်ထဲမှာက ဆော်ကြည်ဝိုင်ပုလင်းကို ကျစ်ကျစ်ပါအောင် ကိုင်ထားတယ်။ စိတ်ထဲကနေလည်း ညီဖြစ်သူကို တစ်ယောက်တည်း တေား



www.burmeseclassic.com

www.burmeseclassic.com



တွေပြောနေမိတယ်။

"သဲမောင် ... သဲမောင် ... မင်းက မင်းကိုယ်မင်းတော့ လည်လှပြီ ထင်နေတာကိုး။ ဟွန်းဟွန်း ... ငါက မင်းအစ်ကိုပါကွာ၊ ကိုယ့်ညီအကြောင်းမှ ကိုယ်မသိရင် မင်းအစ်ကို မလုပ်တော့ဘူး သိလား။ ဟင်း ... ငါ့ကို မတိုက်ချင်လို့ မင်း က ဒီဆော်ကြည်ပိုင်ကို သွန်ပစ်လိုက်ပြီလို့ ပြောတာ ငါသိတာပေါ့၊ ပင်လယ်ရေ တစ်ယောက်တည်းသောက်လို့ ကုန်တာမှမဟုတ်တာကွာ၊ ငါ့ကို နည်းနည်းလောက် ပေးတိုက်တော့ရော မင်းအတွက် ဘာဖြစ်သွားမှာမို့လို့လဲ ..."

ကိုဗလကျော်က ပိုင်ပုလင်းအဖုံးကို ဖွင့်ကာ အနံ့ကို အသာရှူကြည့်လိုက်တယ်။ ပိုင်အနံ့က သင်းပျံ့စွာ နှာဝကို တိုးဝှေ့လာတော့ ကိုဗလကျော်က မျက်လုံးတွေကိုမှေးမှိတ်ကာ ခဏမှိန်းနေလိုက်တယ်။

"မင်းက အူပုပ်ပြီး ငါ့ကို မတိုက်တော့ ငါကလည်း အခုလို မခိုးချင်ဘဲ ခိုးလာခဲ့ရတာပေါ့ကွာ၊ စိတ်တော့မကောင်းပါဘူး။ မင်းက သုံးပုံတစ်ပုံပဲ သောက်ပြီး ဆော်ကြည်ခဲ့ပေမယ့် ငါကတော့ ကျန်နေတဲ့ နှစ်ပုံကို အကုန်သောက်လိုက်မယ်လေ၊ အဲဒါဆို မင်းထက် ငါက ပိုပြီးတော့ ဆော်ကြည်သွားတော့မှာ ... ဟက်ဟက် ... သဲမောင် ... သဲမောင် ... မင်းဆော်ကြည်တာလောက်တော့ င်းအစ်ကိုကြီး ငါက သနားတယ်လို့တောင် ပြန်ပြောလိုက်ဦးမယ် ... ဟက် ... ဟက် ... ဟက် ..."

နောက်တော့ ကိုဗလကျော်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ကာ ပိုင်းပုလင်းကို တစ်ကျိုက်မော့လိုက်တယ်။ ချိုရှရှပိုင်ရဲ့ အရသာက ကောင်းနေလေတော့ အကြိုက်ဖြစ်သွားတယ်။

ဒီလိုနဲ့ တစ်ကျိုက်ပြီး ... တစ်ကျိုက် ...။ တစ်မော့ပြီး တစ်မော့ ...။ သောက်ရင်း သောက်ရင်းကနေ နောက်ဆုံးမှာတော့ လက်ထဲမှာ ပုလင်းလေးသာ ကျန်တော့လေတယ်။

ခင်ခင်နုရေ ... မောင်ကြီး ပြန်လာပြီနော်။ ဟားဟား ... အခု မောင်ကြီးက စင်ပေါ်ရောက်သွားပြီလေ။ ဒါပေမဲ့ ... မပူပါနဲ့ ခင်ခင်နုရယ်။ မောင်ကြီးဘေးမှာ ဆော်တွေ ဘယ်လောက်ပဲဝိုင်းနေပါစေ။ မောင်ကြီး အသည်းကတော့ ခင်ခင်နုလေးတစ်ယောက်တည်းအတွက်ပါကွယ် ...။

ဟဲ ... ဟဲ ... ဟဲ ...။

❑❑❑





www.burmeseclassic.com

www.burmeseclassic.com

## တောင်ပြုံးရွာ (၉)

ခြံဝင်းထဲမှာ ကားရပ်လိုက်ပြီးနောက် ကားပေါ်က ဆင်းလိုက်တယ် ဆိုရင်ပဲ ဦးသာအေးနဲ့ ဒေါ်စာဥတို့က အိမ်ထဲကနေ အပြေးအလွှားပဲ ထွက်လာကြကာ ...

"အောင်မလေး ... သဲမောင်ရယ်၊ မင်း ... မင်းအစ်ကိုကြီးကို ရန်ကုန်ကနေ ဘာတွေလုပ်ပေးလိုက်တာလဲဟယ် ... ပြောစမ်းပါဦး"

"ဟုတ်ပါ့ကွာ ... ရန်ကုန်ကို တစ်ပတ်လောက်လေးသွားလိုက်ပါတယ်၊ ပြန်လာတော့ လိုင်းပြောင်းလာပါရောလား ..."

သဲမောင်နဲ့ ချစ်ကိုတို့က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြတယ်။ ရင်ထဲမှာလည်း ကုလားဘုရားပွဲလှည့်သလို တဒုန်းဒုန်း





မြည်ဟီးနေပြီ။

"ကျွန်တော်လည်း အဲဒီကိစ္စကိုပဲ စိတ်ပူလို့လိုက်လာတာဗျား၊ ကိုဗလရော ... ကိုဗလ အခုဘယ်မှာလဲ"

သဲမောင်ရဲ့စကားအဆုံး ဒေါ်စာဥက "ပြောကို မပြောချင်တော့ပါဘူးဟယ် ..." ဆိုတဲ့ပုံစံမျိုးနဲ့ မျက်နှာကို စိတ်ပျက်လက်ပျက်ကြီး ရှုံ့မဲ့လိုက်ရင်းက ...

"ရှိပါ့တော် ... ရှိပါ့၊ ဟဲ့ ... ဗလရေ ... ဗလကျော်၊ ဒီမှာ မင်းညီ သဲမောင် လိုက်လာတယ်၊ အပြင်ကိုထွက်ခဲ့ဦး"

ဆိုပြီး အိမ်ထဲဘက်ကိုလှမ်းကြည့်ကာ အော်လိုက်တယ်။ မရှေးမနှောင်းမှာပဲ အိမ်ထဲကနေ ကိုဗလကျော် ထွက်လာတယ်။ ဒါပေမဲ့ ... အရင်လိုပုံစံမျိုးနဲ့ ကျားကျားယားယား ထွက်လာတာတော့မဟုတ်။ ထဘီကို စွန်တောင်ဆွဲတောင်စွဲပြီးတော့ ကနွဲ့ကလျနဲ့ ထွက်လာတာပါ။

"ဟယ် ... သဲမောင်၊ နင် ဘာလာလုပ်တာတုန်း။ ဘာလဲ ... ငါ့ကို သတိရလို့ လိုက်လာတာလား၊ ဟုတ်လား"

"ဟင် ..."

"ဟင် ..."

သဲမောင်နဲ့ ချစ်ကိုတို့မှာ ကိုဗလကျော့်ကိုကြည့်ကာ တအံ့တသြ သွားပြီဆိုတဲ့အသိနဲ့အတူ မျှော်လင့်ချက်တွေလည်း ရေစုန်မျောကုန်တယ်။

"ကို ... ကိုဗလ ... ဘယ် ... ဘယ်လိုကြီး ... ဖြစ်နေတာတုန်း"

ဘာ့ကြောင့် ... ဘယ်လိုကြောင့် ဒီလိုဖြစ်သွားတယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



သိထားရပေမယ့် အံ့ဩလွန်းလို့ မမေးဘဲမနေနိုင်ဘဲ မေးလိုက်မိပေမယ့် ကိုဗလကျော်ကတော့ သဲမောင်ရဲ့စကားကို အရေးမလုပ်ဘူး။ သူ့မျက်လုံးတွေက သဲမောင်ရဲ့ဘေးက ချစ်ကိုဆီကို ရောက်သွားတယ်ဆိုရင်ပဲ ...

"ဟယ် ... အစင်လေး ပါလာတာပဲ၊ နာမည် ဘယ်လိုခေါ်လဲဟာ ဟဲ့ ... သဲမောင် ... ငါ့ကို မိတ်ဆက်ပေးဦးလေဟယ် ... သူ့နဲ့ ..."

ပြောလည်းပြော လူကလည်း ချစ်ကိုဆီကို လှစ်ခနဲ ရောက်လာပြီး နောက် ချစ်ကိုရဲ့လက်ကို ဆွဲတွဲထားလိုက်တော့ ချစ်ကိုက တွန့်ခနဲဖြစ်သွားတယ်။

"ဟဲ့ ... ဗလ ... နင် ဘယ်လိုဖြစ်နေတာလဲ"

"အို ... အမေကလည်း သမီးကို အဲလိုကြီး မခေါ်ပါနဲ့ဆိုနေ၊ သမီးကို 'ဗဗ' လို့ပဲခေါ်"

သဲမောင်က ကိုဗလကျော်ကို ဒီလောက်အထိတော့ ဖြစ်သွားမယ်လို့ ထင်မထားခဲ့ပါ။ ဝိုင်ကို အကုန်သောက်လို့ ခြောက်သွားမယ်ဆိုရင် တောင် အခုလို စပ်စလူးကို နတ်ပူးသလို ပွင့်ထွက်သွား မယ်လို့ မထင်ခဲ့၊ သူထင်ထားတာက အပုန်းတွေလို အနည်းငယ် နွဲ့တာလောက်သာ ဖြစ်သွားမယ်လို့ ထင်တာပါ။ အခုတော့ ခြောက်တာမှ ပက်ကြားတွေကို အက်လို့ ပွင့်တာကလည်း ဖွေးဖွေးကို လှုပ်လို့။

"နင် ... နင် ... အမယ်လေး ... ဗလကျော်ရယ်၊ နင်နဲ့တော့ ငါ သေချင်တာပါပဲဟယ် ... ဟီးဟီး ..."

ခြေကြီးမှာ ဖင်ထိုင်ချလိုက်ကာ ၊ ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား





အော်ငိုလိုက်တဲ့ ဒေါ်စာဥကို ဦးသာအေးက ပြန်ဆွဲထူကာ ...

"စာဥ ... တော်ပါတော့ကွာ၊ ငိုမနေပါနဲ့တော့၊ လာ ... လာ ... မင်းတို့လည်း အထုပ်တွေချ၊ အထဲဝင် ... အိမ်ထဲရောက်မှ ပြောရအောင်"

"ဟုတ် ... ဟုတ်ကဲ့ ..."

ဦးသာအေးက မိန်းမဖြစ်သူကို အိမ်ထဲဆွဲခေါ်သွားတယ်။ သဲမောင်နဲ့ချစ်ကိုတို့လည်း ကားပေါ်က အဝတ်အစားအိတ်တွေကို ဆွဲချကာ အိမ်ထဲဝင်ရတယ်။ ကိုဗလကျော်ကတော့ ချစ်ကိုရဲ့လက်မောင်းတစ်ဖက်ကို ပြုတ်တူနဲ့တွယ်ထားသလို လုံးဝကိုမလွှတ်တော့။ နာမည်ကိုလည်း မရမက ကပ်မေးတယ်။ "ကျွန်တော့်နာမည် ချစ်ကိုပါ" လို့လည်း ဆိုလိုက်ရော ကိုဗလကျော်က လက်တစ်ခါခါနဲ့ "ဟယ် ... နာမည်လေးက ချစ်စ (ချစ်စရာ) လေးဟယ် ...၊ ကြိုက်သွားပြီ၊ ကြိုက်သွားပြီ ..." တွေ လုပ်ကုန်တယ်။ သဲမောင်နဲ့ ချစ်ကိုမှာတော့ ရယ်ရအခက်၊ ငိုရအခက်။

ပြီးတော့ ... သဲမောင်က ဦးလေးသာအေးတို့လင်မယားကို ကိုဗလကျော် အခုလိုဖြစ်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ရှင်းပြဖို့အတွက် ဆော်ကြည်ဝိုင်ကိစ္စကို ထပ်ရှင်းပြရပေဦးမယ်လို့ တွေးလိုက်မိတယ်။

❑

ကိုဗလကျော်က ချစ်ကိုအနားမှာ ပွတ်သီးပွတ်သပ်နဲ့ ကျူနေရင်း



www.burmeseclassic.com

www.burmeseclassic.com



ကနေ ခြံရှေ့ကဖြတ်သွားတဲ့ ခင်ခင်နုကိုအတွေ့မှာတော့ ခြံအပြင်ကို ကော့ပျက်ကော့ပျက်နဲ့ ပြေးထွက်သွားတယ်။

"ခင်ခင်နု … ခင်ခင်နု … ဟဲ့ … နေပါဦးဟဲ့"

ခင်ခင်နုက ကိုဗလကျော်ကို အတွေ့မှာတော့ နောက်ကို ခြေသုံးလေးလှမ်းခန့် ဆုတ်လိုက်ပြီးမှ …

"အမယ်လေး … အမယ်လေး … ဘယ်လိုဖြစ်လာတာတုန်း ကိုဗလကျော်ရယ်"

လို့ မေးလိုက်တော့ ကိုဗလကျော်က နားနှစ်ဖက်ကို လက်နှစ်ဖက်နဲ့ အုပ်လိုက်ပြီးနောက် ပျစ်ချွဲချွဲအသံကြီးနဲ့ ပြန်ပြောတယ်။

"အို … ဘယ်လိုကြီး ခေါ်လိုက်တာတုန်း။ နာမည်ပြောင်းထားတယ်၊ မှတ်ထား။ ဗဗ … တဲ့"

"ရှင် … အဘ … ဟုတ်လား"

"အိုင်းစ် … ဘယ်နှယ် အဘရမှာလဲ၊ ညည်းမဝုန်းနဲ့နော်၊ ဒီအဆင်က အဘဖြစ်ရလားဟဲ့၊ ဗဗ … ဗဗ …"

ခင်ခင်နုရဲ့ မျက်နှာက ရှုံ့မဲ့သွားရတယ်။

"သြော် … အင်း … အင်း … ရွာထဲမှာပြောတော့ ပြောနေကြသား၊ ရှင် … မြို့မှာ ဖြတ်ဖောက်ချုပ်လုပ်လာတယ်ဆိုပြီးတော့လေ၊ ကျွန်မက မယုံခဲ့ဘူး။ အခုမှပဲ ယုံသွားတော့တယ်"

"အို … ဘယ်က ဖြတ်ဖောက်ချုပ်လုပ်ရမှာလဲ၊ မလုပ်ရသေးပါဘူးအေ၊ ဖြတ်ဖောက်ချုပ်က ဒီမှာလုပ်လို့မရသေးဘူး။ ထိုင်းကိုသွားလုပ်ရမှာ"





"သြော် … သြော် … လုပ်မယ့်အစီအစဉ်တော့ ရှိတယ်ပေါ့နော်"

ပြောရင်း ခင်ခင်နုက ကိုဗလကျော်ရဲ့တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်မိတယ်။ ပန်းရောင်အပွင့်ရိုက် ထဘီကြီးကို အပေါ်က ခရမ်းရောင်တောက်တောက် ရင်ဖုံးအင်္ကျီကြီးတစ်ထည်နဲ့ တွဲဝတ်ထားကာ ခေါင်းမှာကျတော့ ပန်းရောင်ဆံကုပ်တစ်ခုကို ကုပ်ထားပြန်သေးတယ်။ မျက်နှာမှာကလည်း သနပ်ခါးတွေက အဖွေးသား။ နှုတ်ခမ်းနီတွေကလည်း နားရွက်တက်ချိတ်မတတ် နီရဲနေအောင် ဆိုးထားသေးတယ်။ ဒါပေမဲ့ … ဗိုက်ကပူပူ၊ နဖူးက ပြောင်ပြောင်ကြီးနဲ့ဆိုတော့ ဘယ်လိုမှကို ကြည့်ရတာ အဆင်မပြေ။ မျက်လုံးထဲမှာ ပစ်တိုင်းထောင်ရုပ်ကြီးကိုပဲ ပြေးပြေးမြင်နေမိတော့တယ်။

သေကာနီးမှ ဘယ်လိုတွေ ဖြစ်ကုန်တယ်မသိ။ ကိုယ့်မှာတော့ ကိုဗလကျော်ကြီးက ကိုယ့်ကိုချစ်လွန်းလို့ မြို့တက်ပြီး ကိုရီးယားမင်းသားလေးနဲ့တူအောင် သွားခွဲစိတ်တယ်ဆိုလို့ ဘယ်လိုပုံစံလေးနဲ့များ ပြန်လာမလဲဆိုပြီး မျက်လုံးထဲမှာ မြင်ကြည့်ကာ ရင်တွေခုန်လိုက်ရတာ။ အခုတော့ သူက ဘုန်းကညာတစ်ပါး လုံးရာကပြားပြီး ပြန်လာရတယ်တဲ့။

အမယ်လေးလေး … ရင်နာလိုက်တာ ကိုဗလကျော်ရယ်။ ရှင့်ကို မြင်ရတာ ရင်နာလိုက်တာ။

"လုပ်မှာပေါ့အေ … ဗဗက ယောကျ်ားယူရဦးမှာပဲကို"

"သြော် … သြော် … အရင်တုန်းက ရှင်ပြောတော့ ကျွန်မကို [illegible] ယူမှာဆို၊ အခုတော့ ဘယ်လိုလုပ်ပြီး လိုင်းပြောင်းသွားရတာ [illegible]"

"အို … မကြားဝံ့မနာသာတွေအေ၊ ကျုပ်က ထင်း [illegible]"



www.burmeseclassic.com

www.burmeseclassic.com

စားစရာလား၊ ငံပြာရည်ကန်ထဲကို လက်ပစ်ကူးစရာလားလို့၊ ကျုပ်က သွေးတိုးရှိတယ်အေ့၊ အဲဒီတော့ ငံပြာရည်မစားဘူး။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ငှက်ပျောသီးပဲ စားမှာ''

''ဩော် ... ဩော် ...''

ခင်ခင်နုက စိတ်ပျက်လက်ပျက်ကြီးကိုပဲ မျက်နှာကို ရှုံ့မဲ့လိုက်မိတယ်။ ကိုဗလကျော်ကလည်း ဒါကို ရိပ်မိတယ်။ ဒီတော့ ... ခင်ခင်နုကို မျက်စောင်းတစ်ချက် ပိတ်ထိုးလိုက်ရင်းက ...

''အံမယ် ... ညည်းမျက်နှာက ဘယ်လိုဖြစ်နေရတာတုန်း၊ ဘာလဲ ... ရွာထဲမှာ ညည်းနဲ့ယှဉ်နိုင်တဲ့ အပျိုချောလေးတစ်ယောက် ရှိလာတယ်ဆိုပြီးတော့ ညည်းက ငါ့ကို ရှုံ့တွေ့ဝင်နေတာလား ... ဟုတ်လား။ ဟင်း ... ဟင်း ... ကျေနပ်တယ်၊ ကျေနပ်တယ် သိလား။ ကျုပ်က ညည်းရထားတဲ့ ကွမ်းတောင်ကိုင်ဘွဲ့ကိုပါ လက်ပြောင်းပြီးတော့ ယူဦးမှာ စိတ်ချ ...''

''ဟုတ် ... ဟုတ်ပါပြီ၊ သွား ... သွားတော့မယ်နော်၊ အလုပ်လေးတွေရှိသေးလို့''

''သွား ... သွား ... ကျုပ်ကလည်း ညည်းကို အဲဒါလေး ပြောချင်လို့ ထွက်လာတာပါ၊ ရန်သူကို ကျုပ်က ခြိုးခြံပြီးတော့ မတိုက်ချင်လို့ အတိအလင်းစစ်ကြေညာလိုက်တဲ့ သဘောပေါ့အေ ...''

''အဟင်း ... ကျေး ... ကျေးဇူးတင်ပါနော် ... အဟင်း ... တင်း ... သွား ... သွားပြီနော် ...''





''ကြွ ... ကြွ ... ကျုပ်လည်း ညည်းနဲ့စကားပြောရတာ ငံပြာရည်စော် တော်တော်နံနေပြီ၊ တစ်ကိုယ်လုံးကို မွှေးနံ့နဲ့ ရေမိုး ပစ်ရဦးမယ် ...''

ပြောပြီး ကိုဗလကျော်က ခြံထဲ ပြန်ဝင်လာကာ ချစ်ကို့ရှေ့မှာ ခါးထောက်ရပ်လိုက်ကာ စိတ်မရှည်တော့ဘူးဆိုတဲ့ပုံစံနဲ့ ...

''ကဲ ... ချစ် ... ဒီလိုကြီးပဲ ထိုင်နေတော့မှာလားလို့''

''ဗျာ ... ကျွန်တော်က ထိုင်မနေလို့ ဘာလုပ်ရမှာလဲဟင်''

''ဟင် ... ဗဗက ချစ့်ကို လက်ထပ်ခွင့်တောင်းထားတယ်လေ၊ အဲဒါ အဖြေပြန်ပေးတော့လေ''

ချစ်ကိုရဲ့ခန္ဓာကိုယ်က ရှိုးရှိုးစွဲထင် ကျုံ့ဝင်သွားရကာ ရယ်ကျဲကျဲနဲ့ ပြန်ပြောရတယ်။

''ဩော် ... အဟင်း ... ဟို ... ဟိုဟာလေ ... ကျွန်တော်က ဟိုဟာ ... အိမ်ထောင်ပြုလို့မရဘူးဗျာ့''

''ဘာ့လို့မရတာလဲ ... ပြောစမ်းပါဦး''

''ဟိုဟာလေ ... ဩော် ... သိုက် ... ကျွန်တော်က သိုက်ထဲ လာတာ၊ အဲဒါ အိမ်ထောင်ပြုရင် သိုက်က ပြန်ခေါ်မှာတဲ့၊ အဲဒါ ကြောင့် ... အဲဒါကြောင့်ပါ''

''အို ... အဲဒါက နတ်ကတော်အစုတ်ပလုတ်တွေက ပါးစပ်ထဲ ရှိတာ လျှောက်ပြောတာပါ ချစ်ရယ်၊ အဲဒီ နတ်ခြောက်တွေရဲ့ စကားကို မယုံစမ်းပါနဲ့ ...''

''ကျွန်တော် ကြောက်တယ်ဗျာ၊ တကယ်ဖြစ်နေရင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်မလဲ၊ ကျွန်တော် သေသွားမှာပေါ့"

"အမယ်လေး ... ကြောက်တတ်နေလိုက်တာ၊ မပြောလိုက်ချင်ဘူး၊ ပြောကိုမပြောချင်ဘူး။ ဒါနဲ့ ... ဗဗရဲ့မောင်လေး သဲမောင်ရော ..."

"အိမ်ထဲမှာလေ ... ကိုဗလ ... အဲ ... ဗဗရဲ့"

ကိုဗလကျော်က အိမ်ထဲဘက်ကို ငဲ့စောင်းကြည့်လိုက်ပြီးနောက် အသံကျယ်ကျယ်နဲ့ ...

"သူကလည်း ရောက်ကတည်းက အိမ်ထဲကကို မထွက်တော့ဘူး"

လို့ အော်တယ်။ ချစ်ကိုက ကိုဗလကျော်ရဲ့ပုံစံကြောင့် ရယ်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရင်းက ...

"သူ့မှာလည်း သူ့အပူနဲ့သူလေ ဗဗရဲ့၊ သူ့အပြင်ကိုထွက်လို့ ရွာထဲက အပျိုတွေ တွေ့သွားရင် ပတ်ပြေးနေရဦးမှာကိုး။ အဲဒါကြောင့် အိမ်တွင်းအောင်းနေတာပါ"

"အမယ်လေး ... ပေါတဲ့သူတွေကျတော့လည်း ပေါလိုက်တာ၊ တို့များကျတော့လည်း (ချစ်ကိုကို မျက်စောင်းထိုးကြည့်လိုက်ရင်း) ဒီတစ်ယောက်တည်းရှိတာတောင် မနည်းစည်းရုံးနေရတယ် ...၊ မပြောချင်ဘူး၊ ပြောကိုမပြောချင်ဘူး၊ လောကကြီးကလည်း တရားကိုမတရားဘူး ... ဟင်း ..."

❑





"ကိုကိုဗလရေ ... ကိုကိုဗလ ..."

အိမ်ရှေ့မှာ တကြော်ကြော်အော်နေတဲ့ အသံကြောင့် ကိုဗလကျော်က အိမ်ထဲမှာ နှုတ်ခမ်းနီဆိုးနေရင်းကနေ ပြန်အော်လိုက်တယ်။

"ဘယ်သူလဲဟဲ့ ... သူများအိမ်ရှေ့မှာ ဆူဆူညံညံနဲ့"

"ဗွေးတုတ်ပါ ကိုကိုဗလရဲ့၊ ဟောဒီမှာ လယ်ထဲက တောကြွက်လေး ရတာနဲ့၊ ကိုကိုဗလ ထန်းရေသောက်ရင်း ... မြည်း ... ဟင် ..."

အိမ်ထဲက ထွက်လာတဲ့ ကိုဗလကျော်ကို အတွေ့မှာတော့ ဗွေးတုတ် လက်ထဲမှာ ကိုင်လာတဲ့ ကြွက်ကြော်ပန်းကန်က မြေကြီးပေါ်ကို ဘုတ်ခနဲ ပြုတ်ကျသွားရတယ်။

"ကို ... ကိုကိုဗလ ..."

"လာပြန်ပြီ၊ ငါလည်း နာမည်ပြောင်းတဲ့ကိစ္စကို ရွာထဲမှာ ကင်ပွန်းတပ်ပွဲလေး ဘာလေး လုပ်ဦးမှပါအေ ..."

"ဘယ် ... ဘယ်လိုဖြစ်ရတာလဲ ကိုကိုဗလရယ်၊ မျက်နှာမှာလည်း မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေနဲ့၊ ခန္ဓာကိုယ်မှာလည်း အရီးလေး စာဥရဲ့ထဘီတွေ အင်္ကျီတွေကို ဝတ်လို့ပါလား"

"အိုင်းစ် ... ဗွေးကုတ်မ ... ညည်းမှထော်တွေ မပြောနဲ့နော်၊ ကျုပ်က ကျုပ်အမေ့ဟာတွေကို ဝတ်စရာလား။ ဒါတွေက အသစ်တွေဟဲ့၊ အသစ်တွေ၊ ငါဝတ်ဖို့ သီးသန့်ဝယ်ထားတာ ..."

"အမယ်လေးလေး ... ကြားရတာ နားဝမှာ မသက်သာလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဟင် . . . ရွာထဲမှာတော့ ပြောနေကြသား၊ ကိုကိုဗလထား လိုင်းပြောင်းသွားပြီတဲ့၊ ဗွေးတုတ်ကတော့ ကိုကိုဗလကို လိုင်းကား ထောင်လိုက်တယ်လို့ ထင်နေတာ၊ အခုတော့ အခုတော့ . . . အမယ်လေး . . . ဗွေးတုတ်ရင်ကျိုးပါပြီ ကိုကိုဗလရဲ့ . . .”

ဗွေးတုတ်က မြေကြီးပေါ်မှာ ထိုင်ချလိုက်ကာ ကြုံကြုံပါအောင် အော်ငိုတယ်။ ကိုဗလကျော်က ပျာယာခတ်သွားကာ ပတ်ဝန်းကျင်ကို ကျေး ကန်းတောင်းမျှောက် ကြည့်လိုက်ရင်းက . . .

“ဟဲ့ . . . ဟဲ့ . . . သူများအိမ်ရှေ့မှာ စောစောစီးစီး မင်္ဂလာမရှိ ဘူး၊ လာငိုမနေနဲ့၊ တော်ကြာ အသုဘအိမ်ထင်နေဦးမယ်၊ ငိုချင် ရင် လွတ်ရာကျွတ်ရာကို သွားငို . . .”

“ဗွေးတုတ် ရင်နာလွန်းလို့ပါ ကိုကိုဗလရယ်၊ ဗွေးတုတ်က . . . ဗွေးတုတ်က ကိုကိုဗလနဲ့ ယူမယ်၊ ပြီးရင် ကလေးတွေ အများကြီး မွေးမယ်လို့ စိတ်ကူးတွေ ယဉ်ထားတာ ကိုကိုဗလရဲ့ . . . ဟီးဟီး . . .”

“အိုင်းစ် . . . ပုလင်းကွဲတွေတော့ ရှုကုန်တော့မှာပဲ၊ ဒီမှာ ညည်း ဘာသာညည်း စိတ်ကူးယဉ်ချင်ရင် မယဉ်ချင်နေ၊ ကျုပ်ကတော့ ထမင်း,ထမင်းချင်း မစားနိုင်ပါဘူးတော်၊ ရင်ပူလွန်းလို့ . . .”

ဒီအချိန်မှာပဲ အိမ်ထဲမှာချည်းအောင်းနေရတဲ့ သဲမောင်က အိမ်ရှေ့ ဘက်ကို ခဏထွက်လာလိုက်တယ်။

“ကိုဗလ . . . ဘာတွေ ရင်ပူနေတာတုန်းဗျာ့”

သဲမောင်ကိုလည်း မြင်ရော မြေကြီးမှာ ပိပိရိရိထိုင်ချပြီး အော်ငို





နေတဲ့ အပျိုကြီးဗွေးတုတ်ရဲ့ငိုချင်းက တိခနဲရပ်သွားတယ်။

“ဟယ် . . .”

ဗွေးတုတ်ရဲ့မျက်လုံးတွေက အရောင်တွေ တလက်လက် တောက်ပ လာကာ သဲမောင့်အနားကို လှစ်ခနဲရောက်သွားတယ်။

“မောင်လေး . . . မောင်လေးက ဘူလဲဟင် . . .”

“ဩော် . . . ဟို . . . ကိုဗလကျော်ရဲ့ညီဝမ်းကွဲပါ”

“ဟုတ်လား။ တွေ့ရတာ ဝမ်းသာလိုက်တာ၊ မမက အပျိုကြီး သိလား”

“ဗျာ . . . ဘာ . . . ဘာမှ မဆိုင်ဘူးလားလို့”

“ဟင် . . . ဟုတ်လား . . . ဘာမှမဆိုင်ဘူးလား။ ဟင်း . . . ဟင်း . . . မမက ဆိုင်တယ်ထင်လို့ . . . ဟင်းဟင်း . . .”

ကိုဗလကျော်က ချက်ချင်းလက်ငင်းပြောင်းလဲသွားတဲ့ ရာသီဥတု အခြေအနေကြောင့် မျက်နှာကို မဲ့ရွဲ့လိုက်ကာ . . .

“အမယ်လေး . . . အစစ်မတွေများ အပြောင်းအလဲက မြန်ပါ့ အဲဒါတွေပဲ ကြည့်မရတာ . . . ဟင်း . . .”

ဆိုပြီး အိမ်ထဲကို ပြန်ဝင်ရင်း အမြင်ကတ်ကတ်နဲ့ အပျိုကြီးဗွေး တုတ်ရဲ့ ခြေထောက်ကို ဆောင့်နင်းချသွားတယ်။

“အောင်မလေး . . . သေပါပြီတော့် . . .”

❑



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မေမေတို့ လိုက်လာတယ်၊ ဘယ်လိုဖြစ်ပြီး လိုက်လာကြတာလဲ"

မေးလိုက်တာက မေမေ့ကိုဖြစ်ပေမဲ့ ဘယ်အချိန်ကတည်းက ပြောချင်နေမှန်းမသိတဲ့ ဖေဖေက ကားတံခါးကို ဝုန်းခနဲမြည်အောင် ဆောင့်ပိတ်ချလိုက်ကာ ဖြတ်ပြောတယ်။

"ပြောကို မပြောချင်တော့ပါဘူးကွာ၊ မင်းကို အသေရရ အရှင်ရရ ဖြစ်နေတဲ့ ဟိုခရိုနီနှစ်ယောက်လေကွာ . . ."

"မေမိခင်မောင်ဝင်းနဲ့ ဂျူးဂျူးမြင့်သိန်းတို့ကို ပြောတာလား"

"အေးပေါ့ . . . သူတို့ပဲပေါ့ကွာ၊ တစ်နေ့တစ်နေ့ ငါတို့လင်မယား နှစ်ယောက်မှာ စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်း မအိပ်ရနဲ့ကွာ၊ မင်းကို လာလာတောင်းနေတာ၊ ငါတို့က မင်းမရှိပါဘူး ခရီးသွားပါတယ်ဆိုတာတောင် မင်းကို မရွေးနိုင်းဘဲနဲ့ ငါတို့ကပဲ သူတို့နှစ်ယောက်တည်းက တစ်ယောက်ကိုရွေးပါ၊ မရွေးရင် အိမ်ကို ကျူးကျော်တဲပြီးဆိုပြီး သိမ်းလိုက်ရမလား၊ ဒိုဇာနဲ့ ထိုးရမလား၊ ဘတ်ဟိုးနဲ့ ကုပ်ရမလားနဲ့ လာလာခြိမ်းခြောက်နေတာ၊ ကြာတော့ ငါတို့လည်း မှိုမှာမနေရဲတော့ဘူး။ အဲဒါကြောင့် ဒီကိုလစ်ထွက်လာခဲ့တာ"

"ဟင်း . . . ဖြစ်မှဖြစ်ရလေ ဖေဖေရယ် . . ."

သဲမောင်ရဲ့စကားအဆုံးမှာ ဒေါ်မေသဲကလည်း ခေါင်းကို ပြုတ်ကျလုမတတ် ခါရမ်းလိုက်ရင်းက . . .





"ဖြစ်မှဖြစ်ရလေလုပ်မနေနဲ့ သားရေ၊ သူတို့တင်မဟုတ်ဘူး၊ ကျန်သေးတယ်၊ ဟိုအခြောက်မချောချောနဲ့ဖြူဖြူတို့ကလည်း တစ်နေ့တစ်နေ့ အိမ်ကို ချောင်းပေါက်မတတ် လာလာပြီးတော့ သားကို လာရှာတာ၊ ခရီးသွားပါတယ်ဆိုတော့လည်း နေ့တိုင်းလာပြီး ပြန်မလာသေးဘူးလား၊ ပြန်မလာသေးဘူးလားနဲ့ လာလာမေးတာ၊ စိတ်တွေရှုပ်လိုက်တာ သားရယ်၊ တစ်နေ့ကလည်း အဲဒီခရိုနီမနှစ်ယောက်နဲ့ အခြောက်မနှစ်ယောက် အိမ်မှာ လာဆုံတယ်လေ၊ လေးယောက်သား ဝုန်းလိုက်ကြတာများ အိမ်မှာ ဝက်ဝက်ကွဲလို့၊ ဒါနဲ့ ဒီမှာရော သားအဆင်ပြေရဲ့လား"

သဲမောင်က သက်ပြင်းမောကြီးကို ဟူးခနဲမြည်အောင် မှုတ်ထုတ်လိုက်မိတယ်။ သူ့မှာ တောရွာလေးကိုရောက်တာတောင် ဘယ်မှမသွားရ၊ သူ့ကို ရွာထဲက ကောင်မလေးတွေမြင်ရင် ဖယားတွေရှုပ်ကုန်မှာ စိုးလို့ အိမ်ထဲမှာပဲ အိမ်တွင်းပုန်းကုလားမလုပ်နေ ရတဲ့အဖြစ်။ ပင်ကျရေလေး သောက်ချင်တာတော့ လေကောင်းလေသန့်လေးရှူပြီး တော့လေ့ရွာလေ့ အတိုင်း ထန်းရေတောထဲ သွားမသောက်ရဲဘဲ ကိုဗလကျော်နဲ့ချစ်ကို,ကို သွားဝယ်နိုင်းပြီး အိမ်ထဲမှာပဲ ခွက်ပုန်းခုတ်နေရတာလေ။

"ရောက်ကတည်းက အိမ်ထဲက အိမ်ပြင်သိပ်မထွက်ဘဲ နေနေတာ မေမေရ၊ ကျွန်တော်က မနက်ဖြန်ပဲ ပြန်လာတော့မလို့၊ အခု မေမေတို့ပါလိုက်လာတယ်ဆိုတော့ နေရဦးမှာပေါ့"

"အမယ်လေး . . . မပြန်နဲ့ မပြန်နဲ့သား၊ သားသား အခုပြန် အိမ်ကို ပြန်လို့ကတော့ အခြောက်မနှစ်ယောက်နဲ့ ခရိုနီမနှစ်ယောက်

www.burmeseclassic.com

ဝိုင်းဆွဲတာနဲ့တင် တစ်စစီပြုတ်ထွက်ကုန်မှာ၊ အမေကတော့ မပြန်ဘူး၊ ဒီမှာ အေးအေးဆေးဆေး နားအေးပါးအေး နေဦးမှာ"

သဲမောင်တို့ မိသားစုက စိတ်ပျက်လက်ပျက်တွေ ဖြစ်နေကြပေမယ့် ဦးသာအေးနဲ့ ဒေါ်စာဥတို့တော့ ပျော်လို့။ ညီအစ်ကိုချင်း မတွေ့ရတာက ကြာပြီမလား။ ကိုယ့်မိသားစုအရေးနဲ့ ကိုယ်ရှုပ်နေခဲ့ကြတာဆိုတော့ အခုလို တွေ့ရဖို့ ခဲယဉ်းတယ်လေ။

"အင်း ... အစ်ကိုကြီးတို့လင်မယားလည်း ရွာကို အလည်ခေါ် တုန်းက မလာကြဘူး၊ အခုလိုကိစ္စတွေ ပေါ်လာမှပဲ ပြေးလာကြတော့တယ်၊ အခုလိုကျတော့လည်း ဆော်ကြည်ပိုင်ကိုတောင် ကျေးဖူးတင်ရမလိုဖြစ်နေပြီ ... အဟက် ... ဟဲက် ..."

"ဟုတ်ပါ့ ... ရောက်တုန်း အေးအေးဆေးဆေးမှ ပြန်ရမယ်နော်၊ စာဥကို စားချင်တာသာပြော၊ အကုန်ချက်ပေးမယ်"

ဦးသာခွေက အခုမှ ကိုဗလကျော်ကို သတိရသွားဟန်နဲ့ အိမ်ထဲကို ဝေ့ဝဲရှာလိုက်ရင်း ...

"စားတာ,နေတာက ဟုတ်ပါပြီ၊ ဒါနဲ့ ဗလကျော်ရော ... ဘယ်လိုနေတုန်း၊ အဲဒီကောင် ဆော်ကြည်ပိုင်ကို နိုးသွားတာလေ၊ ဘယ်လိုဖြစ်သွားလဲ ပြောပါဦး"

လို့ဆိုတော့ ဦးသာအေးက မချိသွားဖြဲ ပြုံးလိုက်မိတယ်။ ပြီးမှ ရှေ့မှန်တင်မောင် ငိုချင်းချတော့မယ့် ဒီဖိုင်းမျိုးနဲ့ ...

"ဘယ်လိုဖြစ်သွားလဲဆိုတော့ ... အဲ ..."

ဦးသာအေးရဲ့စကားမဆုံးခင်မှာပဲ အိမ်ထဲကို ကိုဗလကျော်က





ချက်ကို,ကို လက်ချိတ်ကာ ဝင်လာတာကိုတွေ့လိုက်ရတာကြောင့် မေးငေါ့ပြီး ဆိုလိုက်မိတယ်။

"ဟော ... ဟိုမှာ လာပါပြီဗျာ၊ ကိုယ်တိုင်သာကြည့်ကြပေတော့"

"ဟိုက် ..."

"အို ..."

ဦးသာခွေတို့ လင်မယားနှစ်ယောက် လန့်ဖျပ်သွားကြတယ်။ ကိုဗလကျော်ကတော့ လက်တခါခါနဲ့ ခြေတခါခါနဲ့ ခုန်ပေါက်ကာ အနားနား ရောက်လာပြီးနောက် ...

"ဟယ် ... ဦး ... ဦးတို့ရောက်နေတယ်၊ ဘယ်လိုဖြစ်ရတာတုန်း။ မိသားစုလိုက်ကို ဒီကိုရောက်လာတော့တာပါလား။ ပျော်စာကြီး (ပျော်စရာကြီး) ... ပျော်စာကြီး ..."

"ဟောကောင် ... ဗလကျော် ... မင်းပုံစံက ဘယ်လိုဖြစ်ရတာတုန်းကွာ"

"အိုင်းစ် ... လာပြန်ပြီ နောက်တစ်ယောက်၊ အဲလိုကြီး မခေါ်ကြစမ်းပါနဲ့ဆို၊ တစ်ခါတည်း ပြောလိုက်မယ် ... မှတ်ထား။ နာမည်ပြောင်းထားတယ်၊ ဗဗ ... တဲ့ ..."

"ဘုရား ... ဘုရား ... ဓါးပြရုပ်နဲ့ ခြောက်နေတယ်ဆိုတာ အခုမှပဲ မြင်ဖူးတော့တယ်ကွာ ... အဟက် ... ဟက် ဟားဟား ..."

ဦးသာခွေက တူဖြစ်သူ ကိုဗလကျော်ရဲ့ပုံစံကိုကြည့်ကာ အသံကုန်သည်းလိုက်ကြီးကို ရယ်လိုက်မိတော့တယ်။ ကိုဗလကျော်ကတော့ ထွန့်ထွန့်



www.burmeseclassic.com

www.burmeseclassic.com

လှူသွားကာ နှုတ်ခမ်းတစ်လှန်၊ ပန်းတစ်လှန်နဲ့ ပြန်ပက်တယ်။

"ကျန်း ... ကျန်း ... သူများကို ဝှန်းတယ် ကျန်း၊ ဒီလောက် ချောတဲ့ ရုပ်ကလေးကိုများ ပြောရက်လိုက်တာ၊ ပြောရက်လိုက်တာ ဆိုတာများ။ သူများသာ ပြောတယ်၊ ဦးလေးလည်း ကိုယ့်ရုပ်ကိုယ် မှန်ထဲပြန်ကြည့်စမ်းပါဦး။ ဒသသဂီရိကို မျက်မှန်တပ်ထားတဲ့ ရုပ်ကများ ... ဟင်း ..."

□□□

# တောင်ပြုံးရွာ (၁၀)

ထမင်းစားနေကြတုန်းမှာပဲ ခြံထဲကိုဝင်လာတဲ့ ကားသံတွေကြောင့် အားလုံးခေါင်းတွေ ထောင်ကုန်ကြတယ်။ ဦးသာအေးက ပါးစပ်ထဲ ခွံ့မယ် ပြင်နေတဲ့ ထမင်းလုတ်ကို အသာပြန်ချထားလိုက်ပြီးတော့မှ ...

"ဟာ ... အိမ်ထဲ ကားဝင်လာတာလား။ ဘယ်ကကားလဲ မသိဘူး။ သွားကြည့်စမ်း မစာဥ"

ဒေါ်စာဥက ထသွားမယ်ပြင်တယ်။ ဒါပေမဲ့ ... ကိုဗလကျော်ကပဲ ဦးအောင်ထလိုက်ကာ ...

"နေနေ ... ဗဗပဲ သွားကြည့်လိုက်မယ် ..."

ကိုဗလကျော်က အိမ်ရှေ့ကို ထွက်လာခဲ့လိုက်တယ်။ အိမ်ရှေ့မှာ ရောက်နေကြတာက မေမီခင်မောင်ဝင်းနဲ့ ဂျူးဂျူးမြင့်သိန်းတို့ရဲ့ ကားတွေ



www.burmeseclassic.com

www.burmeseclassic.com


နှစ်ယောက်စလုံးက အထိန်းတော်တွေ၊ ဘော်ဒီဂတ်တွေ ကိုယ်စီနဲ့ ကားပေါ်က ဆင်းလာကြကာ ခြံထဲကို ဝေ့ဝဲကြည့်လိုက်ကြရင်း အိမ်ထဲကထွက်လာတဲ့ ကိုဗလကျော်ကို တွေ့တယ်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲမသိဘူး"

"ဒါက ဦးသာအေးနဲ့ ဒေါ်စာဥတို့အိမ်၊ ဟုတ်တယ်မလား"

မေမီခင်မောင်ဝင်းက ကိုဗလကျော်ကို ခပ်ချေချေစုတိုင်လ်နဲ့ ကြည့်ပေးလိုက်ကာ မေးလိုက်တယ်။ ကိုဗလကျော်ကလည်း ဒီလောက်တော့ ချေတတ်တာပေါ့။ အကုန်လုံးကို ခပ်တင်းတင်းပဲ ပြန်ကြည့်ပေးလိုက်ကာ ...

"ဟုတ်တယ်၊ ဘာကိစ္စရှိလို့လဲ မသိဘူး"

"ဟုတ်ရင် ... သဲမောင်ကို ထုတ်ပေး"

ဒီတစ်ခါပြောလိုက်တာက ဂျူးဂျူးမြင့်သိန်း။ အသံက မာပြီး ပြတ်တော့ အိမ်ထဲကလူတွေပါ ကြားကာ အပြင်ကို ကသောကမျော ထွက်လာကြတယ်။

"ဟယ် ... သဲ ..."

"ဟယ် ... သဲ ..."

မေမီခင်မောင်ဝင်းနဲ့ ဂျူးဂျူးမြင့်သိန်းတို့က အိမ်ထဲက ထွက်လာတဲ့ သဲမောင့်ကိုအတွေ့မှာတော့ နှစ်ယောက်သားက ဝမ်းသာအားရနဲ့ သဲမောင့်ဆီကို ပြေးလာကြတယ်။

"ဟာ ..."

သဲမောင်က ကြောက်အားလန့်အားနဲ့ နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်မိတယ်။

"ဟောတော် ... ဘယ်လိုတွေ သိပြီး ဒီအထိရောက်လာကြတာလည်း မသိဘူး၊ ကိုသာခွေးရေ ... လုပ်ပါဦး"

"ဟုတ်ပါ့ကွာ၊ ဘယ်လိုသိလာကြတယ် မသိဘူး၊ စိတ်ညစ်တာပဲ"

ဦးသာခွေးနဲ့ဒေါ်မေသဲတို့က တစ်ယောက်နဲ့တစ်ယောက် လက်တွေကုပ်ကာ ရှေ့ရွှတ်လိုက်မိကြတယ်။ မေမီခင်မောင်ဝင်းနဲ့ဂျူးဂျူးမြင့်သိန်းတို့ကတော့ သဲမောင်ကို မလွှတ်တမ်း တစ်ဖက်တစ်ချက်ကနေ ပူးညှပ်ကာ တွဲထားလိုက်ကြတယ်။ ဒီအချိန်မှာပဲ ခြံထဲကို ဆိုင်ကယ်နှစ်စီးမောင်းဝင်လာကာ ...

"ဟော့ ... ကောင်လေးကို လွှတ်လိုက်စမ်း"

"ဟုတ်တယ် ... အခုလွှတ် ..."

ဆိုတဲ့ အသံတွေနဲ့အတူ အခြောက်မနှစ်ယောက်သားက ဆိုင်ကယ်ပေါ်ကနေ လွှားခနဲ ခုန်ဆင်းကာ အော်ဟစ်ပြေးချလာတယ်။

"ဟား ... အခြောက်မတွေပါ ရောက်လာပြီ၊ လူစုံတက်စုံပါပဲလားကွာ ..."

ချစ်ကိုကလည်း မျက်လုံးပြူးမျက်ဆံပြူးနဲ့ ရှေ့ရွှတ်ကာ သဲမောင်အတွက် ရင်လေးသွားရတယ်။

"ဟဲ့ ... လွှတ်လို့ပြောနေတယ်လေ၊ နင်တို့ မကြားကြဘူးလား"

ဖြူဖြူက သဲမောင်ရှေ့မှာ ခါးထောက်ရပ်လိုက်ကာ သဲမောင်ကို တွဲထားတဲ့ မေမီခင်မောင်ဝင်းနဲ့ဂျူးဂျူးမြင့်သိန်းကို အော်တယ်။

"အောင်မာ ... နင်က ဘယ်သူ့ကို အမိန့်လာပေးနေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



လူကိုကြည့်လိုက်ဦး၊ နော် ... ငါ့နာမည် မေမိခင်ဇမာင်ဝင်း၊ စကား အပိုတွေ မပြောချင်ဘူး။ နာမည်ကြားရုံနဲ့တင် သဘောပေါက် လိုက်တော့ ..."

"အောင်မလေး ... လာသေးတယ်၊ ညည်းဘာသာ မေမိခင် မောင်ဝင်းမကလို့ မေမိအိုဘားမားပဲဖြစ်ဖြစ်၊ ဂရုမစိုက်ဘူး၊ နော် ... ရှင်းလား။ ဒီခေတ်ကြီးထဲမှာ ဒါမျိုးလာမလုပ်နဲ့၊ မရတော့ဘူး။ ခေတ်ပြောင်းသွားပြီ"

ဖြူဖြူ့စကားအဆုံး ဂျူးဂျူးမြင့်သိန်းက သဲမောင်ရဲ့လက်ကို နို ထက် ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်တွယ်ဖက်ထားလိုက်ရင်းက နှုတ်ခမ်းထောင့် စွန်းလေးတစ်ဖက်တည်း ကွေးတက်သွားအောင် ပြုံးလိုက်ကာ ပြောတယ်။

"ခေတ်ပြောင်းပေမယ့် စနစ်မပြောင်းသေးဘူးဟဲ့၊ နားလည်လား ... အခြောက်မတွေ၊ နင်တို့ရန်ကုန်မှာဝန်းတာ အားမရလို့ ဒီအထိ လိုက်လာကြတယ်ပေါ့၊ ဟုတ်လား။ ငါ့အဖေ ဦးမြင့်သိန်းဆီကို ဖုန်းဆက်လိုက်ရမလား။ ပြော ..."

"အဟက် ... ဟက် ... အမယ်လေးအေ ... ရယ်လိုက်ရတာ ဖတ်ဖတ်မော၊ ရင်ဘတ်နောက်ကကျော ... ညည်းဘာသာညည်း ဦးမြင့်သိန်းဆီမကလို့ ဦးမြင့်သိန်းရဲ့မိန်းမဆီကိုပဲ ဆက်ဆက်၊ မကြောက်သေးဘူး ... နော်၊ ဒီလောက်နဲ့ တက်မလာနဲ့၊ အင်တာ နက်ပေါ် တင်ပစ်လိုက်လို့ ခေတ်ကောင်းတုန်းက ဘတ်ထားတာ လေးတွေပါ အကုန်ပြန်သိမ်းခံလိုက်ရမယ်၊ ဘာမှတ်နေလဲ၊ လွှတ် စမ်း ငါ့သူငယ်ရဲ့လက်ကို ..."





ချောချောက ပြောလည်းပြော သဲမောင်ရဲ့လက်ကို ဆွဲထားတဲ့ ဂျူးဂျူးမြင့်သိန်းရဲ့လက်ကိုလည်း ဝင်ခွဲဖြုတ်တယ်။ ဂျူးဂျူးမြင့်သိန်းကလည်း လုံးဝလွှတ်မပေးဘဲ တောက်တဲ့ကပ်သလို ကပ်ထားတော့ အော်တယ်။

"အို ... ဘာကိစ္စလွှတ်ရမှာလဲ၊ မလွှတ်ပါဘူး။ သဲမောင်က ငါ ယူမယ့်သူဟဲ့ ..."

"အောင်မာ ... ပြောနေလိုက်တာများ။ အပိုင်ကြီးနော်၊ သဲမောင် က ငါ့ဖူးစာရှင်ဟဲ့၊ ညည်းလွှတ်လိုက်၊ ငါကတော့ လုံးဝမလွှတ် နိုင်ဘူး"

"အဟက် ... ပြောရဲတယ်နော်၊ ဒီလောက်ပြောရဲနေမှတော့ နင် ... နင့်အဖေနဲ့အတူ လွှတ်တော်ထဲလိုက်သွားပါလား"

"အောင်မာ ... ဘာကိစ္စ ငါက လိုက်သွားရမှာလဲ၊ ညည်းသာ လိုက်သွား"

မေမိခင်မောင်ဝင်းနဲ့ ဂျူးဂျူးမြင့်သိန်းတို့တစ် အခြောက်မနှစ် ယောက်ကို ရန်တွေ့နေရာကနေ ကိုယ်ကိုယ်ချင်းလဲ ပြန်ရှုတယ်။ အဲဒီလိုပဲ အခြောက်မနှစ်ယောက်ကလဲ မေမိခင်မောင်ဝင်းနဲ့ဂျူးဂျူးမြင့်သိန်းတို့ကို ဝန်းရသလို ကိုယ်ကိုယ်ချင်းလဲ ပြန်ခွပ်တယ်။

ဒီတော့ လေးယောက်သားက လေးမွှင့်ဆိုင် ဆော်နေကြတော့ တာ။

အဲဒီလိုတွေ စစ်ဖြစ်နေကြတုန်းမှာပဲ ရန်ပွဲအတွင်းကို နောက်ထပ် တစ်ယောက် ထပ်ဝင်လာတယ်။ သူကတော့ တခြားသူမဟုတ်ဘူး။ မြို့ထဲက အရှုံးမ ဥမ္မာဒန္တီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ... ဘယ်သူမလွှတ်တာလဲ ငါ့ယောက်ျားကို"

ဉမ္မာဒန္တီရောက်လာတာကိုလည်းတွေ့ရော ဦးသာအေးက ဒေါ်စာဥကို အသာလက်တို့လိုက်ရင်း " မိန်းမ ... ငါ မြို့က ရဲစခန်းကို ဖုန်းဆက်မှဖြစ်တော့မယ်ထင်တယ်၊ အရှုံးမပါ ရောက်လာပြန်ပြီ၊ တော်ကြာ ငါ့ခြံဝင်းထဲမှာ လူသတ်မှုတွေဖြစ်ကုန်ရင် ငါ့ ရာထူးလေးပါ ပြုတ်သွားလိမ့်မယ်" လို့ဆိုတော့ ဒေါ်စာဥက ဦးသာအေးကို တံတောင်နဲ့ တွတ်လိုက်ရင်းက "တော်ကလည်း ... အားအားရှိ ဒီရဲပဲ အားကိုးနေတယ်၊ အသာစောင့်ကြည့်စမ်းပါဦးတော်" လို့ ဆိုတယ်။

ဉမ္မာဒန္တီကတော့ အားလုံးကို ပတ်ချာလှည့်ကာ လက်ညှိုးထိုးလိုက်ရင်းမှ ...

"ညည်းတို့ ညည်းတို့တွေ အကုန်လုံး လက်ရှောင်နေလိုက်ကြစမ်း၊ ဟောဒီသဲမောင်က ငါ့လင်ဟဲ့ ... ငါ့လင်၊ သိရဲ့လား"

"လာပြန်ပြီ အရှုံးမကတစ်မျိုး၊ ဒီမှာတောင် ဝေစုမတည့်ရတဲ့အထဲ ..."

"အောင်မာ ... ဘာအရှုံးလဲ၊ ငါက အကောင်းဟဲ့၊ နင်တို့သာ အရှုံး၊ လင်တရှုံးတွေ၊ ဒီကိစ္စမှာ ဘာမှဝေစုခွဲနေစရာမလိုဘူး၊ သဲမောင်ရဲ့ပိုင်ရှင်က ငါဟဲ့၊ ငါနဲ့ သူနဲ့ ခဏ ခဏ အိပ်ဖူးတယ်၊ ရွာအပြင်က ကောက်ရိုးပုံကြီးပေါ်မှာ နှစ်ခါ၊ ချက်ညှိုတို့အိမ်အောက်မှာ သုံးခါ၊ တောစပ်က ပြောင်းဖူးခင်းထဲမှာ ခုနှစ်ခါ၊ တခြားနေရာတွေလည်း ကျန်သေးတယ်၊ ငါ မမှတ်မိတော့လို့၊ နင်တို့မယုံရင် ငါ့ပေါင် လှန်ကြည့်ပါလား၊ ငါ့ပေါင်မှာ သူ့လက်ဗွေရာတွေချည်းပဲ"





ဉမ္မာဒန္တီက ပြောလည်းပြော ထဘီကိုလည်း အပေါ်ကို ဆွဲမြှောက်ကာ လှန်လိုက်တာမို့ အားလုံး မျက်စိတွေ မှိတ်သူကမှိတ်၊ အကြည့်ကိုလွှဲသူကလွှဲနဲ့ ဖြစ်ကုန်ကြတယ်။

"ဟာ ... ဟာ ..."

"အို ..."

"အိုက်စ် ..."

"ဟိုက် ..."

"ဟဲ့ ... ဟဲ့ ... မလုပ်နဲ့လေ၊ ခြော် ... ခက်တာပဲ၊ ညည်းနှဲ့လဲ"

အမြင်မတော်တဲ့ ဒေါ်စာဥကပဲ ဉမ္မာဒန္တီရဲ့အနားကို အပြေးသွားကာ လှန်လုလှန်ခင် ထဘီကို အတင်းဆွဲချကာ တားလိုက်လို့သာ တော်တော့တယ်။ နို့မို့ဆို အကုန်လုံး ကွက်ကွက်ကွင်းကွင်း ဖြစ်ကုန်တော့မှာ။

ဆူညံပွက်လောရိုက်နေတာဆိုတော့ ရွာထဲက လူတွေ အများကြီးကလည်း ဥက္ကဋ္ဌဦးသာအေးရဲ့ခြံဝင်းထဲကို အလုံးအရင်းနဲ့ ရောက်လာကြတယ်။ မသိရင် ပွဲတော်ကြီးအလား၊ ကောင်မလေးတွေ တော်တော်များများကလည်း အိမ်တွင်းပုန်းနေတဲ့ သဲမောင်ကိုမြင်သွားကြကာ ကြွေကုန်ကြပြီး ခုန်ဆွခုန်ဆွတွေ ဖြစ်နေကြပြီ။

အဲဒီအထဲမှာမှ အာသွက်လျှာသွက်ရှိတဲ့တစ်ယောက်က လူအုပ်ကြီးကို တိုးဝှေ့ကာ ရှေ့ထွက်လာတယ်။ သူကတော့ အပျိုကြီး ဖွေးတုတ်။

"ဟေ့ ... အားလုံးဖယ်ကြစမ်း၊ အစစ်မတွေရော၊ ပက်ကြားအိတ်မတွေရော အကုန်လုံးဖယ်၊ ဘယ်သူမှ သဲမောင်ကို ကိုင်လို့မကြိုက်ဘူး



www.burmeseclassic.com

www.burmeseclassic.com



သဲမောင်က ငါ့အတွက်ဟဲ့၊ ငါ့အတွက်''

ဖွေးတုတ်က အရင်ကတော့ ကိုဗလကျော်ကို ကြိုက်တာပေမယ့် ကိုဗလကျော် လိုင်းပြောင်းသွားတာကို သိလိုက်ရတဲ့နေ့က သဲမောင်ကိုတွေ့ပြီး ကြွေသွားခဲ့တာလေ။

''ရမလား . . . ဒီလိုပြောလို့ ရမလား။ ဒီကမှ သဲမောင်ရဲ့ မှုပိုင်ရှင် အစစ်ပါနော်၊ ရှင်တို့လိုရုပ်ရည်တွေနဲ့ သဲမောင်နဲ့က တူသလား။ တန်သလား ဆိုတာလည်း စဉ်းစားကြည့်ကြစမ်းပါဦး။ သဲမောင်က ကျွန်မလို ရွာရဲ့အချော အလှ ကွမ်းတောင်ကိုင်နဲ့မှ လိုက်ဖက်မှုရှိတော့မှာပေါ့လို့ . . .''

နောက်ထပ် အသံထွက်လာတာက ခင်ခင်နု။ သူမကလည်း အစ တုန်းကတော့ ဥက္ကဋ္ဌအိမ်မှာ လူတွေစုနေလို့ ဘာလဲဆိုပြီး လာကြည့်တာပါ။ အခုတော့ သဲမောင်ကိုတွေ့ပြီး ဝင်မလုဘဲ မနေနိုင်ရှာတော့ဘူး။ အတိအလင်း စစ်ဝင်ကြေညာတယ်။

''ဟဲ့ . . . နှင်တို့တွေ မတော်ကြသေးဘူးလားဟဲ့၊ ငါ့မောင်ကိုများ ဘာမှတ်နေကြတာလဲ၊ အခုဖြစ်နေတဲ့ပုံက ဗေဒါက တစ်ခြို . . . ဘဲက တစ်ကောင်တည်း ဖြစ်နေပြီဟဲ့၊ ညည်းတို့ အကုန်လုံးနဲ့ ဆိုရင် ငါ့မောင်က သေသွားမှာပေါ့''

အမြင်ကတ်လာပြီဖြစ်တဲ့ ကိုဗလကျော်က ဆူညံပွက်လောရိုက်နေ တဲ့ လူတွေရဲ့အသံတွေကို ဖုံးသွားအောင် ကုန်းအော်လိုက်တယ်။ ဒီတော့မှ ချွန်စောကတ်နေတဲ့ ချောချောနဲ့ဖြူဖြူလည်း ဒီဗိုင်းတွေပြောင်းလဲနေတဲ့ ကိုဗလ ကျော်ကို တွေ့သွားတယ်။ နှစ်ယောက်သားက မျက်လုံးတွေ ပြူးကုန်ကြကာ . . .





''ဟယ် . . . အခုမှတွေ့တယ်၊ ကျန်း . . . ဘယ်လိုဖြစ်ရတာတုန်း ကိုကိုဗလရယ်/ . . .၊ တို့နဲ့ လိုင်းတူသွားပြီ၊ ကျန်း''

''နှမြောစရာကြီးဟယ် . . . ဘယ်လိုဖြစ်လို့ ပွင့်လာရတာတုန်း အခုလို ပွင့်လာအောင် ဘယ်သူရေလောင်းပေးလိုက်တာလဲ၊ မှန်မှန် ပြောစမ်း . . .''

''ကိုယ့်ဘာသာ ပွင့်ချင်လို့ကို ပွင့်တာပေါ့၊ ဘယ်သူမှ ရေလောင်း မပေးဘူး။ ရှင်းလား။ မိန်းမရှာဘဝ သိန်းတစ်ရာမကတန်လို့ ခံယူ ပစ်လိုက်တာ၊ နားလည်လား''

''ဟယ် . . . ကျန်း . . . ကျန်း . . . သူတောင် နေ့ချင်းညချင်း ဒါတွေ တတ်နေပြီ၊ တတ်လွယ်လိုက်တာ၊ ခိခိ . . . ကျေနပ်တယ်၊ ကျေ နပ်တယ်၊ ရိုက်လိုက်ပါဦး . . .''

ကိုဗလကျော်က ချောချောနဲ့ဖြူဖြူ ထောင်ပေးလာတဲ့ လက်ဖဝါး တွေကို ဖြောင်းခနဲမြည်အောင် မှုန့်နှံ့အိုက်တင်နဲ့ ရိုက်လိုက်တယ်။ အားလုံး က ကိုဗလကျော်ကိုကြည့်ကာ ပြုံးစိစိ။

အဲဒီလို အားလုံးရဲ့အာရုံတွေ ကိုဗလကျော့်ဆီရောက်နေတုန်းမှာပဲ သဲမောင်က မေမီခင်မောင်ဝင်းနဲ့ဂျူးဂျူးမြင့်သိန်းရဲ့ လက်ထဲကနေ ဆောင့်ရုန်း လိုက်ကာ မြို့အပြင်ကို ထွက်ပြေးတယ်။

''ဟယ် . . . ပြေးပြီ၊ ပြေးပြီ . . .''

''ဟဲ့ . . . ပြေးပြီ၊ လိုက်လိုက် . . .''

''အို . . . သဲ . . .''

''မောင် . . . မောင်လေး . . . နေဦးလေ . . .''



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... မပြေးနဲ့လေ ..."

သဲမောင်ရဲ့ နောက်မှာက အခြောက်မနှစ်ယောက်အပါအဝင် မိန်းမထုကြီးက ရှာလမ်းအတိုင်း အုံနဲ့ကျင်းနဲ့ ဖုန်တွေ တထောင်းထောင်းထအောင် ပြေးလိုက်လာကြတယ်။ သဲမောင်ကလည်း နောက်ကိုလှည့်မကြည့်စတမ်း တောထဲဘက်ကို ဦးတည်ကာ အားကုန်ထုတ်ပြေးတယ်။

ကြာတော့ မိန်းမထုကြီးနဲ့ သဲမောင်နဲ့ တဖြည်းဖြည်းဝေးလာကာ နောက်ဆုံးမှာတော့ ဘယ်သူမှလိုက်မလာနိုင်တော့ဘူး။ သဲမောင်လည်း ပြေးရလွန်းလို့ မျောပစ်နေပြီ။ တောကလည်း တော်တော်နက်နေပြီ။

နောက်တော့ သဲမောင်က စိတ်ချရတဲ့ ခြုံတစ်ခြုံရဲ့နောက်မှာ ပက်လက်လှန်ချလိုက်ကာ အမောဖြေရတယ်။ အဲဒီလို အမောဖြေရင်းကနေ ကြာတော့ အိပ်ပျော်သွားတော့တယ်။

❑

အိပ်နေတုန်းမှာပဲ အနားကို လူတစ်ယောက်ရောက်လာကာ သဲမောင်ရဲ့ခန္ဓာကိုယ်ကို တောင်ဝှေးနဲ့ လာထိုးတယ်။ မျက်လုံး ဖွင့်ကြည့်လိုက်တော့ သူ့ကို ဆော်ကြည်ပိုင်ပေးသွားတဲ့ အဘိုးကြီး။

"ဘယ်လိုလဲ လူလေး။ အခုတော့ ဆော်ကြည်လွန်းလို့ မောနေပြီ မဟုတ်လား"

အဘိုးကြီးကိုအတွေ့မှာတော့ သဲမောင့်ရင်ထဲမှာ လိုက်ခနဲပင်





ပျော်သွားရကာ အိပ်နေရာကနေ ဝုတ်တုတ်ထထိုင်လိုက်ပြီးနောက် အဘိုးကြီးကို လက်အုပ်ချီထားလိုက်ရင်း ...

"ဟာ ... အဘိုး ... ဝမ်းသာလိုက်တာ အဘိုးရယ်၊ ကျွန်တော် အရမ်းဝမ်းသာတာပဲ၊ ကျွန်တော့်ကို ကယ်ပါဦးဗျာ၊ ကျွန်တော် ဆော်မကြည်ချင်တော့ဘူး။ ဆော်ကြည်လွန်းလို့ စိတ်ညစ်နေရပြီ အဘိုးရဲ့ ..."

ဆိုတော့ အဘိုးကြီးက ပြုံးတယ်။ ပြီးမှ သူ့ကို ဂရုဏာသက်တဲ့ အကြည့်တစ်မျိုးနဲ့ ကြည့်လာပြီးနောက် ...

"လူလေးပဲ အစက ဒီလိုဖြစ်ချင်ခဲ့တာ မဟုတ်ဘူးလားကွယ့်"

သူက ရှုံသွပ်သွားသူတစ်ယောက်လို အသိမှတ်မဲ့ ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်လုပ်မိရင်းက ...

"အစကတော့ ဟုတ်ပါတယ် အဘိုးရယ်၊ အခုတော့ မဟုတ်တော့ပါဘူး။ ဆော်ကြည်လွန်းတော့လည်း စိတ်ညစ်ရတယ် အဘိုးရဲ့၊ အဲဒါ ... ကျွန်တော့်ကို အရင်လိုပဲ ဆော်မကြည်တဲ့ဘဝကို ပြန်ရောက်အောင် လုပ်ပေးပါ အဘိုးရယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို ဆော်ကြည်ပိုင်ရဲ့ဖြေဆေးလေးကို ပေးပါနော် အဘိုးနော်၊ ကျွန်တော် တောင်းပန်ပါတယ် အဘိုးရယ်၊ ကျွန်တော့်ကို ပေးပါနော် ..."

"အင်း ... ခက်တာပဲ လူလေးရယ်၊ ဆော်ကြည်ပိုင်မှာက ဖြေဆေး မရှိဘူးကွယ့်"

"ဗျာ ... ဒါ ... ဒါဆို ကျွန်တော်က တစ်သက်လုံး ဒီအတိုင်းပဲ

www.burmeseclassic.com



နေသွားရမှာလားဟင်၊ အဟား ... ဒီလိုကြီးတော့ ကျွန်တော် မနေပါရစေနဲ့ အဘိုးရယ်၊ ကျွန်တော့်ကို ဒီပိုင်ရဲ့ အာနိသင်တွေ ပြယ်သွားမယ့် နည်းလမ်းတစ်ခုတော့ပေးပါ အဘိုးရယ်၊ ကျွန်တော် တောင်းပန်ပါတယ်"

ပြောရင်း သဲမောင်က တအားဝမ်းနည်းစိတ်ညစ်လာကာ မျက်ရည်တွေတောင် ကျလာတယ်။

"အဲဒီလောက်လဲ မစိုးရိမ်ပါနဲ့ သားရယ်၊ ဆော်ကြည်ပိုင်မှာ ဖြေဆေးမရှိပေမယ့် အဲဒီပိုင်ရဲ့အာနိသင်ကိုတော့ ပြယ်အောင်လုပ်လို့ ရပါတယ်ကွယ့်"

အဘိုးကြီးရဲ့စကားကြောင့် သဲမောင်ရဲ့မျက်လုံးတွေက အရောင်တွေ လက်လာပြန်တယ်။

"ဟာ ... တကယ် ... တကယ်လား အဘိုး၊ ဝမ်းသာလိုက်တာ အဘိုးရယ်၊ ကျွန်တော် အရမ်းဝမ်းသာတာပဲ၊ အဲဒီနည်းလမ်း ကျွန်တော့်ကို ပေးပါနော် အဘိုး ... ကျွန်တော့်ကို ပြောပြပါနော် ..."

"လွယ်လွယ်လေးပါ သားရယ်၊ သားလုပ်ရမှာက သားကို ချစ်နေတဲ့ မိန်းကလေးတွေထဲက မိန်းကလေးတစ်ယောက်ကိုရွေးပြီး အမြန်ဆုံး လက်ထပ်လိုက်ပါ၊ အဲဒီလို လက်ထပ်ပြီးတဲ့အခါကျရင် သားမှာရှိနေတဲ့ ဆော်ကြည်ပိုင်ရဲ့အာနိသင်တွေ အလိုလိုပြယ်သွားပါလိမ့်မယ်၊ ဒါပေမဲ့ ..."

ဆော်ကြည်ပိုင်ရဲ့အာနိသင်ပြယ်ဖို့အတွက် နည်းလမ်းရလို့ ဝမ်းသာ





မယ်မှ မကြာသေး၊ နောက်ဆက်တွဲအနေနဲ့ ထွက်လာတဲ့ "ဒါပေမဲ့ ..." ဆိုတဲ့ စကားကြောင့် ရင်ထဲမှာ ထင့်ခနဲဖြစ်သွားရတယ်။

"ဒါ ... ဒါပေမဲ့ ... ဘာ ... ဘာလဲဟင် အဘိုး ..."

"အင်း ... ဒါပေမဲ့ ဘာဖြစ်လဲဆိုတော့ သားယူမယ့် မိန်းကလေးကို ရွေးချယ်တဲ့အခါ သားစိတ်ကြိုက်ရွေးချယ်လို့မရဘူး၊ ကံကြမ္မာကိုပဲ ရွေးချယ်ခိုင်းရမယ်သား၊ အဲဒါမှ ပိုင်ရဲ့အာနိသင်က ပြယ်သွားလိမ့်မယ် ..."

"ဗျာ!"

❑

အိပ်မက်က လန့်နိုးလာတော့ ပတ်ဝန်းကျင်ကစ်ခုလုံး မှောင်အတိကျနေပြီ၊ လက်က နာရီကိုကြည့်လိုက်တော့ ညကိုးနာရီ။

"ဟာ ..."

ငါ တော်တော်ကြာ အိပ်ပျော်သွားခဲ့တာပဲ၊ မဖြစ်ဘူး ... မဖြစ်ဘူး ရွာထဲကို မြန်မြန်ပြန်မှ။

သူက ဘောင်းဘီအိတ်ထဲက ဖုန်းကိုထုတ်ကာ ဖုန်းမှာပါတဲ့ Flash light နဲ့ပဲ ရွာအရောက် ပြန်လာခဲ့လိုက်တယ်။

ရွာရောက်လို့ ဦးလေးဖြစ်သူရဲ့ ခြံထဲကို ဝင်လိုက်တဲ့အခါမှာတော့ ခြံထဲမှာ သူပြန်အလာကို စောင့်နေကြတဲ့ အမျိုးသမီးတွေကြောင်က နည်းတော့မြို



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ အခုထိ ဖွဲကောင်းကောင်းနဲ့ စောင့်နေကြတာ အံ့သြစရာ။

အမျိုးသမီးထုကြီးက သူ့ကိုအမြင်မှာတော့ ဂုန်းဆို အုံနဲ့ကျင်းနဲ့ သူ့ဆီကို ဆူညံပွက်လောရိုက်လာပြေးလာကြတယ်။ ဒီတော့ သူက လက်နှစ်ဖက်ကို ရှေ့ဆန့်ထုတ်ကာ တားထားလိုက်ရင်းမှ အော်လိုက်ရတယ်။

"ဟိုးထား ... ဟိုးထား ..."

ဆိုတော့ အကုန်လုံး မီးကိုရေနဲ့ ငြိမ်းလိုက်သလို ရှဲခနဲဖြစ်သွားကြတယ်။ သူက အားလုံးကို ဝေ့ဝဲကြည့်လိုက်ပြီးမှ ပြောချင်တာကို တစ်ခွန်းချင်း ပြောလိုက်တယ်။

"ဘယ်သူမှ ဘာမှမပြောကြပါနဲ့၊ ကျွန်တော်ပြောတာကိုပဲ နားထောင်ပေးကြပါ၊ မနက်ဖြန်ညနေကျရင် ရွာအပြင် ထန်းတောစပ်က ကွင်းပြင်ကြီးထဲကို လာခဲ့ကြပါ၊ အဲဒီမှာ ခင်ဗျားတို့ထဲက ကျွန်တော့်ရဲ့ဖူးစာရှင်ကို ကျွန်တော်ရွေးပါမယ် ..."

❑❑❑

(ဇာတ်သိမ်း)

ရွာအပြင်က ကွင်းပြင်ကြီးထဲမှာ မေမီခင်မောင်ဝင်း၊ ဂျူးဂျူးမြင့်သိန်း၊ ချောချော၊ ဖြူဖြူ၊ ဖွေးတုတ်၊ ခင်ခင်နုတို့အပါအဝင် ရွာထဲက အမျိုးသမီးထုကြီးက ဆူညံပွက်လောရိုက်ကာ စုရုံးရောက်ရှိနေကြတယ်။

သူတို့တွေရဲ့ရှေ့မှာတော့ စတိတ်စင်အသေးစားလေးတစ်ခုကို ဆောက်ထားကာ အဲဒီစတိတ်စင်ပေါ်မှာတော့ သဲမောင်က အဖြူဆွတ်ဆွတ်နှင်းဆီဖြူတွေချည်းပါတဲ့ ပန်းစည်းတစ်စည်းကိုကိုင်ကာ ရပ်နေတယ်။

အားလုံးရဲ့ မျှော်လင့်ချက်အပြည့်နဲ့ အကြည့်တွေက သဲမောင်ဆီမှာ။ သဲမောင်က အားလုံးကို ဝေ့ဝဲကြည့်လိုက်ကာ တစ်ခွန်းချင်းပြော[illegible]

"ကျွန်တော်က ကျွန်တော့်ရဲ့ဖူးစာရှင်ကို ကျွန်တော့်ရဲ့ [illegible] မရွေးချယ်ပါဘူး။ ကံကြမ္မာကိုပဲ ရွေးချယ်နိုင်းမှာပါ။ အဲဒီအ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရလဒ်မျိုးပဲ ထွက်ပေါ်လာလာ ကျေကျေနပ်နပ်နဲ့ လက်ခံ ပေးကြပါလို့ ကျွန်တော် တောင်းပန်ချင်ပါတယ်"

ကွင်းပြင်တစ်ခုလုံး သဲမောင်ရဲ့အသံကလွဲရင် အပ်ကျသံကိုတောင် ကြားရလောက်အောင် တိတ်ဆိတ်နေတယ်။

"ကျွန်တော်က ကျွန်တော့်ရဲ့ဖူးစာရှင်ကို ဟော်ဒီပန်းစည်းလေးနဲ့ ရွေးမှာပါ ..."

သဲမောင်က လက်ထဲက ပန်းစည်းကိုမြှောက်ပြလိုက်တော့ အားလုံး လှုပ်လှုပ်ရွရွတွေ ဖြစ်သွားကြတယ်။ သူ့ထက် ငါလည်း စင်နဲ့နီးရာကို တိုးကပ် လာကြတယ်။

"ကျွန်တော်က နောက်ကိုလှည့်ပြီးတော့ ဒီပန်းစည်းကို ခင်ဗျားတို့ ဘက်ကို နောက်ပြန်ပစ်လိုက်ပါမယ်၊ ခင်ဗျားတို့က မိအောင် ဖမ်း ပေးကြပါ၊ ဒီပန်းစည်းကိုရတဲ့သူဟာ ကျွန်တော်လက်ထပ်မယ့် ကျွန် တော့်ရဲ့ ဖူးစာရှင်ပါပဲ၊ ကဲ ... ကျွန်တော် ပစ်တော့မယ်နော်"

ပြောပြီးနောက် သဲမောင်က အမျိုးထုကြီးကို ကျောပေးကာ ရပ် လိုက်ပြီး မျက်စိကို စုံမှိတ်ထားကာ လက်ထဲက ပန်းစည်းကို နောက်ပြန် ပစ်ချလိုက်တော့တယ်။

ပန်းစည်းလည်း လက်ထဲက လွတ်ထွက်သွားရော အမျိုးသမီးထုကြီး ဆီက ဝေါခနဲ၊ ခဏနေတော့ အသံတွေ တိတ်သွားတယ်။

သဲမောင်က ချက်ချင်းလှည့်မကြည့်ရသေးဘဲ ခဏစောင့်နေလိုက် သေးတယ်။ ရင်တွေက အရမ်းကိုခုန်နေပြီ။ နောက်တော့မှ အသက်ကို ဝဝ ရှူသွင်းလိုက်ကာ နောက်ကိုတဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်တဲ့အခါမှာ





တော့။ မြင်လိုက်ရတာက ...။

"ယောက်ျားရေ ..."

"ဟင် ..."

အမျိုးသမီးထုကြီးရဲ့ရှေ့ဆုံးမှာ သူပစ်လိုက်တဲ့ ပန်းစည်းလေးကို ကိုင်ကာ ရှက်သွေးဖြာနေတဲ့ မျက်နှာလေးနဲ့ ရပ်နေတာက သူဘယ်လိုမှ မျှော်လင့်မထားတဲ့ ဥမ္မာဒန္တီ။

"ယောက်ျား ..."

သဲမောင်က နောက်ကိုခြေတစ်လှမ်းဆုတ်လိုက်မိကာ မျက်နှာကို ရှုံ့မဲ့ထားလိုက်မိရင်းက ...

"မဟုတ် ... မဟုတ်ဘူးလေ၊ မဟုတ်ဘူး"

"အို ... ဟုတ်ပါတယ်၊ ယောက်ျားရဲ့ဖူးစာရှင်က ဒီမှာလေ"

"မဟုတ်ပါဘူးဗျာ၊ မှား ... မှားနေတာပါ"

သဲမောင်ရဲ့အသံက ငိုသံပါကြီး။ ဥမ္မာဒန္တီကတော့ သဲမောင့်ကို ချစ်ရည်ရွှန်းလဲ့တဲ့ မျက်လုံးရွဲကြီးတွေနဲ့ ကြည့်ကာ ရှေ့တိုးလာရင်း ...

"အို ... မမှားပါဘူးဆို ... ယောက်ျားကလဲ"

"ဟုတ်လား ... မမှားဘူးလား"

"အင်း ... မမှားဘူး"

"တကယ်မမှားဘူးနော် ..."

"ဪ ... မမှားပါဘူးဆို"

"မမှားရင် ပြေးပြီဗျာ ..."

သဲမောင်က ပြောလည်းပြော စတိတ်စင်ပေါ်ကနေလည်း ခုန်ချ



www.burmeseclassic.com

www.burmeseclassic.com



ခုနဆင်းကာ ရွာထဲဘက်ကို ပြန်ပြေးတယ်။ ဒီတော့ ဉမ္မာဒန္တီကလည်း ပန်းစည်းကြီးကိုကိုင်ကာ နောက်ကနေ အော်ဟစ်ကာ လိုက်တယ်။

"ဟင် ... ယောက်ျား ... နေဦးလေ၊ ယောက်ျား ... နေဦးလို့၊ မိန်းမကိုစောင့်ဦးလေ ... ယောက်ျား ..."

"မခေါ်နဲ့ ... မလိုက်နဲ့နော် ... သွား ..."

"အို ... ခေါ်မှာပဲ၊ လိုက်မှာပဲ ... ယောက်ျားရေ ..."

"မထူးဘူး ... မထူးဘူး ..."

"အို ... မထူးလည်း ဒီကတော့ ခေါ်မှာပဲ၊ ယောက်ျားရေ၊ ယောက်ျား ..."

သဲမောင်က ရှေ့ကနေ အူးလျားဖားလျားပြေး။ ဉမ္မာဒန္တီကလည်း နောက်ကနေ အလွတ်မပေးဘဲ လိုက်တယ်။ ရွာလမ်းတစ်လျှောက်မှာတော့ ဖုန်တွေ တထောင်းထောင်း ထလို့။

❑ ❑ ❑

ဘဝအမောများ ပြေပျောက်နိုင်ကြပါစေ ...

ကြိုးစားလျက် ...

ရာဇဝင်ကို

05 : 07 (AM)

10-7-2015

Friday

## Bonus Poem

### "မိုးနှစ်တစ်စုံ၏အထွေထွေပွင့်"

ငါ့ဘဝမှာ နင်က...
ဘုရင်မတစ်ပါးဖြစ်နေခဲ့ပေမယ့်
ငါကတော့ နင့်အတွက်
ဖိနပ်လို့များ ယူဆထားလေသလား။

လိုတဲ့အခါ နင်စီး...
မလိုတဲ့အခါ မြေကြီးမှာချွတ်ထားခဲ့
မာနမရှိတဲ့ငါ
နင်ထားရာနေရမှာပေါ့။

ခုလမ်းမှာတော့ ငါဟာနင်းကြမ်း...
ကော်ဇောပေါ်ရောက်တော့ နင်ကန်ထုတ်
ရန်မလုပ်ဝံ့တဲ့ငါ။

ညည်းညူတာမဟုတ်ပါဘူး...
နင့်ဆီမှာ အပြီးလှူထားတဲ့ငါ့ဘဝ
တစ်စစ ပါးသွားတဲ့အထိ
နင့်ခန္ဓာမယိမ်းအောင် ထိန်းထားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

ငါ့အလုပ်တွေ စုတ်ပြတ်လန်…

နင့်ခြေထောက်နဲ့ မတန်တော့တဲ့တစ်နေ့

နင်နောက်တစ်ရဲ့ ခေါ်တာခင့်တော့…

ငါတော်ရာ လွှင့်ပေးရမှာပေါ့။ ။

ရာဇဝင်ကို

စာရေးဆရာ ရာဇဝင်ကို၏

ရေးသားထုတ်ဝေပြီး လုံးချင်းဝတ္ထုများ

၁။ ဒေဝင်ဥယျာဉ်ထဲက ပြဇာတ် (ဗီဒီယို)

၂။ ဗန်ဂိုးရဲ့နေကြာခင်းထဲမှာ
ပျောက်ဆုံးသွားတဲ့ ခန္ဓာကိုယ်တစ်ခြမ်း (ပ–ဗီဒီယို)
(ဒု–ဗီဒီယို)

၃။ ရည်းစားတစ်ခုလပ်များ (ရုပ်ရှင်)

၄။ ငါ့အသည်းပေါ်မှာ ခြေစုံရပ်ပြီး
ရည်းစားလာဂါထာရွတ်နေတဲ့ကောင်မလေး (ဗီဒီယို)

၅။ အရှေ့တောင်အာရှရဲ့ အချစ်တတ်ဆုံးယောကျ်ား (ဗီဒီယို)

၆။ အနမ်းတွေပူဆာမလို့ (ဗီဒီယို)

၇။ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သောကြောင့်
အချစ်များထွက်နူန်းတိုး၏ (ဗီဒီယို)

၈။ အချစ်ရှိရာအရပ်သို့ မျက်နှာမူ၍စပ်သောကဗျာ (ဗီဒီယို)

၉။ ဂန်းနမ်းစတိုင်လ် (ဗီဒီယို)

၁၀။ နင်ရယ် … ငါရယ် … လူကြမ်းတွေရယ် (ဗီဒီယို)

၁၁။ ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစု မိန်းမပျိုများ (ဗီဒီယို)

၁၂။ လော်လီပေါ့ (ဗီဒီယို)

၁၃။ နှင်းဆီကွန်ရက် (ဗီဒီယို)

၁၄။ အပျိုကြီးအထာ (ဗီဒီယို)

www.burmeseclassic.com

www.burmeseclassic.com

၁၅။ ကျွန်တော့်မှာ သည်းသည်းလှုပ်ချစ်ရတဲ့
ကောင်မလေးတစ်ယောက်ရှိတယ် (ဗီဒီယို)
၁၆။ စင်ဒရဲလားရှာပုံတော် (ဗီဒီယို)
၁၇။ လက်ခုပ်ထဲက မိုးရေစက်များ (ဗီဒီယို)
၁၈။ ထိုမိန်းကလေးပြုစားတတ်သည် (ဗီဒီယို)
၁၉။ အမုန်းဘုံသွား အချစ်ရထား (ဗီဒီယို)

ယခုလ ...

၂၀။ ဆော်ကြည့်ဝိုင်

ဆက်လက်၍ ...

၂၁။ ဆေးကျောင်းသား

www.burmeseclassic.com